
www.burmeseclassic.com

ဘောင်းဝေဦး

# အမှတ်တရ တိုက်ပွဲများ

## အမှတ်(၂)

# မိုင်းယန်းတိုက်ပွဲ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| တာဝန်ခံခွင့်ပြုချက်အမှတ် | - | ၃၁၀၀၇၄၁၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၀၀၆၀၁၀၉ |
| ထုတ်ဝေသည့်ကြိမ် | - | ၂၀၀၉ ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၄၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| မျက်နှာဖုံးကာလာခွဲ | - | မြကျွန်းသာ |
| အတွင်းဖလင် | - | A.Z |
| တွန်ပျူတာစာစီ | - | မြရတနာအဖွဲ့သားများ |
| တအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

## ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

## မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဇေ(ငြိမ်း)၊ (၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# သောင်းဝေဦး

## အမှတ်တရတိုက်ပွဲများ
## အမှတ် (၂)

# မိုင်းယန်းတိုက်ပွဲ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## မိုင်းယန်းတိုက်ပွဲ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း (၁) | |
| | ဗထအောကြီးမိမိုင်းယန်းတိုက်ပွဲ | |
| ၁။ | အမှတ်တရနေ့တစ်နေ့ | ၇ |
| ၂။ | ပြန်ဆုံကြပြန်ပြီ | ၁၃ |
| ၃။ | ဘာကြောင့်မိုင်းယန်းတိုက်ပွဲဖြစ်ရသလဲ | ၁၅ |
| ၄။ | ဗကပတို့၏စုဖွဲ့ပြင်ဆင်မှု | ၂၂ |
| ၅။ | မိုင်းယန်းရှိမိမိတို့တပ်မတော်အခြေအနေ | ၂၄ |
| ၆။ | ရန်သူမှဝင်ရောက်တိုက်ခိုက်ခြင်း | ၃၀ |
| ၇။ | ရန်သူတို့ရဲကုန်းကိုဝိုင်းပတ်တိုက်ခိုက်ခြင်း | ၃၁ |
| ၈။ | ဗိုလ်ကြီးအေးကိုကျဆုံးခြင်း | ၃၇ |
| ၉။ | ရဲကုန်းအားပြန်လည်သိမ်းပိုက်ခြင်း | ၄၁ |
| ၁၀။ | တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ | ၄၅ |
| ၁၁။ | တိုက်ပွဲသုံးသပ်ချက်များ | ၄၈ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၂)** | |
| | **မိုင်းယန်းတိုက်ပွဲ (၁၉၈၈)** | |


| | | |
|---|---|---|
| ၁၂။ | နိဒါန်း | ၅၇ |
| ၁၃။ | ဘာကြောင့်ဗကပတွေမိုင်းယန်းကိုဝင်တိုက်ရသလဲ | ၆၃ |
| ၁၄။ | မိုင်းယန်း၏ပထဝီအနေအထား | ၆၉ |
| ၁၅။ | ရန်သူတို့၏စုဖွဲ့ပြင်ဆင်မှုများ | ၇၂ |
| ၁၆။ | မိမိတို့၏တပ်အခင်းအကျင်း | ၇၅ |
| ၁၇။ | မိုင်းယန်းကို စတင်တိုက်ခိုက်ခြင်း | ၇၇ |
| ၁၈။ | တိုက်ပွဲဆင်နွှဲပုံအဆင့်ဆင့် | ၇၈ |
| ၁၉။ | နည်းဗျူဟာ (၈၈၁) ၏ ဆောင်ရွက်မှု | ၈၂ |
| ၂၀။ | တိုက်ပွဲနိဂုံးချုပ် | ၉၆ |
| ၂၁။ | တိုက်ပွဲသုံးသပ်ချက် | ၉၉ |
| ၂၂။ | မိုင်းယန်းနိဂုံး | ၁၀၄ |
| ၂၃။ | ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခြင်း | ၁၀၉ |


**အခန်း (၃)**

**အရှေ့မြောက်ဒေသမှဗကပများအကြောင်း**


| | | |
|---|---|---|
| ၂၄။ | နိဒါန်း | ၁၁၉ |
| ၂၅။ | ဗမာပြည်ကွန်မြူနစ်ပါတီပေါ်ပေါက်လာခြင်းနှင့် ကွန်မြူနစ်များလက်နက်ကိုင်တောခိုခြင်း | ၁၂၀ |
| ၂၆။ | အဝေးရောက်ဗဟိုကော်မတီ | ၁၂၄ |
| ၂၇။ | အဝေးရောက်ဗဟိုကော်မတီ၏ကြိုးပမ်းမှုနှင့်ဗဟိုခွဲ | ၁၃၀ |


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၂၈။ | ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်ဖွင့်လှစ်ခြင်း | ၁၃၃ |
| ၂၉။ | တစ်ဖက်နိုင်ငံ၏ပါဝင်ပတ်သက်မှု | ၁၃၇ |
| ၃၀။ | ဗကပအရှေ့မြောက်စစ်ဒေသနှင့် (၈၁၅) စစ်ဒေသဖွဲ့စည်းခြင်း | ၁၄၀ |
| ၃၁။ | ဗကပတပ်မဟာ (၇၆၈) ဖွဲ့စည်းခြင်း | ၁၄၂ |
| ၃၂။ | အရှေ့မြောက်ဗကပတို့၏ မဟာဗျူဟာနှင့် နည်းဗျူဟာများ | ၁၄၄ |
| ၃၃။ | အရှေ့မြောက်စစ်ဒေသဗကပများ၏ပြောင်းလဲဖြစ်ပေါ်မှု | ၁၅၄ |
| ၃၄။ | ဗကပတို့၏ (၇၅၁၀) စီမံကိန်း | ၁၆၀ |
| ၃၅။ | တပ်မတော်နှင့်ဗကပတို့၏ အဆုံးအရှုံးနှိုင်းယှဉ်ချက်များ | ၁၇၂ |
| ၃၆။ | ဗကပတို့၏ဖွဲ့စည်းပုံအဆင့်ဆင့် | ၁၇၆ |
| ၃၇။ | ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီအသစ် | ၁၈၂ |
| ၃၈။ | ဗကပဗဟိုပြိုကွဲခြင်းနှင့် ကိုးကန့် ဝအုပ်စုများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း | ၁၈၈ |
| ၃၉။ | ဗကပဗဟိုပြိုကွဲသောနေ့ | ၁၉၀ |
| ၄၀။ | ဗကပ(၈၁၅) စစ်ဒေသနှင့် တပ်မဟာ (၇၆၈) တို့ ဗကပမှ ခွဲထွက်ခြင်း | ၂၀၉ |
| ၄၁။ | ဒီမိုကရေစီသစ် တပ်မတော် (ကချင်) ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း | ၂၁၂ |
| ၄၂။ | အရှေ့မြောက်ဗကပတို့၏ နိဂုံး | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## ပထမအကြိမ် မိုင်းယန်းတိုက်ပွဲ (၁၉၈၀)

အခွတ်တာရှစ်နေ့တစ်နေ့

အချိန်က (၁၉၈၁)ခုနှစ် ဆောင်းဦးပေါက်။
နေရာက ရှမ်းပြည်နယ် မြို့တော်ကျိုင်းတုံ
ရာသီဥတုက မိုးမည် ဆောင်းမပီသေးသော
ကာလ။

ကျွန်တော်သည် တစ်ဆင့်မြင့်ရာထူး တပ်ခွဲမှူး
ယ်မှူးတာဝန်ဖြင့် ရှေ့တန်းအမှတ်(၁) ဗမာ့သေနတ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း အခြေပြုထားသည့် သစ်တစ်ပင်တောင်ကုန်း၌ တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေးနှင့် အတူရှိနေသည်။ တပ်ရောက်ခါစ ဖြစ်၍ တပ်ရင်းမှူးကြီးက ဘယ်မှမလွှတ်ဘဲ သစ်တစ်ပင် တောင်ကုန်းမှာပင် သူနှင့်အတူ နေစေ၏။

"တပ်ပြန်ဆင်းတော့မှာဗျာ။ ဘယ်မှ သွားမနေပါနဲ့တော့ ကျွန်တော်နဲ့ပဲ အတူပဲနေပါ"

ဟုဆိုကာ သစ်တစ်ပင်တောင်ကုန်းမှာပင် ထား၏။ မိုင်းယောင်းက ပြန်လာခါစဖြစ်၍ တပ်တွင် အရာရှိများ ထိခိုက်ဒဏ်ရာရပြီး အင်အားလျော့နည်းနေသည်။ ခွဲ(၁)မှူး ဗိုလ်မှူးခင်ကျော်ညွန့်ကလည်း နယ်ဘက်ပြောင်းသွားပြီ။ ထို့ကြောင့် ခွဲ(၁)ကို ကျွန်တော့်လွှဲပေးထား၏။ ခွဲ(၁)မှူး တာဝန်ယူထားရသည်။ လုပ်ငန်းကတော့ ကြီးကြီးကျယ်ကျယ် မရှိပါ။ ကျိုင်းတုံမြို့ လုံခြုံရေးသာဖြစ်၏။ တပ်ရင်းမှူးကြီးနှင့် အတူနေပြီး ရင်းနှီးခါစဖြစ်လေသည်။

"ဗိုလ်ကြီးသက်ဦးရေ ... ဒီနေ့ ရဲဘော်ရဲဘက်တစ်ယောက် လာမယ်ဗျာ။ နေ့လယ်စာ လာစားမလို့တဲ့။ ခဏစောင့်ကြဦးစို့"

ကျွန်တော်သည် တပ်ရင်းမှူးကြီးနှင့် ထမင်းအတူစားနေကျ။ ယနေ့ နေ့လယ်စာ စားခါနီး၌ တပ်ရင်းမှူးကြီး





က အထက်ပါအတိုင်း ပြောသည်။ နေ့လယ်စာ မစားသေးဘဲ စောင့်နေရင်း ခဏအကြာ ရှေ့တန်းတပ်မမှ ညွှန်ကြားနစ်ဆန်းကားငယ်တစ်စီး ထိုးဆိုက်လာ၏။

"လာဗျာ ... ပုဂ္ဂိုလ်ကြီး။ ခင်ဗျားကို စောင့်နေတာ"

ကားပေါ်မှဆင်းလာသူကား တခြားသူမဟုတ်ပါခင်ဗျာ။ ဗိုလ်သင်တန်းတုန်းက ကျွန်တော့်အား စစ်ပညာသင်ပေးလိုက်သည့် ကျွန်တော့်ဆရာရင်း ဗိုလ်မှူးကြီး အောင်ဖုန်းပါခင်ဗျား။

ဗိုလ်မှူးကြီးအောင်ဖုန်းက ကားပေါ်မှ ဆင်းလာပြီး ကျွန်တော့်မြင်သည်နှင့် ...

"ဟ ... ဟော့ကောင် မောင်သက်ဦးလေး ဘယ်တုံးက ဘယ်လို ဒီရောက်လာရတာလဲ"

ကျွန်တော်သည် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆)၌ လူသိများကျော်ကြားသူဖြစ်၏။ အကောင်းကျော်ကြားသည်တော့ မဟုတ်ပါ။ ဂယောင်ပေးခြင်း၊ ဂျစ်ကန်ကန်လုပ်တတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး မပြေပြစ်ခြင်း၊ ရန်လိုတတ်ခြင်း စသောအကြောင်းများကြောင့် ဗိုလ်လောင်းတပ်ခွဲတစ်ခွဲလုံးကသာမက နည်းပြများကပါ ကောင်းကောင်း

www.burmeseclassic.com



သိသူဖြစ်၏။ ဆို၊ က၊ ရေး၊ တီး မဖြစ်စလောက် ဝါသနာပါသူဖြစ်ရာ အနုပညာကိစ္စတွင်လည်း ဟိုနေရာ စပ်စပ် ဒီနေရာစပ်စပ်လုပ်တတ်ပြန်ရာ စာပေကိစ္စ၊ သီချင်း ကိစ္စ၊ ပြဇာတ် ကိစ္စကလေးများခိုင်းရင်း နည်းပြအရာရှိများ မှ မှတ်မိသိရှိနေ၏။ ထိုသို့ မှတ်မိသူများထဲ၌ ဗိုလ်မှူးကြီး အောင်ဖုန်းသည်လည်း အပါအဝင်ဖြစ်သည်။

''သူက ကျွန်တော့်ဆီ ဗိုလ်မှူးခင်ကျော်ညွန့်အစား ရောက်လာတဲ့ တပ်ခွဲမှူးဗိုလ်မှူးပါ''

ကျွန်တော့်တပ်ရင်းမှူးကြီးက ခပ်ပြုံးပြုံးဖြင့် ပြော သည်။

''ဒီကောင်က ဂရိတ်နော် ... ဦးကိုလေး ဗိုလ်သင်တန်းမှာကတည်းက နာမည်ကြီး''

ဗိုလ်မှူးကြီးအောင်ဖုန်းက အထက်ပါအတိုင်းပြော သောအခါ ကျွန်တော့်တပ်ရင်းမှူးကြီးက သူ့ဝသီအတိုင်း ပြုံး၍သာနေ၏။ သူတို့နှစ်ဦးသည် ၁၉၆၀ပြည့်လွန်နှစ်များ ၌ မော်ဘီတပ်နယ်တွင် တွေ့ဆုံခဲ့ကြကာ ဆယ်စုနှစ်တစ်ခု ခန့်အတူ တာဝန်ထမ်းဆောင်ခဲ့ကြ၏။ ဗိုလ်မှူးကြီးကိုလေး က လေထီးတပ်က၊ ဗိုလ်မှူးကြီးအောင်ဖုန်းက ဗိုလ် သင်တန်းကျောင်းက အသက်တွေကလည်း မတိမ်းမယိမ်း





အတူတူလိုဖြစ်၍ ညီရင်းအစ်ကိုတမျှရင်းနှီးခဲ့ကြသည်ဆို၏။

ထိုနေ့က ထမင်းအတူစားကြတော့ ...

''ဦးကိုလေးရေ ... ကျုပ်တော့ မနေ့ဖြူ တပ် ကနေ ညောင်ပင်သာတပ်ကို ပြောင်းလာရတာဗျ။ အခု ခင်ဗျား ဒီမှာရောက်နေတယ်ကြားလို့ လာတာဗျို့''

ဟုဆိုကာ သူ့တပ်အကြောင်းများကို ပြန်ပြောင်း ပြောလျက်ရှိ၏။ အားလုံးထဲ၌ သူအမှတ်တရပြောခဲ့သည် ကား ၁၉၈၀ခုနှစ် မိုင်းယန်းတိုက်ပွဲအကြောင်းဖြစ်၏။

''အဲဒီတုန်းကဗျာ ... ကျုပ်တော့ သွားပြီ အောက်မေ့နေတာဗျို့။ ကဲ ... လုပ်မနေပါနဲ့ကွာ။ သေတစ်နေ့ မွေးတစ်နေ့ပဲဆိုပြီး သန္နိဋ္ဌာန်စိတ်နဲ့ ချတာ''

''တပ်က ရဲဘော်တွေလည်း မယုံနိုင်အောင် အသေခံလုပ်သွားကြတာ''

''ဒီတပ်ကို သိပ်သံယောဇဉ်ကြီးနေတုန်း ဖြူနဲ့ဆို ပြောင်းလာရတာဗျို့။ စိတ်မကောင်းပါဘူးဗျာ''

သူက Feeling တက်တက်ဖြင့် ပြောနေသောအခါ ကျွန်တော့်တပ်ရင်းမှူးကြီးက သူ့ထုံးစံအတိုင်း အေးအေး ဆေးဆေး ခပ်ပြုံးပြုံးဖြင့် ...

''ခဏပဲဖြစ်မှာပါ ... ခင်ဗျားကို Promotion



www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်လို့ ထင်ပါတယ်''

ဟု ဆိုလေသည်။

ဗိုလ်မှူးကြီးအောင်ဖုန်းကမူ ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ဖြည်းလေးစွာယမ်းလိုက်၏။

ထိုအချိန်က ညောင်ပင်သာတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကြည်ဝင်းမိုင်းယန်း အနီး ယမ်းကောင်တွင် တိုက်ပွဲကျသွားသဖြင့် ညောင်ပင်သာတပ်သို့ ဗိုလ်မှူးကြီးအောင်ဖုန်းကို ပြောင်းရွှေ့ပေးလိုက်သည်ဟု သတင်းစကား ကျွန်တော်ကြားမိ၏။ ဟုတ် မဟုတ်တော့ မသိပါ။

ထိုနေ့ နေ့လယ်၌ ဗိုလ်မှူးကြီးအောင်ဖုန်းက ကျွန်တော့်တပ်ရင်းမှူးနှင့် ကျွန်တော့်အား နှုတ်ဆက်ကာ သူ့တပ်ရှိရာ ကမ်းနားလုံသို့ ပြန်လည်ထွက်ခွာသွားတော့၏။ မကြာပါ သတင်းစကားကြားရ၏။ ဗိုလ်မှူးကြီးအောင်ဖုန်း ဂျီဝမ်းနဲ့မြစ်ကြီးနား ပြောင်းရသတဲ့။ ညောင်ပင်သာမှာ သုံးလေးငါးလသာ နေသွားရသည်ထင်၏။

❑ ❑ ❑





## ပြန်ဆုံကြပြန်ပြီ

(၁၉၈၂)တွင် ကျိုင်းတုံသို့ ပြန်တက်ရ၏။ ဒီတစ်ခါတော့ ကျိုင်းတုံ အရန်။ နှစ်စမှသည် မိုးတွင်းအထိ လေးငါးခြောက်လ နေလိုက်ရ၏။ ကျွန်တော်ကတော့ ကျိုင်းတုံမှာ မနေရပါ။ လွယ်မွေရေဒါစခန်း ရှေ့ကာအဖြစ် တပ်ခွဲတစ်ခွဲနှင့် လွယ်မွေ့အရှေ့ခြမ်း၌ လှုပ်ရှားရ၏။ မိုးတွင်းမှ မကွေးပြန်ဆင်းပြီး တစ်လနား၍ မိုင်းယောင်း ပြန်တက်ရပြန်သည်။

''ဗိုလ်ကြီးသက်ဦးရေ ... မိုင်းယောင်းရောက်ရင် ခင်ဗျားဆရာသမားနဲ့ ပြန်တွေ့ဦးမယ်ဗျို့''

''ဘယ်သူလဲ ခင်ဗျာ''

''ဗိုလ်မှူးကြီးအောင်ဖုန်းလေ ... အခု မိုင်းယောင်း ဗျူဟာမှူး''

''ဩော် ... ဟုတ်ကဲ့ခင်ဗျာ''

ဆရာသမားနှင့် ပြန်တွေ့ရမည်ဖြစ်၍ ဝမ်းသာသွား၏။ မျှော်လင့်ထားသည့်အတိုင်းပင် ကျွန်တော်တို့ တပ်ရင်း မိုင်းယောင်းဝင်သည့်နေ့မှာပင် ...

''ဦးကိုလေးနဲ့ မောင်သက်ဦး လာဗျို့''

ဟု ဝမ်းသာအားရခေါ်ကာ သူ့ဗျူဟာ၌ ညစာ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးသည်။ ပြီးတော့ တိုက်ဖို့ခိုက်ဖို့ ပြောသည်။ မိုင်းယောင်းအရှေ့ဘက်က ဝမ်စူးဝမ်မိုင်၌ ဗကပတပ်ရင်းတစ်ရင်း ရောက်နေကြောင်း သတင်းရ၍ စစ်ကြောင်းတစ်ကြောင်းဖြင့် သွားရှင်းရန် ကျွန်တော့်ကို တာဝန်ပေး၏။ သွားရှင်းပါသည်။ တိုက်ပွဲ အနည်းငယ်သာဖြစ်ပြီး ပြန်ခဲ့ရ၏။ ရာသီဥတုက အလွန်ဆိုးပြီး ရက်သတ္တတစ်ပတ်ခန့် အကြာလမ်းခရီးအပြန်၌ ကျွန်တော် အကြီးအကျယ်ငှက်ဖျား မိတော့၏။ ဗျူဟာက ဆေးရုံတင်ပေးသည်။ ဗိုလ်မှူးကြီး အောင်ဖုန်းက မကြာခဏ ဆေးရုံလာတွေ့သည်။ အားပေးစကားပြော၏။ ဆေးရုံက ဆင်းတော့ ဗျူဟာရုံးခေါ်ပြီး ကျွေးရင်းမွေးရင်း စားရင်း သောက်ရင်း ဆရာတပည့် ရှေးဟောင်းနှောင်းဖြစ်များ ပြောကြ၏။ အဓိကကတော့ ဗိုလ်သင်တန်းတုန်းက အကြောင်းများနှင့် မိုင်းယန်းတိုက်ပွဲအကြောင်းများသာ ဖြစ်ပါ၏။

"အဲဒီတုန်းက ကံကောင်းလို့ ဟော့ကောင်ရေ။ တစ်ခါတည်း ပွဲပြီးသွားနိုင်တယ်။ ငါတို့လည်း စွန့်ရတာပေါ့ကွာ"

မိုင်းယန်းတိုက်ပွဲနှင့် ပတ်သက်၍ ကာယကံရှင် ဗိုလ်မှူးကြီးအောင်ဖုန်း ပြောသည်များကို ခေါင်းထဲ၌





မှတ်သားလိုက်ပါ၏။

ယခုမိုင်းယန်းတိုက်ပွဲအကြောင်း ရေးဖြစ်တော့ ဗိုလ်မှူးကြီးအောင်ဖုန်းပြောသည်များကို တရေးရေးပြန်လည်မြင်ယောင်ရင်း မိုင်းယန်းတိုက်ပွဲကို ပုံဖော်လိုက်ပါသည်ခင်ဗျား။

❑ ❑ ❑

ဘာကြောင့် မိုင်းယန်းတိုက်ပွဲဖြစ်ရသလဲ

(၁၉၇၉) ခုနှစ်နှောင်းပိုင်းကာလများ . . .

တစ်ဖက်နိုင်ငံမှ ညီအစ်ကိုပါတီ၏အားကိုးဖြင့် ဗကပတို့သည် စစ်မာန်ယစ်နေကြ၏။ (၁၉၇၉) စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော ဗကပဗဟိုကော်မတီအစည်းအဝေးက လက်ရှိတပ်မဟာများအစား တပ်မများပြောင်းလဲဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ တပ်မကြီးများ ဖွဲ့စည်းပြီး တော်လှန်ရေးကို ရှေ့တစ်ဆင့်တွန်းတင်၍ စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်ကို မမိုတ်မသုန် အကောင်အထည်ဖော်ဖို့ စီမံခဲ့ကြသည်။ လောလောဆယ် တပ်မကြီးနှစ်ခု ဖွဲ့စည်းမည်။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ဗမာပြည်



www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီမှ လက်နက်ကိုင်ပုန်ကန်သည့် (၁၉၄၈) ခုနှစ်ကို အထိမ်းအမှတ်ပြုကာ တပ်မ (၄၈) ဟုလည်းကောင်း၊ နယ်စပ်ဒေသ၌ အခြေခံဒေသများ စတင်ဖွင့်လှစ်ပြီး တိုက်ပွဲများ စတင်ဖော်ထုတ်ခဲ့သည့် (၁၉၆၈)ခုနှစ်ကို အထိမ်းအမှတ်ပြုကာ တပ်မ(၆၈) ဟုလည်းကောင်း၊ ထိုတပ်မနှစ်ခုကို အသီးသီးအမည်ပေးရန် ဆုံးဖြတ်ခဲ့ကြ၏။

"ဒီတပ်မကြီးနှစ်ခုကို ဗဟိုစစ်ကော်မရှင်က တိုက်ရိုက်ကွပ်ကဲမယ်။ ဒီတပ်မကြီးတွေဟာ ဗဟိုရဲ့လက်သီးတွေပဲ။ ဗဟိုက ထိုးနိုင်းတဲ့နေရာတွေကို သွားထိုးရမယ်"

ဥက္ကဋ္ဌဘသိန်းတင်က ဆိုခဲ့သည်။ ထိုအစည်းအဝေးမှာပင် ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌရာထူးရလာသည့် ရဲဘော်အောင်ခေါ် အသားမည်းမျိုးမြင့်က ...

"ဒီတပ်မကြီးတွေဟာ နယ်စပ်တစ်လျှောက်မှာ လှုပ်ရှားပြီး အခွင့်သာတဲ့နေရာတွေကို တိုက်ပွဲကြီးတွေ တိုက်မယ်။ ရန်သူကို ချေမှုန်းမယ်။ ဒီနေရာမှာ လိုအပ်ရင် ဒီနေရာကိုသွားမယ်။ ဟိုနေရာမှာ လိုအပ်ရင် ဟိုနေရာကို သွားမယ်။ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ လွန်းထိုးပြီး လှုပ်ရှားနေမယ်။ လိုအပ်ရင် ကျွန်တော်ပါ လိုက်ကွပ်ကဲမယ်။ အောင်ပွဲကြီးတွေအရယူမယ်"





ဟု ခပ်ကြွားကြွားလေးဆိုသည်။ မှန်ဆီကြော်က ဘယ်မှာနေမှန်းပင် မသိ။ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလုပ်ပြ၏။ သူ၏ ခပ်ကြွားကြွားအမူအရာကို အစည်းအဝေးတက်ရောက်ခဲ့သော ဗကပလူကြီးပိုင်းက အထူးသဘောကျခဲ့၏။

"ရဲဘော်အောင်ပြောတာ ဟုတ်တယ်"

ဟုဆိုခဲ့ကြ၏။ တပ်မများဖွဲ့စည်းရေးအတွက်...

(က) အရှေ့မြောက်စစ်ဒေသအောက်ရှိ တပ်မနှစ်ခုကို အခြေခံပြီး တပ်မ (၆၈)ကို ဖွဲ့စည်းရန်။

(ခ) မိုင်းမမိုင်းလားရှိ တပ်မဟာ(၈)ကို အခြေခံပြီး တပ်မဟာ (၆၈၅) နှင့်ပူးပေါင်းကာ တပ်မ (၄၈) ကိုဖွဲ့စည်းရန်၊ လိုအပ်က တပ်မဟာ (ရ၆၈) မှ အင်အားစုများကိုပါ ထုတ်နှုတ်ရန်ဟု ဆုံးဖြတ်ခဲ့သည်။

ဗကပဗဟိုက တပ်မကြီးများကို ဖွဲ့စည်းရန် စီစဉ်နေသော်လည်း၊ သူတို့အစ်ကိုတော်ပါတီက ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်းရေးကျယ်၏ဆိုသလို အရောင်အသွေးပြောင်းလဲခဲ့ပြီဖြစ်သည်။ သူတို့အားကိုးအားထားရာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကြားပါရဂူကြီး မော်စီတုံး မကြာမီက ကွယ်လွန်သွားခဲ့ရာ ခေါင်းဆောင်သစ်များ တက်လာ၏။ သူတို့သည် ဗကပတို့၏ ရေရှည်စစ်တကယ်တမ်း ပေရှည်နေသည်ကို သိလာကြသည်။ ဘာပဲဆက်ကူညီကူညီ ဤလိုပုံနှင့် နိုင်ငံတော် အာဏာသိမ်းပိုက်ရေးကား အလွန်အလှမ်းဝေးလှကြောင်းကိုလည်း ရိပ်စားမိလာကြ၏။ ထို့ပြင် ယခုတက်လာသည့် ခေါင်းဆောင်များက စိတ်ကူးမယဉ်သော Pragmatism လက်တွေ့ဝါဒသမားများ ဖြစ်ကြသည်။ ကွယ်လွန်သူ ပျောက်ကြားပါရဂူကြီးနှင့်ကား သဘောထားချင်း ကွာခြားလှ၏။

နိုင်ငံ ချမ်းသာကြွယ်ဝရေး အဓိက၊ ကြောင်ဖြူဖြစ်ဖြစ်၊ ကြောင်မဲဖြစ်ဖြစ် ကြွက်ခုတ်နိုင်ရေး အဓိကဝါဒသမားများဖြစ်ကြသည်။ ထို့ကြောင့် ဗကပတို့အား နှစ်စဉ်ပေးနေကျ အကူအညီများကို စတင်လျှော့ချခဲ့တော့၏။ အိမ်နီးချင်းနိုင်ငံများနှင့် သင့်တင့်စွာဆက်ဆံရေးကို စဉ်းစားဆောင်ရွက်လာသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးများ ပိုလုပ်လာသည်။

ထိုအချိန်မှာပင် မြန်မာ့တပ်မတော်က မင်းရန်အောင် စစ်ဆင်ရေးကြီးကို စတင်ဆင်နွှဲတော့သည်။ မင်း





ရန်အောင် စစ်ဆင်ရေးကြီး၌ ဗကပတို့ကြီးစိုးနေသော နမ့်မခနှင့် သံလွင်ကြားက မော်ဖဒေသကို တိုက်သည်။ မိုင်းပျင်း၊ မိုင်းခတ်နှင့် မိုင်းယန်းမြောက်ခြမ်းဒေသများကို တိုက်သည်။ အဓိကမှာ ဗကပတို့အခိုင်အမာ အခြေချထားသော မော်ဖ ဒေသကို သိမ်းပိုက်ရေးဖြစ်သည်။ အချို့သော သံလွင် အရှေ့ခြမ်းဒေသများကိုလည်း ယောင်ပြအဖြစ် စစ်မျက်နှာ ဖွင့်ခဲ့သည်။ မော်ဖဒေသကိုတိုက်ပြီး ဗကပဗဟို ပန်ယန်း၊ ပန်ဆန်းကို ထိန်းချုပ်ထားရန် ရည်ရွယ်သည်။

(၁၉၇၉) နိုဝင်ဘာ၌ မင်းရန်အောင်စစ်ဆင်ရေးကြီး စလိုက်သောအခါ ဗကပတို့ လုံးဝအငိုက်မိသွား၏။ အသစ်ဖွဲ့စည်းမည့် တပ်မများအတွက် တပ်မမှူးနှင့် နိုင်ငံရေးမှူးတို့ စီးရန်မြင်းပင် မဝယ်ရသေး။ ရဲဘော်တွေက အခုမှ သေနတ်အိတ်ချုပ်နေဆဲ၊ သေနတ်တွေ ရွေးနေဆဲ၊ တိုက်ချုတ်နေရဆဲ၊ ဂျီးဆေးနေရဆဲ၊ တပ်ဖွဲ့စည်းရေး အစည်းအဝေးများ လုပ်နေဆဲ၊ လူလက်နက် စုဆောင်းနေဆဲတွင် အတိုက်ခံရရာ ဗဟိုကော်မတီခေါင်းဆောင်ကြီးများ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြ၏။

"ဟ ... ချပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ အော်နိုင်ကြတော့၏။

မြန်မာ့တပ်မတော်က မော်ဖကို ပြင်းထန်သော တိုက်စစ်ဖြင့် သိမ်းလိုက်နိုင်သောအခါ ဗဟိုကော်မတီက လန့်ဖျန့်ပြီး ပန်ဆန်းကို ကာကွယ်ရန် တပ်ကူတွေခေါ်ရတော့၏။ မိုင်းမမိုင်းလားရှိ တပ်မဟာ(၈)ကို တစ်ဖက်နိုင်ငံမှ တစ်ဆင့် ပန်ဆန်းသို့ ကားများသုံးကာ ချီတက်လာစေ၏။

''ဗဟိုကို ကာကွယ်ကြ''

ဟုလည်း အသံကုန်ဟစ်ခဲ့၏။

တပ်မတော်က မော်ဖကိုသိမ်းပြီး ရည်မှန်းချက်အောင်မြင်၍ စစ်ဆင်ရေးရပ်လိုက်မှ ဗကပခေါင်းဆောင်ကြီးများ ဟင်းခနဲ သက်ပြင်းချနိုင်ကြ၏။

''တောက် ... ဒီမင်းရန်အောင် စစ်ဆင်ရေးကို ရိုက်ချိုးပစ်ရမယ်''

ဟုလည်း ကြိမ်းဝါးကြတော့၏။

''ဗဟိုစစ်ကော်မရှင်က တပ်မတွေဖွဲ့ဖြစ်အောင်ဖွဲ့ပြီး မင်းရန်အောင်စစ်ဆင်ရေးကို ရိုက်ချိုးဖို့ တိုက်ကွက်ကြီးတွေ ဖော်ရမယ်''

ဥက္ကဋ္ဌဘသိန်းတင်က အထက်ပါအတိုင်း ညွှန်ကြားခဲ့၏။





ရှေ့တန်းညွှန်ကြားရေးအဖွဲ့ ဖွဲ့စည်းကာ တပ်မများကိုလည်း ဖွဲ့ဖြစ်အောင် ဖွဲ့ခဲ့ကြ၏။ ထို့ပြင် လက်စားချေ တိုက်ပွဲများ တိုက်ရန်ကိုလည်း လမ်းညွှန်ခဲ့၏။ တွန်းအားပေးခဲ့၏။ ထိုလမ်းညွှန်ချက်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေမှ သံလွင်အရှေ့ခြမ်းရှိ မန်ခူးမန်ခါ စခန်းကို တပ်မဟာ(၈) အင်အားတစ်ခုလုံးဖြင့် တိုက်ခိုက်ခဲ့ရာ တပ်မတော်က စခန်းကို စွန့်လွှတ်ခဲ့ရသည်။

အလားတူတိုက်ပွဲမျိုးများ မော်ဖဒေသနှင့် တစ်ဆက်တစ်စပ်ထဲ နေရာများ၌ အကောင်အထည်ဖော်ရန်လည်း ဗဟိုစစ်ကော်မရှင်ကို တွန်းအားပေးခဲ့၏။

ထိထိရောက်ရောက်လည်းရှိ၊ မိမိဌာနချုပ်များနှင့်လည်း မဝေးသောနေရာကို ရွေးပါဆိုတော့ ကွပ်ကဲမှုအောက်တပ်မှူးများက သူတို့နှင့်သိပ်မဝေးသော မိုင်းယန်းကိုပင် ရွေးခဲ့၏။

ဤသို့အားဖြင့် (၁၉၈၀)ခုနှစ် ဧပြီလတွင် စာရေးသူ သိခဲ့သော ပထမအကြိမ် မိုင်းယန်းတိုက်ပွဲပေါ်ပေါက်ခဲ့ပါသည်ခင်ဗျား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ဗကပတို့၏ စုဖွဲ့ပြင်ဆင်မှု

(၁၉၇၉) နိုဝင်ဘာတွင် စတင်ခဲ့သော မင်းရန်အောင် စစ်ဆင်ရေးကြီး၌ တပ်မတော်သည် တပ်မ(၇၇)ဖြင့် မော်ဖ ဒေသကို တိုက်ခဲ့၏။ တပ်မ(၈၈)ဖြင့် မိုင်းပျင်းမြောက်ခြမ်းရှိ ရောင်ခေါက်၊ ပန်မကောက် စခန်းကြီးများကို တိုက်ခဲ့၏။ ထိုစစ်ဆင်ရေးကြီးတွင် မိုင်းရျူး၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျင်းနှင့် ကျိုင်းတုံဒေသမှ ဒေသခံပြည်သူများက တစ်ခဲနက်ပါဝင်ကူညီခဲ့ကြ၏။ လူထုအင်အားတစ်သောင်းကျော်က စီစီဝမ်တာပန်တိုက်ပွဲကြီးမှာကဲ့သို့ပင် လိုလေးသေးမရှိ ကူညီခဲ့ကြရာ ထိုသို့ ပြည်သူလူထုပါဝင်ခဲ့သဖြင့်သာ ဗကပလက်အောက်ရှိ ဒေသများ လွတ်မြောက်ခဲ့ရခြင်း ဖြစ်၏။ ထိုဒေသများ လွတ်မြောက်သွားသဖြင့် တောင်ကြီး ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး လုံခြုံစိတ်ချသွားပြီး အများပြည်သူတို့ အေးချမ်းစွာ သွားလာနိုင်ကြ၊ ရောင်းဝယ် ဖောက်ကားနိုင်ကြတော့၏။

ဤသို့ပြည်သူ့အများ လွတ်လပ်စွာသွားလာနိုင်ကြသည်ကို ဗကပတို့ ဝမ်းမသာနိုင်ခဲ့ကြ။

''တောက် ... ဒီလမ်းစဉ်ပါတီရဲ့ ဒေါက်တိုင်ပါတီကောင်စီဆိုတာတွေ လုပ်ပေးလို့ စစ်တပ်က လူထု





အကူအညီရသွားတာ။ ဒီတစ်ခါ မြို့တွေဝင်တိုက်ရင် ဒီပါတီကောင်စီကောင်တွေနဲ့ ရဲတွေ၊ ပြည်သူ့စစ်ဆိုတဲ့ လမ်းစဉ်ပါတီဒေါက်တိုင်တွေကို အရင်ရှင်းပစ်ရမယ်''

ဗကပဗဟိုနှင့် ဗဟိုစစ်ကော်မရှင်က အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့၏။

ထိုမှတ်ချက်အရ ဗကပတို့သည် မိုင်းယန်းကိုဝင်ရောက်တိုက်ခိုက်ပြီး မိုင်းယန်းမှ ပါတီကောင်စီလူကြီးများ၊ နယ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းများကို ဖမ်းဆီးခေါ်ဆောင်ပြီး Brain Wash လုပ်ရန်နှင့် ရဲစခန်းကို စီးနင်းတိုက်ခိုက်ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ကြ၏။ တိုက်ပွဲမှာ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်မည့် တိုက်ပွဲဖြစ်ပြီး မိမိတပ်စခန်းများကို နိုင်မည်ထင်လျှင် တိုက်ခိုက်သိမ်းပိုက်၍ မနိုင်ဘူးဆင်က ထိန်းချုပ်ထားပြီး ပါတီကောင်စီနှင့် ရဲစခန်းတို့ကိုအပြတ်ချေမှုန်းပစ်ရန် ရည်ရွယ်ခဲ့လေသည်။

ဤသို့ဖြင့် မိုင်းပေါက်၌ အခြေပြုထားသည့် တပ်မဟာ(၆၈၅)ကို အမာခံထားပြီး တပ်မဟာ(၇၆၈)မှ အင်အားအချို့၊ တပ်မဟာ(၈)မှ အင်အားစုအချို့ကို ထုတ်နှုတ်သော အင်အားစုဖွဲ့ခဲ့လေသည်။

စုဖွဲ့မှုကို (၁၉၈၀) ခုနှစ် ဧပြီလဆန်းပိုင်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com



စတင်ခဲ့၏။ ထိုသတင်းမှာ ကျေးရွာများသို့ ရောက်ရှိခဲ့ရာ မိုင်းယန်းကို ရန်သူတိုက်လာနိုင်သည်ဟု မိမိတို့တပ်မတော်က ကြိုတင်တွက်ဆထားခဲ့၏။

❑ ❑ ❑

## မိုင်းယန်းရှိ မိမိတို့တပ်မတော်အခြေအနေ

မိုင်းယန်းသို့ (၁၉၈၀) ခုနှစ် ဧပြီလ (၈)ရက်၌ ခမရ (၁၀၈)ခေါ် ရှေ့တန်းအမှတ် (၁၀၈) ခြေမြန်တပ်ရင်း တပ်ရင်းမှူးဦးစီးတပ်ခွဲသုံးခွဲပါ စစ်ကြောင်းဌာနချုပ်က စတင်တာဝန်ယူခဲ့သည်။

ခမရ (၁၀၈)သည် မိုင်းယန်းမရောက်မီကတည်းက ရန်သူ့လှုပ်ရှားမှုသတင်းကို အထက်ဌာနချုပ်များမှ ရခဲ့သဖြင့် တပ်ရင်းမှူးက မိုင်းယန်းရောက်လျှင်ပင် ခံစစ်ပြင်ဆင်မှုကို ချက်ချင်းစီစဉ်သည်။

“ရန်သူ လှုပ်ရှားမှုတွေ များနေတယ်။ မိုင်းယန်းကိုတိုက်ချင်တိုက်မယ်။ ခံစစ်တွေကို အသေအချာပြင်ကြ”

ထိုသို့ ညွှန်ကြားကာ ခံစစ်ပြင်ဆင်မှုကို အဆက်မပြတ်ဆောင်ရွက်ခဲ့၏။ သို့ရာတွင် ဧပြီ(၉)ရက်နေ့ တစ်ရက်သာ လွတ်လွတ်ကျွတ်ကျွတ် ပြင်ဆင်ချိန်ရခဲ့၏။ ဧပြီ



၁၀ရက်နေ့မှစ၍ မျှော်လင့်ထားသည့်အတိုင်း ဟိုမှဒီမှ လက်နက်ကြီးများ တစ်လုံးစ၊ နှစ်လုံးစ ရန်သူက သွေးတိုးစမ်း ပစ်ခတ်လာ၏။ မိမိတပ်က သင်္ကြန်တွင်း၌လည်း တပ်ကိုအနားမပေးဘဲ ပြင်ဆင်နိုင်သည့်များကို ဆက်လက်ပြင်ဆင်နေခဲ့ကြ၏။ မိုင်းယန်း ပတ်ဝန်းကျင်၌လည်း ရန်သူ့သတင်းများ ကြိုကြား ကြိုကြား အဆက်မပြတ် ရနေ၏။ ရန်သူက အုန်းခနဲ၊ ခွမ်းခနဲဖြင့် မကြာခဏ ချောက်ချားအောင် လာလုပ်နေသည်။ ထို့ကြောင့် မြို့ပတ်ဝန်းကျင်၌ တိုက်ကင်း၊ ကင်းပုန်းများ အဆက်မပြတ်ချထား လှုပ်ရှားစေ၏။ နေ့စဉ် ည(၆)နာရီမှ မနက်(၇)နာရီအထိ တပ်အသင့်နေရာယူခြင်း၊ တစ်ဝက်အိပ် တစ်ဝက်နိုး စနစ်ကျင့်သုံးခြင်းများ ပြုလုပ်ကာ အချက်အချာတောင်ကုန်းအားလုံး၌ တပ်များကို အသေအချာချထားခဲ့၏။

တပ်ရင်းမှူးသည် စစ်ကျောင်းနည်းပြက လာသူဖြစ်သဖြင့် ခံစစ်တွင်ပြုလုပ်ရမည့် ခံစစ်စီမံချက်များဖြစ်သော ...

တပ်ချထားရေးစီမံချက်

အတားအဆီးချထားရေးစီမံချက်

ပစ်ခတ်မှုစီမံချက်

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးစီမံချက်

တန်ပြန်တိုက်ခိုက်ရေးစီမံချက်

အုပ်ချုပ်မှုစီမံချက်

ဆက်သွယ်ရေးစီမံချက်

တို့ကို ရနိုင်သရွေ့ စီမံ ဆောင်ရွက်ထား၏။

ရဲကင်းစခန်းကုန်းတွင် လူအင်အား(၁၅)ဦးပါသော တပ်စု(၂)၏ လူ(၃၀)ဖြည့်ပေးထားသည်။ ရဲစခန်းက ရဲသားအင်အား (၂၀)ခန့်သာရှိသည်။

စစ်ကြောင်းရုံးအခြေပြုမှ တပ်ခွဲမှူးဗိုလ်ဝင်းဒွေးနှင့် ခွဲရုံးတစ်စုကို အနီးအနားရှိ နတ်စင်ကုန်းကိုပါ စိုးမိုးလှုပ်ရှားခိုင်းထားသည်။

လောထန်ကုန်း၌ ဗိုလ်ကျော်ဝင်းနှင့် တပ်စုတစ်စုအား နေရာချထားသည်။ ပတ်ဝန်းကျင် လှုပ်ရှားစိုးမိုးခိုင်းထားသည်။

ဘုရားကုန်း၌ တပ်စိပ်နှစ်စိပ်လွှတ်ပြီး ပါလျှံ ဘုန်းကြီးကျောင်းသို့ပါ တစ်စိပ်ဖြန့်ခွဲ ကင်းပုန်းဝပ်ထားစေသည်။

တပ်များကို စပ်ကြားမြေများစိုးမိုးထားပြီး မိမိအတွင်းစည်းထဲ ရန်သူအဒိုက်ဖမ်းပြီး ဝင်မလာနိုင်ရန် ကာကင်း၊ ကာတပ်ထုတ်ထားခြင်း ဖြစ်၏။ ဒါမှ ပင်မတပ်





ကို ရန်သူလာထိ၍ ရနိုင်မည် မဟုတ်ချေ။ ခံစစ်ဥပဒေသအတိုင်း ဆောင်ရွက်ထားခြင်းဖြစ်၏။

တပ်ရင်းမှူးဦးစီး စစ်ကြောင်းဌာနချုပ်နှင့် တပ်စုနှစ်စုအင်အား (၇၄)ယောက်သည် R.C.M ကုန်း၌ အခြေပြုထားပြီး လက်နက်ကြီးများကို အသင့်ပြင်ထားခဲ့သည်။ ပါလာသည့် အကူပစ်လက်နက်ကြီးများကား

၈၁ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီး ၁လက်

၈၁ မီလီမီတာ စိန်ပြောင်းကြီး ၂လက်

၂၀ မီလီမီတာ စက်သေနတ်ကြီး ၁လက်တို့ ဖြစ်၏။

ပစ်မှတ်များ မှတ်ပုံတင်ထားသည်။ ကျည်ဆံများ ဖုံးထားသည်။ အရေးပေါ် အကြောင်းပေါ်ဆိုက ပစ်ခတ်နိုင်အောင် ကျည်မဲ့အခြောက်ပစ် လေ့ကျင့်ထားသည်။ ပစ်မည့်အဖွဲ့ Crew အသင့်ပြင်ခိုင်းထားသည်။

အလားတူပင် ဘုရားကုန်း၌ ...

၈၁ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီး ၁လက်

၃ လက်မ စိန်ပြောင်းကြီး ၂လက်

လောထန်ကုန်း၌ ၃ လက်မ စိန်ပြောင်းကြီး ၁လက်တို့ကို အသီးသီးဖြန့်ခွဲနေရာချထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုင်းတုံမှာကတည်းက ရန်သူ့သတင်းရထားပြီ ပေါ့လို့တော့မရဘူး။ ဖြစ်တာနဲ့ ကြားတဲ့နေရာ ပစ်သာပစ် တော့ ငါတို့မှာ အရန်ကျည်လည်း အလုံအလောက်ရှိ တယ်"

ရောက်သည့်နေ့မှာပင် လူလက်နက်နေရာချထား ပြီးနောက် တပ်ရင်းမှူးက အထက်ပါအတိုင်း မှာကြား ထားခဲ့သည်။

ဧပြီ(၁၀)ရက်နေ့မှစ၍ ရန်သူက သွေးတိုးစမ်းပြီး စိန်ပြောင်းပစ်ခတ်မှုများကို ဟိုမှဒီမှ မိုင်းယန်းသို့ ကြိုကြား ကြိုကြားပစ်လာ၏။

ထို့ကြောင့် သကြိန်တွင်း၌ မြို့သူမြို့သားများ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်းများ ကောင်းစွာ မပြုနိုင်ခဲ့။ စိုးရိမ်ထိတ်လန့်နေကြ၏။ ရိုးရာရေပက်ကစား ခြင်းများလည်း ယခင်နှစ်များကလို စည်စည်ကားကား မလုပ်နိုင်ကြ။

မိမိတပ်မှ မြို့တွင်းရှိ ဌာနဆိုင်ရာများကိုလည်း ရန်သူ့သတင်းအား အသိပေးပြောကြား၍ သတိဝီရိယနှင့် နေရန်မှာကြားထား၏။ ဗုံးခိုကျင်းများတူး၍ အသံကြားပါက ဘေးလွတ်အောင် ပုန်းအောင်းနေကြရန်လည်း မှာကြား





ထား၏။ ဒါသာမက မီးလောင်ပါက မီးသတ်ရန်ကိုလည်း ကြိုတင်ပြင်ဆင်ထားစေ၏။ ရန်သူ့သတင်းများကလည်း အဆက်မပြတ်ရနေသည်။

"မိုင်းယန်းကို ဗကပတွေ လာတိုက်မလို့တဲ့"

သကြိန်တွင်း၌ ဆီလူးဘက်မှ အထောက်တော် သတင်းရောက်လာသည်။

ရရှိသော ရန်သူ့သတင်းကို အထက်သို့တင်ပြပြီး လိုအပ်ပါက ပစ်ကူစစ်ကူ အချိန်မီပေးနိုင်ရန် တင်ပြ တောင်းခံထား၏။

အထက်ဌာနက ခံစစ်ခိုင်မာအောင် ပြင်ဆင်၍ အနည်းဆုံး (၂၄)နာရီ ရန်သူကို ကြံ့ကြံ့ခံနိုင်အောင် စီစဉ် ထားရန်။ မိုင်းခတ်၌ စစ်ကြောင်းတစ်ကြောင်းအရန် တည်ဆောက်ထားရှိပြီး စစ်ကူစေလွှတ်ဖို့ ဆောင်ရွက်ထား ကြောင်း လိုအပ်ပါက လေကြောင်းပစ်ကူပါပေးရန် စီစဉ် ထားကြောင်းတို့ကိုပါ ပြန်ကြားလာ၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူမှ ဝင်ရောက်တိုက်ခိုက်ခြင်း

သကြံနီ ပြီးဆုံးသွားပြီ။

ဧပြီလ (၁၉)ရက်နေ့ မနက်လေးနာရီ။ အရုဏ် မတက်သေး။ မိုင်းယန်းပတ်ဝန်းကျင် စုဖွဲ့နေသော ဗကပ များ မြို့တွင်းသို့ စိမ့်ဝင်လာကြ၏။ အလုံးအရင်းပင်။ သတ်မှတ်နေရာများသို့ သွားနေကြသည်။ ရဲကုန်းအနီး တွင် ကင်းပုန်းဝပ်နေသော တပ်စိတ်ရှိရာသို့ ရန်သူအင်အား (၁၅၀)ခန့် ချဉ်းကပ်သွားရာ ကိုက် (၁၀၀)ခန့်အရောက်တွင် မိမိဘက်မှစတင်မြင်ရပြီး ပစ်ခတ်ရာမှ မိုင်းယန်းတိုက်ပွဲ ကြီး ဖြစ်ပွားတော့၏။

"ဖောင်း ... ဒိုင်း ... ဖောင်း ... ဖောင်း ဒက် ... ဒက် ... ဒက် ... ဒက်"

"ဟာ ... ရဲကုန်းဘက်က စချပြီဟေ့။ အားလုံး သတိနဲ့ နေကြ။ အားလုံးနေရာယူ"

"ဝုန်း ... ဝုန်း ... ဝုန်း"

"အကြီးတွေလည်း ပစ်ပြီဟေ့"

ရဲကုန်းမှာသာမက နတ်စင်ကုန်းဘက်သို့လည်း ရန်သူ (၂၀၀)ခန့်ဝင်လာပြန်ရာ အသင့်စောင့်ကြိုနေသည့် ဗိုလ်ဝင်းမြွေဦးစီးသော ခွဲရုံးတပ်စုနှင့်တွေ့ပြီး တိုက်ပွဲပြင်း





ထန့်စွာ ဖြစ်ပွားတော့၏။

တပ်မဟာ(၆၈၅)မှဟု သိရ၏။ တပ်မဟာ(၆၈၅) နှင့်အတူ တပ်မဟာ(၇၆၈)လည်း ပါလာ၏။

တပ်မဟာ(၇၆၈)မှ ဒုတပ်မဟာမှူးလောင်ခန်း ဦးစီး အင်အား (၅၀၀) ခန့်သည် ဟိုနီ၊ ဟိုတိုက်ဘက်မှ ပါဆန်ကိုဖြတ်၍ ရဲကုန်းကို အရှေ့ဘက်မှ ဝင်ရောက်တိုက် ခိုက်လေတော့သည်။ လက်နက်ကြီးများ တရစပ်ပစ်ပြီး သင်တိုက်ခြင်းဖြစ်၏။

ထိုအချိန်တွင် ကျန်အင်အားစုများက ဘုရားကုန်း၊ နွားကုန်း၊ လောထန်ကုန်းတို့အား အသီးသီးဖြန့်ခွဲ၍ ဝိုင်းပတ်တိုက်ခိုက်ကြတော့၏။

ထိုစခန်းကုန်းများအား တပ်မဟာ(၆၈၅)မှ တပ် တော်မှူး လီတက်ခိုင်နှင့်အင်အား (၁၀၀၀)ခန့်မှ အစုများ ခွဲကာ ဝင်တိုက်ခြင်းဖြစ်လေသည်။

❑ ❑ ❑

## ရန်သူတို့ ရဲကုန်းကို ဝိုင်းပတ်တိုက်ခိုက်ခြင်း

တိုက်ပွဲအစပိုင်းမှာပင် ရန်သူများသည် ရဲကုန်း အား အမှောင်ထုကို အကာအကွယ်ယူ၍ စုပြုချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ ရဲကုန်းရှိ မိမိတပ်မှ အမ်(၇၉)ဗုံးပစ်လောင်ချာ အပါအဝင် လက်နက်ငယ်များဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ပါသည်။ ရဲစခန်းကုန်း တာဝန်ခံ တပ်ခွဲမှူးမှာ ဗိုလ်ကြီးအေးကိုဖြစ်သည်။ လုပ်ရည်ကိုင်ရည်ရှိသူ ဖြစ်၏။

ရန်သူမှ R.P.G များ စက်သေနတ်ကြီးများသုံးကာ ထုနှင့်ထည်နှင့် တိုက်ခိုက်လာခဲ့ရာ အပြင်ထွက် ကင်းပုန်းဝပ်နေသော တပ်စိပ်သည် ရဲကုန်းသို့ တက်ရောက်ပူးပေါင်းခဲ့ရပါသည်။ ရဲကုန်းအခြေတွင် တပ်မရှိတော့သဖြင့် ရန်သူများသည် ရဲကုန်းအား မြောက်ဘက်မှ ထပ်မံ ဝင်ရောက်တိုက်ခိုက်ပြန်၏။ ကြိုတင်နေရာချထားသော ရန်သူ့လက်နက်ကြီးများမှ ရဲကုန်းသို့ စုပြုပစ်ခတ်ခဲ့ကြပြန်၏။ ရန်သူ၏ရည်ရွယ်ချက်မှာ ရဲကုန်းကို အပြီးအပိုင် သိမ်းပိုက်ပြီး လက်စတုန်းချေမှုန်းရန် ရည်ရွယ်သည်။ လက်နက်ကြီး လက်နက်ငယ်ပစ်ခတ်မှုများမှာ မိုးသီးမိုးပေါက်ပမာ တရကြမ်းဖြစ်နေသည်။ အထူးပြင်းထန်လှ၏။

ရဲကုန်းတွင်ရှိသော တပ်ခွဲမှူးဗိုလ်ကြီးအေးကိုမှ ရဲကုန်းအား ရန်သူ ဝိုင်းပတ်တိုက်ခိုက်မှုအခြေအနေကို တပ်ရင်းမှူးသို့ ဆက်သွယ်ရေးစက်ဖြင့် တင်ပြခဲ့၏။

''တပ်ရင်းမှူးခင်ဗျာ ရဲကုန်းကို ဝိုင်းတိုက်နေတာ





ရန်သူ အားလုံး (၅၀၀)လောက်ရှိပါတယ်။ မြောက်ဘက်က ရော၊ အရှေ့ဘက် အွန်လာကြောကရော အားလုံးဝိုင်းထားကြတာပါ။ လက်နက်ကြီးတွေကတော့ ဆက်တိုက်ပစ်နေကြပါတယ်ခင်ဗျ။ အခုချိန်ထိ မြောက်ဘက်က (၄)ကြိမ်နဲ့ အရှေ့ဘက်က (၂)ကြိမ် ကျားထိုးလာတာ ကျွန်တော်တို့ ခဲရိုင်းဝုံခံချတာနဲ့ ပြန်လန်ကျသွားပါတယ် ခင်ဗျာ''

''ကောင်းတယ် ... တစ်လက်မမှ ဆုတ်မပေးနဲ့။ ကြံကြံခံထား၊ တပ်ကိုလည်း ရဲရဲဝံ့ဝံ့ကွပ်ကဲ၊ ဒီက လက်နက်ကြီးပစ်ကူလည်းပေးမယ်။ တပ်လွှတ်လို့ ရရင်လည်း လွှတ်ဦးမယ်။ ဒို့တပ်ရင်း သိက္ခာမကျစေနဲ့''

တိုက်ပွဲချိန်က တစ်နာရီခန့်ရှိသွားပြီ။

အချိန်က မနက်ငါးနာရီခွဲဖြစ်၏။ ရန်သူများသည် အော်ဟစ်ကာ ရဲကုန်းကို ဘက်ပေါင်းစုံဝိုင်းဝန်းတိုက်ခိုက်နေကြ၏။ ကျန်စခန်းကုန်းများကိုလည်း ထိန်းချုပ်တိုက်ခိုက်နေကြ၏။

ရန်သူ ၁၀၀ခန့်ကမူ မြို့တွင်းသို့ ဈေးလမ်းမကြီးအတိုင်းဝင်သွားပြီး သူတို့လိုချင်သောသူများကို လိုက်လံရှာဖွေလျက်ရှိ၏။

တပ်ရင်းမှူး၏ နှုတ်ဖြင့်အားပေးမှုအပြင် လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများဖြင့် ပစ်ကူပေးမှုကြောင့် ရန်သူတို့ ထင်တိုင်း မပေါက်ဖြစ်နေ၏။ ရဲကုန်းမှ မိမိတပ်နှင့် ရဲတပ်ဖွဲ့တို့ ပူး ပေါင်းပြီး ရန်သူအား ကြံကြံခံခုခံလျက်ရှိ၏။ တပ်ခွဲမှူး ဗိုလ်ကြီးအေးကိုကလည်း ခံစစ်စည်းများရှိ စစ်သည်များကို ဆက်သွယ်ရေးမြောင်းများအတွင်းမှာ လှည့်ပတ်သွားလာ၍ ကြပ်မတ်လျက်ရှိ၏။ အားပေးလျက်ရှိ၏။

ရန်သူသည် ခြေကုတ်ယူထားသော နေရာများ မှ ရဲကုန်းသို့ လက်နက်ကြီးအမျိုးစုံကို အတင်းတရစပ် ပစ်ခတ်လျက်ရှိ၏။

"ဖောင်း ... ဝူး ... ဒိုင်း"

၅၇ မီလီမီတာနောက်ပွင့်ရိုင်ဖယ် အသေးသံများ

"ဒက်ဒက် ... ဒက်ဒက် ... ဒက်ဒက်"

"ဖရော ... ဖရော ... ဖရော"

ပွိုင့်ဖိုက်စက်သေနတ်ကြီးသံများ

"အုန်းကျိမ်း"

"အုန်းကျိမ်း"

(၆၀)မီလီမီတာ၊ (၈၂)မီလီမီတာနှင့် (၁၂၀)မီလီ မီတာ စိန်ပြောင်းပေါက်ကွဲသံများ အားလုံးဆူညံနေ၏။ ရန်သူတို့နှင့်အတူ (၁၂၀)မီလီမီတာ စိန်ပြောင်းကြီး နှစ်





လက်လည်းပါလာခဲ့၏။

လက်နက်ကြီးပစ်သံများ ရပ်သွားသည်နှင့် ရန်သူ သည် အင်အား (၁၅၀)ခန့်ဖြင့် စခန်းကုန်းအား ဝိုင်းပတ် ကျားထိုးလာ၏။ ခြံစည်းရိုးများကို ဖောက်ထွင်းကာ ထွေး လုံးရစ်ပတ်တိုက်ခိုက်ရန် ကြိုးစားကြ၏။ ခြံစည်းရိုးများကို R.P.G များဖြင့် ပစ်ခတ်၍ ဖောက်ထွင်းလျက်ရှိ၏။

"ဖောက် ... ဝုန်း"

"ဖောက် ... ဝုန်း"

လက်ပစ်ဗုံးများပါ ပစ်လာ၏။

မိမိတပ်ဖွဲ့နှဲ့ ရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့များက ရန်သူကို အနီးကပ်လာမှ လက်နက်ငယ်လောင်ချာများဖြင့် ပစ်ခ ခိုက်ရာ ကျဆုံးဒဏ်ရာရသူများကိုတွဲ၍ ရန်သူတို့ပြန် ဆုတ်ပြေးကြပြန်၏။

ရန်သူသည် ရဲကုန်းအား မနက်(၆)နာရီမတိုင်ခင် ပေါင်း (၁၀)ကြိမ်ထက်မနည်း ကျားထိုးတိုက်ခိုက်၏။ မရ သည့်အခါ အဝေးမှ စိန်ပြောင်းဗုံးများ မိုးသီးမိုးပေါက်ပမာ ပစ်ခတ်ပြန်တော့၏။ (၅၇) မီလီမီတာ နောက်ပွင့်များပါ အနီးကပ် ပစ်တော့သည်။ ရန်သူ၏ စိန်ပြောင်းများ နောက်ပွင့်များ အဆက်မပြတ်ပစ်ခတ်မှုကြောင့် မိမိတပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရဲမှစစ်သည်များ ထိမှန်ဒဏ်ရာရသူများရှိလာသည်။ နောက်ပိုင်း၌ တဖြည်းဖြည်းများလာ၏။ စုစုပေါင်း လူ (၇၀)ခန့်ရှိသည့်အနက် လူ (၂၀)ခန့် ထိခိုက်ဒဏ်ရာရထားသည်။

ခံစစ်စည်းမြောက်ဘက်မျက်နှာစာမှာ ဒုဗိုလ်အောင်ဆန်းမြိုင်က ကွပ်ကဲနေသည်။ မြောက်ဘက်၌ ရန်သူစုဖွဲ့မှုကများသည်။ ပစ်ခတ်မှုကလည်း များလှ၏။


"တပ်ခွဲမှူး၊ ဒဏ်ရာရတဲ့သူတွေ များနေပြီခင်ဗျ"

တပ်စုမှူး ဒုဗိုလ်အောင်ဆန်းမြိုင်မှ တပ်ခွဲမှူးဗိုလ်ကြီးအေးကိုသို့ သတင်းပို့လာသည်။ တပ်ခွဲမှူးဗိုလ်ကြီးအေးကိုသည် ဒဏ်ရာရထားသူများကို သွားရောက်အားပေးကာ မြောက်ဘက်မျက်နှာစာမှ ဒဏ်ရာရသွားသူများကို ရွှေ့ထုတ်၍ အတွင်းခံစစ်စည်းမှ စစ်သည်များနှင့်လဲလှယ်ပေးခဲ့၏။

စခန်းခံစစ်တစ်ခုလုံးကိုလည်း လိုက်လံကြည့်ရှုကာ အခြေအနေကိုလည်း တပ်ရင်းမှူးထံသို့ စက်ဖြင့်အဆက်မပြတ်တင်ပြလျက် ရှိ၏။

ထိုအချိန်၌ ရန်သူသည် ထပ်ဆောင်းအင်အားများဖြင့် ရဲကုန်းအား ထပ်မံဝိုင်းပတ်တိုက်ခိုက်လာနေကြ၏။ မြောက်ဘက်မျက်နှာစာ၌ အင်အား(၁၀၀)ခန့် ထပ်ဖြည့်






ဗိုင်းယန်းတိုက်ပွဲတွင် မိမိရှေ့တန်းအမှတ်(၁၀၇)ခြေမြန်တပ်ရင်းအား မကာပ များမှ ဝိုင်းပတ်တိုက်ခိုက်နေပုံ
(ပုံကြမ်း)



မိုင်းယန်းမြို့ဈေးကြီးအနီးမှ ကျွဲနွားဈေး
(နောက်မှမြင်ရသောတောင်တန်းမှာ မိုင်းယန်းအရှေ့ရှိ အွန်လာကျော ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ပြီး အင်အား(၂၀၀)ခန့်သည် လက်နက်ကြီးများဖြင့် စုဖွဲ့ချက်ရှိ၏။ နောက်ထပ် ကျားထိုးတိုက်ခိုက်ကြဦးမည် ထင်၏။

❑ ❑ ❑

**ဗိုလ်ကြီးစောအေးကို ကျဆုံးခြင်း**

မျှော်လင့်ထားသည့်အတိုင်း မနက် (၇)နာရီ၌ ရန်သူတိုက်စစ်သည် ပိုမိုပြင်းထန်လာ၏။ လက်နက်ကြီး ပစ်ရုံသာမကဘဲ ရဲကုန်းစခန်း ဂိတ်တံခါးဝအား R.P.G ထောင်ချာများ ဖိပစ်တာများလာသည်။ ရန်သူများက ခြံစည်းရိုးအပျက်များကြားမှ အတင်းတိုးဝင်လာနေကြသည်။ ဒိုင်းကာက်မှ ပစ်ချရာ အထွေးလိုက်လဲကျသွားကြ၏။ သို့ရာတွင် ထပ်ပြီးအသေခံကာ တက်လာနေသည်။ အခြေအနေကို တပ်ရင်းမှူးကြီးထံ လှမ်းတင်ပြရတော့၏။

“တပ်ရင်းမှူးကြီးခင်ဗျ။ စခန်းခြံစည်းရိုးအတော်များများ လဲကျကုန်ပါပြီ။ ဂိတ်တံခါးကြီးလည်း ပွင့်သွားပြီ။ ရန်သူတွေ စခန်းအတွင်းရောက်လာပြီခင်ဗျ။ ကျွန်တော်ရော ဗိုလ်အောင်ဆန်းမြိုင်နဲ့ ဆရာကြီးသုံးလုံးတို့ပါ ဒဏ်ရာရထားပါတယ်။ ပစ်ကူစစ်ကူ အမြန်ပေးဖို့ လိုပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ''

''ကောင်းပြီ ... ပေးမယ်''

တပ်ရင်းမှူးသည် ချက်ချင်းပင် ဘုရားကုန်းမှ ဒုဗိုလ်ခင်မောင်ကြည် ဦးစီးတပ်စုတစ်စုနှင့် R.C.M ကုန်းမှ ဗိုလ်စိုးသန်းဦးစီး တပ်စုတစ်စုအား ချက်ချင်းစစ်ကူစေလွှတ်ပေးလိုက်သည်။ စုစုပေါင်း လူအင်အား (၅၀)ခန့်ရှိ၏။

ဒါသာမက ရဲကုန်းပတ်ဝန်းကျင် ရန်သူနေရာယူထားသည့် နေရာများသို့ လက်နက်ကြီးများ အဆက်မပြတ်ပစ်ပေး၏။

ရန်သူက မြောက်၊ တောင်၊ အရှေ့၊ အနောက် ဘက်ပေါင်းစုံမှ ဝိုင်းတိုက်နေသည်။ မြောက်ဘက်ခြမ်း ခြံစည်းရိုးများ လုံးဝပြိုလဲသွားသောအခါ ရန်သူ (၁၀၀)ခန့်က မိုင်းကွင်းများနင်းပြီး လက်နက်ငယ်နှင့် လောင်ချာများပစ်ခတ်၍ စခန်းကုန်းသို့ အတင်းတက်ရောက်လာကြ၏။

''ဖောက် ... ဝှမ်း''

ရန်သူလောင်ချာပစ်ခတ်မှုကြောင့် မိမိတပ်ခွဲမှူးနှင့် အတူရှိနေသော တီအာအေ ၉၀၆ (TRA 906) ဆက်သွယ်ရေးစက်ထိမှန်ကာ ပျက်စီးသွားတော့၏။





စက်ကိုင်စစ်သည်လည်း ဒဏ်ရာရသွားသည်။

''ဗိုလ်ကြီး ကျွန်တော်ထိသွားပြီ''

''အေးပါကွာ ငါ့လည်း မှန်ထားတာပဲ''

''စက်လည်း မှန်သွားပြီ။ တော်တော်များတယ်။ လုံးဝ သုံးမရတော့ဘူး''

''ဒါဆို ဖျက်ဆီးလိုက်တော့ကွာ။ စခန်းထဲ ခွေးအတွေ ရောက်နေပြီ''

''ရဲတွေဘက် သွားကြည့်ရအောင်''

ဗိုလ်ကြီးအေးကိုက ဒဏ်ရာတွေ ရထားသည့် [illegible]က ရဲသားများနေရာယူထားသည့်ဘက်သို့ ရောက် [illegible]အောင်သွားသည်။

''ဟ ... ဒဏ်ရာရထားတဲ့သူတွေ အများကြီး [illegible]သား''

''ဆေးတပ်သားလည်း ကျသွားပြီ''

စစ်သည်များက ဆီးပြောကြ၏။

''ကဲ ... ဒါဆိုရင် အားလုံးအတွင်းကုန်း [illegible]ဘက်သုံးခံစစ်နေရာကို ရွှေ့ကြတော့''

ရှေ့ခံစစ်စည်းများမှ ဒဏ်ရာရသူများကို နောက် [illegible] ခံစစ်စည်းသို့ အမြန်ရွှေ့ပေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေး … ဟေး … ဟေး"

ရန်သူတွေ၏ အော်သံများ။

"ဟ … ခွေးအတွေ တက်လာပြီဟေ့"

"ဖောင်းကျိမ်း … ဖောင်းကျိမ်း … ဖောင်းကျိမ်း"

R.P.G ပစ်ခတ်သံများ။

"ဟေ့ … ဗိုလ်အောင်ဆန်းမြိုင်ရေ၊ အရှေ့ဘက်ခြမ်းကို ဆုတ်ဟေ့"

ရန်သူများက R.P.G များ၊ လက်ပစ်ဗုံးများပစ်ခတ်ကာ အတင်းတရကြမ်းတက်လာကြ၏။ မိမိဘက်မှ ဒဏ်ရာရသူများကိုသယ်ယူကာ အရှေ့ဘက် အမြင့်ဆုံးကုန်းသို့ ဆုတ်ကြရတော့၏။ သေဆုံးသူအတော်များများကား ကတုတ်ကျင်းများထဲ၌ ကျန်ရစ်ခဲ့၏။ လူ (၂၀)ကျော် ကျဆုံးခဲ့ပြီးပြီ။ မိမိတို့ တဖြည်းဖြည်း အမြင့်ဆုံး အရှေ့ဘက်ကုန်း၌ စုနေသည်ကို ရန်သူမှတွေ့ရှိပြီး အွန်လာကြော အရှေ့ဘက် မျက်နှာစာကပါ ထိုးဖောက်တိုက်ခိုက်လာကြရာ အနီးကပ် ထွေးလုံးရစ်ပတ်တိုက်ပွဲများ ဖြစ်ပွားပြီး မနက်ရှစ်နာရီ၌ တပ်ခွဲမှူးဗိုလ်ကြီးအေးကိုသည် ရန်သူ လက်နက်ငယ်ကျည် တိုက်ရိုက်ထိမှန်ပြီး ကျဆုံးသွားတော့





၏ ခေါင်းဆောင်တပ်ခွဲမှူး ကျဆုံးသွားပြီ။ သတင်းပို့ရန် ဆက်သွယ်ရေးစက်လည်း မရှိတော့၊ ထို့ကြောင့် ဗိုလ်အောင်ဆန်းမြိုင်နှင့် ကျန်စစ်သည်များသည် ဒဏ်ရာရထားသူများကို စုစည်းခေါင်းဆောင်ကာ တောင်ဘက်သို့ ဆုတ်ခွာခဲ့ရတော့၏။

ရန်သူသည် ရဲကုန်းအား မနက်(၈)နာရီ (၁၅)မိနစ်တွင် လုံးဝသိမ်းမိသွားတော့၏။

❑ ❑ ❑

ရဲကုန်းအား ပြန်လည်သိမ်းပိုက်ခြင်း

မိမိရဲကုန်းအား ဝိုင်းပတ်ပစ်ခတ်တိုက်ခိုက်နေသော ရန်သူအင်အား (၅၀၀)ခန့်ကို ထိုးဖောက်တိုက်ခိုက်၍ ရဲကုန်းအား စစ်ကူပေးရန် RCM ကုန်းမှ လွှတ်လိုက်သည့် ဗိုလ်စိုးသိန်းနှင့်အဖွဲ့သည် ရန်သူ (၅၀)ခန့်နှင့်လမ်းတွင် တွေ့ဆုံကာ တိုက်ပွဲဖြစ်ပွားနေ၏။ ရဲကုန်းသို့ မရောက်နိုင်သေးဘဲ လမ်းမှာပင် ရန်သူဖြတ်တောက်ရေးအဖွဲ့နှင့် အချိန်အတော်ကြာ လုံးထွေးတိုက်ပွဲဝင်နေရသည်။

(၂)နာရီခန့်အကြာတွင် ခွဲ(၁)မှူး ဗိုလ်ဝင်းမြွေအဖွဲ့ လာရောက်ပူးပေါင်းပြီး အင်အား(၅၀)ခန့်ဖြစ်လာမှ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို အတင်းထိုးဖောက်ရှင်းလင်းနိုင်တော့၏။ စစ်ကြောင်းရုံးမှလည်း ရဲကုန်းကျသွားပြီးဖြစ်ကြောင်းသိသွား၍ ရဲကုန်းပေါ်သို့ စိန်ပြောင်းကြီးများ အဆက်မပြတ် ပစ်ခတ်လျက်ရှိနေ၏။ ရဲကုန်းပေါ်ရှိ ရန်သူများ အများအပြား ထိမှန်ကုန်ကြသည်။ ထိချက်နာပုံရ၏။ ထို့ကြောင့် ရန်သူသည် အရှေ့ဘက်သို့ တစ်စတစ်စ ဆုတ်နေ၏။ မိမိစစ်ကူအဖွဲ့က တားဆီးနေသောရန်သူအား ရှင်းလင်းပြီးရဲကုန်းသို့ ဆက်လက်ချီတက်ရာ ရဲကုန်းအခြေသို့ ရောက်ရှိသွား၍ ရဲကုန်းတွင်ရှိနေသော ရန်သူများနှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားပြန်သည်။

စခန်းကုန်းပေါ်ရှိ ရန်သူက အပေါ်စီးမှနေ၍ လက်နက်စုံဖြင့် ပစ်ခတ်နေမှုကြောင့် ရဲကုန်းကို အချိန်အတော်ကြာအောင် ပြန်လည်သိမ်းပိုက်နိုင်ခြင်း မရှိသေးပါ။ စစ်ကြောင်းရုံးမှသာ လက်နက်ကြီးများကို ဖိပစ်ပေးနေရသည်။

အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေကြသည်မှာ အချိန် (၂)နာရီခန့်ကြာသွား၏။ နံနက် (၁၀)နာရီခန့်တွင် ဒုဗိုလ်ခင်မောင်ကြည် ဦးစီးတပ်စုတစ်စု လာရောက်ပူးပေါင်းရာ အင်အားများလာသဖြင့် တပ်ကို သုံးဖွဲ့ခွဲပြီး အရာရှိ





သုံးဦးတစ်ဖွဲ့စီကွပ်ကဲပြီး ရဲကုန်းကို အတင်းပြန်လည်ထိုးတိုက်ခိုက်ရာ မနက် (၁၀)နာရီခွဲ၌ ရဲကုန်းစခန်းတစ်ခုလုံး သိမ်းဆည်းရမိပါတော့သည်။

စခန်းကုန်းတစ်ခုလုံးကား ရစရာမရှိအောင် အပျက်အစီးများနှင့် ကြေမွလျက်ရှိ၏။ နှစ်ဖက်ပစ်ခတ်မှုကြောင့်ပင် ဖြစ်၏။ သူ့ဘက် ကိုယ့်ဘက် ကျဆုံးသူများကား စခန်းကုန်း တစ်ခုလုံး ပြည့်နေ၏။ သွေးကွက်ကြီးများလည်း အိုင်ထွန်းနေသည်။

စစ်၏ အနိဋ္ဌာရုံများပေတည်း။

❑ ❑ ❑

**မြို့တွင်းတိုက်ပွဲများ**

မြို့တွင်းတိုက်ပွဲမှာ အောက်ပါအတိုင်း ဖြစ်သည်။

နောင်ပြန့်ရွာဘက်မှ မြို့တွင်းဈေးလမ်းမကြီးအတိုင်း ဝင်ရောက်လာသော ရန်သူများနှင့် ဒုဗိုလ်ခင်မောင်ကြည် ဦးစီးသောတပ်စု မြို့တွင်းပါတီယူနစ်ရုံးအနီးတွင် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားတော့၏။ ပါတီယူနစ်ရုံးအား ဖျက်ဆီးရန် ရန်သူမှအလာ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။ ပါတီကောင်စီရုံးများကို ရန်သူဖျက်ဆီးမည့် အန္တရာယ်ကို ကာကွယ်လိုက်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ဈေးအတွင်းဝင်ရောက် လုယက်လျက်ရှိကြ၏။ ရန်သူသည် မြို့တွင်းနေရာအနှံ့အပြား ရောက်နေ၏။ ထို့ကြောင့် ဒုဗိုလ်ခင်မောင်ကြည်တပ်စုနှင့် မနက် (၉)နာရီခန့်အထိ နေရာအနှံ့ တိုက်ပွဲဖြစ်ပွားလျက် ရှိ၏။

ကိုးနာရီခွဲတွင် မိမိတပ်က မောက်မယ်ရပ်ကွက်ဘက်မှ ထိုးဖောက်တိုက်ခိုက်ရာ အင်ိုက်ရပြီး ရန်သူတို့ အထိနာသွား၍ မြို့တွင်းမှ မြောက်ဘက်သို့ တစ်စတစ်စ ဆုတ်ခွာကြတော့၏။ မြို့တွင်းဈေးမှ ရနိုင်သမျှ လုယက်သယ်ယူသွားကြတော့၏။

ဒုဗိုလ်ခင်မောင်ကြည်တပ်စုသည် ပါလှုံကျောင်းကို ရောက်ရှိပြီး ဗိုလ်စိုးသိန်းတပ်စုနှင့် ပူးပေါင်းမိသဖြင့် ရန်သူသိမ်းထားသော ရဲကုန်းအား အတင်းပင် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရာ မနက် (၁၀း၃၀) နာရီတွင် ရဲကုန်းအား ပြန်လည်ရရှိတော့၏။

ရန်သူအားလုံးလည်း ရဲကုန်းမှ မြောက်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြတော့၏။

မိုင်းယန်းတိုက်ပွဲကြီး ပြီးဆုံးပြီဟု ဆိုနိုင်ပါပြီ။

❑ ❑ ❑





**တိုက်ပွဲနောက်ပိုင်း ဆောင်ရွက်ချက်များ**

**ရန်သူ**

ဗကပတို့သည် မိုင်းယန်းမြို့ကို လျှပ်တစ်ပြက်ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ၎င်းတို့မလိုလားသော ရဲတပ်ဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ပါတီကောင်စီဝင်များကို ရှာဖွေဖမ်းဆီးသုတ်သင်၍ အစိုးရအုပ်ချုပ်ရေးယန္တရားပြိုကွဲစေရန် အဓိကရည်ရွယ်လေသည်။

အခြေအနေပေးပါကလည်း မိမိတပ်စခန်းများကို တိုက်ခိုက်ပြီး ရနိုင်သည်များကို သိမ်းဆည်းရန်နှင့် အမြန်သိမ်း၍ အမြန်ခွာရန် စီမံထားလေသည်။

ထို့ကြောင့် ရဲစခန်းကို အဓိက ဦးတည်တိုက်ခိုက်ခဲ့သည်။ မြို့တွင်းသို့လည်း ဝင်ရောက်ပြီး မြို့အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါတီကောင်စီဝင်များကို ဖမ်းဆီးရန်ကြိုးစားခဲ့သည်။ သို့ရာတွင် မြို့တွင်း၌ မိမိတပ်များ ရောက်ရှိနေရာထင်သလို ဆောင်ရွက်ခွင့် ရမသွားခဲ့ချေ။

ထို့ကြောင့် ဗကပတို့သည် မနက်(၈)နာရီ (၁၅) မိနစ် ရဲစခန်းကုန်းသိမ်းမိပြီးသည်နှင့် မိမိတန်ပြန်တိုက်စစ်နှင့် လေကြောင်းရန်ကို ကြောက်ပြီး ရသမျှပစ္စည်းသိမ်းဆည်းယူငင်ကာ မနက် (၁၀) နာရီခန့်တွင် [illegible]အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာသွားခဲ့ကြ၏။ နောက်ချန်အချို့နှင့် မိမိတပ်များ တိုက်ပွဲဖြစ်ပွား၍ (၁၀း၃၀) အချိန်တွင် ရဲစခန်းကုန်းအား မိမိတပ်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။

× × ×

**မိမိ**

မိမိဘက်မှ တပ်ရင်းမှူးသည် ရဲစခန်းကုန်းအား ရလျှင်ရခြင်း လာရောက်စစ်ဆေးကြည့်ရှုပြီး ဒဏ်ရာရသူများအား ကုသခြင်း၊ စစ်ဆေးခြင်း အထက်ဌာနချုပ်သို့ အခြေအနေအစီရင်ခံပြီး လူနာသယ်ရဟတ်ယာဉ် တောင်းခံခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် တစ်မြို့လုံး လှည့်လည်ကြည့်ရှု၍ အပျက်အစီးများ ရှင်းလင်းခြင်း၊ စခန်းများ အမြန်ပြန်လည်ပြုပြင်မွမ်းမံခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

မိုင်းလွေ့ရှိ မိမိတပ်မှ စစ်ကြောင်း(၂)နှင့် တပ်စု (၄)စုအားလည်း ပြန်လည်တောင်းခံခဲ့သည်။





**တိုက်ပွဲအဆုံးအရှုံးများ**

**မိမိ**

| | | | |
|---|---|---|---|
| အကျအဆုံး | အရာရှိတစ်ဦးအပါအဝင် | ၄၃ | ယောက် |
| | ရဲတပ်ဖွဲ့မှ | ၄ | ယောက် |
| | စုစုပေါင်း | ၄၇ | ယောက် |
| ဒဏ်ရာရ | မိမိတပ်မှ | ၁၈ | ယောက် |
| | ရဲတပ်ဖွဲ့မှ | ၁ | ယောက် |
| | စုစုပေါင်း | ၁၉ | ယောက် |
| ပျောက်ဆုံး | မိမိတပ်မှ | ၇ | ယောက် |
| | ရဲတပ်ဖွဲ့မှ | ၆ | ယောက် |
| | စုစုပေါင်း | ၁၃ | ယောက် |

**လက်နက်အဆုံးအရှုံး**

| | | | |
|---|---|---|---|
| | မိမိတပ်မှ | ၄၄ | လက် |
| | ရဲတပ်ဖွဲ့မှ | ၁၁ | လက် |
| | စုစုပေါင်း | ၅၅ | လက် |



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသူ

အဘူအဆုံးမြို့တွင်းကျကျန်ရစ်ခဲ့သည့်အလောင်း၄၅လောင်း

လမ်းတွင်မြှုပ်နှံသည့်အလောင်း ၃၆လောင်း

စုစုပေါင်းကျဆုံး ၈၁ယောက်

အင်္ဂလိပ်ကြားဖြတ်စက်နှင့်မြေပြင်သတင်းအရ၁၉၄ယောက်

လက်နက်အဆုံးအရှုံး

လက်နက်ဖုံ၁၉လက်မိမိမှ သိမ်းဆည်းရမိသည်။

❑ ❑ ❑

## တိုက်ပွဲသုံးသပ်ချက်များ

(၁၉၈၀)ခုနှစ်ဧပြီလ (၁၉)ရက်နေ့ မိုင်းယန်းအား ဗကပ တပ်မဟာ (၆၈၅) တပ်မဟာ (၇၆၈) မိုင်းလားမှ တပ်မဟာ (၈) အင်အားစု အချို့အပါအဝင် ပူးပေါင်းအင်အား (၁၅၀၀)ခန့်သည့် လူလက်နက်သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းမှာ (၁၉၇၉) ခုနှစ်ကုန်က မိမိတို့တပ်မတော်မှ မင်းရန်အောင်စစ်ဆင်ရေးကြီးဖြင့် ဗကပတို့၏ မော်ဖခေသအပါအဝင် အခိုင်အမာ စခန်းကုန်းကြီးများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းအား တန်ပြန်ကလဲ့စား





ချေသည့်တိုက်ပွဲ၊ သူတို့အဆိုအရမှု မင်းရန်အောင်ထိုးစစ်အား ရိုက်ချိုးသော တိုက်ပွဲဟုဆိုကြ၏။

ယခုတိုက်ပွဲ၌ ဗကပတို့သည် မင်းရန်အောင်စစ်ဆင်ရေးတွင် မိမိတို့တပ်မတော်ကို အင်တိုက်အားတိုက်ကူညီခဲ့သော မိုင်းယန်းမြို့အုပ်ချုပ်ရေးအဖွဲ့ ပါတီကောင်စီနှင့် ရဲစခန်းအား ချေမှုန်းရန်အဓိကထား၏။ အခြေအနေပေးပါက မိမိစစ်ကြောင်းဌာနချုပ်ကိုပါ တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်လေသည်။

ထိုရည်ရွယ်ချက်ဖြင့် မိုင်းယန်းအား လာတိုက်ခြင်းဖြစ်၏။ ကြာရှည်သိမ်းပိုက်ထားရန်ကား အစီအစဉ်ရှိပုံမရ။

ဗကပတို့သည် ပြောက်ကျားစစ်၊ လှုပ်ရှားစစ်၊ မှတစ်ဆင့်တက်ပြီး သမားရိုးကျစစ်များဖော်ဆောင်ရာ၌ စစ်နည်းပရိယာယ်များရှိ၏။ ထိုနည်းပရိယာယ်များမှာ

(က) ရှုံးမည်ထင်လျှက် မတိုက်နှင့်၊ နိုင်ဖို့သေချာမှတိုက်

(ခ) ကြိုတင်ပြင်ဆင်မှုမရှိဘဲနှင့် မတိုက်နှင့်

(ဂ) ရန်သူ့ဒေါက်တိုင်များကို သုတ်သင်

(ဃ) သာလွန်တဲ့အင်အားကို စုစည်းပြီးတိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ကရန်သူတစ်ဆ မိမိဆယ်ဆ ဖြစ်ပါစေ

(င) နိုင်ပုံမပေါ်လျှင် ချက်ချင်းဆုတ်

(စ) မြေသိမ်းဖို့ထက် လူချေမှုန်းရေး အဓိကထား

(ဆ) တိုက်ပွဲတိုင်း သာလွန်အင်အားနဲ့ ပိုင်းပတ်ချေမှုန်း

(ဇ) အခွင့်ကျတဲ့ မြို့ငယ်ရွာငယ်များကို အရင်တိုက်၊ အရင်သိမ်း

အထက်ပါ စစ်နည်းပရိယာယ်များအရ မိုင်းယန်းမြို့အား လာရောက်တိုက်ခိုက်ပြီး မြို့သူမြို့သားများကို ခြိမ်းခြောက်အကြပ်ကိုင်ရန်အတွက် သာလွန်အင်အားအဆမတန်သုံးကာ တိုက်ခိုက်သွားခဲ့ခြင်းဖြစ်ပါသည်။

၎င်းတို့လိုချင်သော မိုင်းယန်းရဲစခန်းကုန်းကို သိမ်းမိခဲ့သော်လည်း အကျအဆုံးကား ကြောက်ခမန်းလိလိရှိခဲ့၏။ လက်နက်ကြီးလည်း မိမိတို့ထက်ဆယ်ဆသာသည်။ (၁၂၀) မီလီမီတာ စိန်ပြောင်းကြီးနှစ်လက် အပါအဝင်လက်နက်ကြီး (၇၀)ကျော် (၈၀)ခန့် ပါဝင်ရာ မိမိတို့၌ လက်နက်ကြီး ရှစ်လက်သာရှိရာ ဆယ်ဆခန့် များပေ





သည်။ မိမိတို့တွင်မရှိသော ပွိုင့်ဖိုက်စက်သေနတ်ကြီး (၄)လက်ခန့်လည်း ၎င်းတို့နှင့်ပါလာ၏။ ထိုသို့လူအင်အား လက်နက်အင်အား ဆယ်ဆများသော်လည်း အကျအဆုံး၌ မိမိတို့ထက်(၂)ဆများပြားပြီး ဒဏ်ရာရသူပေါင်းမှာ ဆယ်ဆခန့်ဖြစ်သွားသဖြင့် ၎င်းတို့၏ တပ်ရင်းကြီးတစ်ရင်းစာခန့် အထိအခိုက် အကျအဆုံးရှိခဲ့ရာ ၎င်းတို့အတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုကို ပေးဆပ်လိုက်ရခြင်း ဖြစ်ပါပေသည်။

## တိုက်ပွဲသုံးသပ်ချက်

မိုင်းယန်းတိုက်ပွဲ၌ ရန်သူတို့မြို့ကို ထင်သလို မခြယ်လှယ်နိုင်ဘဲ ပြန်လည်ဆုတ်ခွာသွားရခြင်းအကြောင်းများတွင် အောက်ပါအချက်များ ပါဝင်သည်ဟု သုံးသပ်ရပါသည်။

ဗကပတို့သည် ရဲကုန်းအား အမြန်တိုက်၊ အမြန်သိမ်းပြီး ကျန်စခန်းကုန်းများအား တစ်ခုပြီးတစ်ခု တိုက်သိမ်းရန် ရည်ရွယ်ခဲ့၏။

"ရဲကုန်းကို နာရီဝက်အတွင်း အရသိမ်းမယ်"

အထက်ပါအတိုင်း တပ်မဟာ (၆၈) ဒုတပ်မ[illegible] မှူး လောင်ခန်းက ပြောခဲ့သည်ဟု ဖမ်းဆီးရမိ ဗက[illegible]ပ်စု



www.burmeseclassic.com

www.burmeseclassic.com



မှူးကဆိုခဲ့သည်။ တိုက်ပွဲအတွင်း ထိုတပ်စုမှူးအား မိမိတို့ တပ်များမှ ဒဏ်ရာဖြင့် ဖမ်းမိခဲ့ခြင်းဖြစ်၏။ ၎င်းက မသေမီ အထက်ပါအတိုင်းပြောခဲ့သည်။

သို့ရာတွင် ရဲကုန်းကို ခုခံကာကွယ်ရန် တာဝန် ပေးခြင်းခံရသော ဗိုလ်ကြီးအေးကိုသည် သုံးနာရီခန့်ကြာ သည်အထိ မိမိထက်အဆမတန် အင်အားသာသည့် ရန်သူကို ကြံ့ကြံ့ခံတိုက်ခဲ့ရာ နောက်ဆုံး၌ မိမိအသက်ကို စွန့်လွှတ်ခဲ့သည်အထိ ခုခံသွားခဲ့သည်။ ရဲကုန်းတိုက်ပွဲ ၌ ရန်သူအလောင်းများ တောင်လိုပုံသွားခဲ့သည်။

ဗိုလ်ကြီးအေးကိုမှ စစ်ကူတောင်းခံသောအခါ တပ် ရင်းမှူးသည် အတူရှိနေသော ဗိုလ်ဝင်းမြွေအား ချက်ချင်း လူ(၅၀)ခန့်ဖြင့် ရဲကုန်းသို့ စေလွှတ်ပေးခဲ့သည်။ တိုက်ပွဲ အချိန်ကြာလာသည်နှင့်အမျှ မိမိမြေပြင်စစ်ကူများ ရောက် လာမည်၊ လေကြောင်းပစ်ကူများလည်း လာတော့မည်ကို သိသဖြင့် ဗကပတို့ မနက်(၁၀)နာရီသာသာ၌ ပြန်လည် ဆုတ်ခွာသွားခဲ့ကြ၏။

တိုက်ပွဲဝင်စစ်သည်များလည်း ခနေဖြူ၌ အင်္ဂလိပ် ကို ခံတိုက်ခဲ့သော မဟာဗန္ဓုလ၏ စိတ်ဓာတ်မျိုးဖြင့် အသက်ကို စွန့်လွှတ်ကာ အသေခံပြီး ရန်သူကိုခုခံတိုက်





မိုင်းယန်းပထမတိုက်ပွဲ (၁၉၈၀) တိုက်ခဲ့သည့်
ဗိုလ်မှူးကြီး အောင်ဖုန်း(အငြိမ်းစား) ၏ပုံ

www.burmeseclassic.com

www.burmeseclassic.com



ိုက်ခဲ့သည်။

(အသက်စွန့်လှူသွားသူများအား နိုင်ငံတော်မှ ဘွဲ့ ဂုဏ်ထူးများ ချီးမြှင့်ခဲ့ရာ ဗိုလ်ကြီးအေးကိုနှင့် တိုက်ပွဲ စစ်သည်အချို့ သူရဘွဲ့ပေးအပ်ချီးမြှင့်ခံခဲ့ရပါသည်။ ာား စကားချပ်)

ထိုတိုက်ပွဲ မဖြစ်မီကတည်းက တပ်ရင်းမှူးက ာက်ပါအတိုင်း သုံးသပ်၍စစ်သည်များကို ပြောကြား ည်ဟု ဆို၏။

"ဒီကောင်တွေက အမှောင်ထုအကာအကွယ်ယူပြီး ကို ချဉ်းကပ်တတ်တယ်။ ဒါကြောင့် စခန်းဘေးမှာ ုံးတွေ ထုတ်ထားရမယ်။ နင်းမိုင်း တိုက်မိုင်းတွေ ည်း ထောင်နိုင်တဲ့နေရာ ထောင်ထားရမယ်"

"လက်နက်ကြီးတွေကိုတော့ ပုံသေပစ်ကြောင်းနဲ့ ထား။ လက်နက်ငယ်တွေလည်း ဒီကောင်တွေ ကျား အနီးကပ်ပြီးပစ်။ လက်ပစ်ဗုံးတွေလည်းသုံး"

"ကင်းသမားတွေလည်း ကင်းမပိုက်နဲ့။ ဒီကောင် တွေ အမှောင်ထုနဲ့ ချဉ်းကပ်ပြီး အလင်းရောင်နည်းနည်း ာနဲ့ တိုက်လိမ့်မယ်။ အဲဒီအချိန်မှာ အားလုံး Stand လုပ်ပြီး ပစ်ကျင်းတွေထဲ အားလုံးဝင်ထား။ ခြံစည်းရိုး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ငှက်ပျောဖူးလောင်ချာနဲ့ ပစ်ဖွင့်တတ်တယ်"

တပ်ရင်းမှူး ကြိုတင်မျှော်တွေးသလို ရန်သူက မနက်လေးနာရီသာသာ၌ တိုက်ပွဲကိုစ၏။ လကလည်း မနက်သုံးနာရီခန့်မှ ထွက်သည်။ နွေဦးပေါက်မို့ မြင်ကွင်းများက ရှင်းနေရာ လရောင်နှင့် ချီတက်လာကြခြင်းဖြစ်၏။

သူတို့၏ နည်းဗျူဟာအတိုင်း လက်နက်ကြီးများ အလုံးရာချီပစ်ပြီးမှ ရန်သူချေမှုန်းရေးတပ်များ တက်လာခြင်းဖြစ်၏။ မိမိတို့ ခေနဖြူတပ်သည် အတွေ့အကြုံရှိပြီး ကွပ်ကဲမှုကောင်းသောတပ်ဖြစ်သည်။ အစဉ်အလာရှိသော တပ်ဟောင်း တပ်ကောင်းဖြစ်သည်။

ထို့ကြောင့် တိုက်ပွဲက ရန်သူမျှော်လင့်သည်ထက် အချိန် ပိုကြာသွား၏။ ဗကပတို့သည် အလင်းရောင် ကြောက်သောသူများဖြစ်၏။ တိုက်ပွဲကြာလာသည်နှင့်အမျှ နေရောင်ခြည် ထွက်ပေါ်လာရာ နောက်ကခေါင်းဆောင်များက အတင်းမောင်းတင်သော်လည်း ရှေ့ကလူများက သိပ်မတက်ရဲတော့။ ထို့ကြောင့် အင်အားထပ်ဆောင်းကာ သူတို့သိမ်းချင်သော ရဲကုန်းကို အတင်းတိုက်ခဲ့ကြ၏။

ရဲကုန်းကို ရသွားသော်လည်း မြို့တွင်းကိုကား ထင်သလိုမွှေနှောက်သွားနိုင်ခြင်းမရှိခဲ့။ မြို့တွင်း၌ ကြိုတင်





...လွှတ်ထားသော မိမိတပ်ဖွဲ့များနှင့် တွေ့ဆုံကာ အနီး...ဘ် ပစ်ခတ်တိုက်ခိုက်နေခဲ့ရာ မြို့တွင်းရှိ မြို့အုပ်ချုပ်ရေး...ဖွဲ့များ၊ ပါတီကောင်စီဝင်များ လွတ်မြောက်သွားခဲ့ရ၏။

တပ်ရင်းမှူးနှင့် တိုက်ပွဲဝင် အရာရှိအရာခံအကြပ်...များ ကွပ်ကဲမှုကောင်းကောင်းနှင့် တိုက်ခဲ့သဖြင့် ဤ...[illegible]ယန်းတိုက်ပွဲသည် ရန်သူတို့မျှော်လင့်သလို မဖြစ်လာ...သော တိုက်ပွဲ။ မိမိတပ်မတော်ကို ဒေသခံပြည်သူတို့က ...ယုံကြည်ကိုးစားမှုရအောင် ဆောင်ရွက်နိုင်ခဲ့သော...ိုက်ပွဲဟု ဆိုနိုင်ပါသတည်း။

၂၁. ၇. ၂၀၀၈

...ငြင်းတိုးကားထားသော စာအုပ်များ

၁။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက် မှူးရုံး

၂။ တပ်မတော်သမိုင်း သတ္တမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက် မှူးရုံး

၃။ ထို့ကြောင့် ဤသို့
တောခိုကျောင်းသားဟောင်းများ

၄။ ကာယကံရှင်အချို့နှင့် တွေ့ဆုံမေးမြန်းချက်များ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## ဒုတိယအကြိမ်မိုင်းယန်းတိုက်ပွဲ(၁၉၈၈)

ခန်း

အချိန်က (၁၉၈၈)ခုနှစ် စက်တင်ဘာလ၊ တတိယ ပတ်။

နေရာက ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်ပန်ချောင်းနှင့် သံလွင်မြစ်ကြားက မိုင်းရှူးမြို့ကလေး။

ကျွန်တော်သည် မိုင်းရှူးမြို့ကလေးသို့ ခလရ(၆) တပ်ရင်းမှူးတာဝန်ဖြင့် ယခုနှစ် ဇူလိုင်လတွင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့၏။ ကိုယ် ဖာတ်ထဲလိုက်မိမှ နဲ့ကြီးတက်နင်းမိ ဆိုသလို ကျွန်တော်တပ်ရင်းမှူးဖြစ်မှ တစ်နိုင်ငံလုံး အရေးအခင်းနဲ့ လာကြုံရ၏။ တပ်ရင်းဌာနချုပ်က ရန်ကုန်မြို့ပြည်သာမှာမို့ အရေးအခင်းဖြစ်တော့ နောက်တန်းတွင် ကျန်ခဲ့သူတွေအတွက် စိတ်ပူမိ၏။ ထို့ကြောင့် ...

''ဘယ်လိုနေလဲ။ အခြေအနေပြောပါဦး။ ဘေးကင်းရန်ကင်းရော ရှိကြရဲ့လား''

''တပ်ပတ်လည်မှာ ကင်းတွေ နေ့ရောညပါချထားလှည့်ကင်းပါလုပ်။ မိသားစုတွေ လုံးဝအပြင်မထွက်စေနဲ့ အဝင်အထွက်တွေ ကြပ်မတ်။ လိုအပ်ရင် နောက်ချန်အဆင့်အတန်းအားလုံး တိုက်ပွဲဝင်နိုင်ဖို့ အထူးဂရုစိုက်''

''ရှေ့တန်းကို လုံးဝအဆက်အသွယ်မပြတ်စေနဲ့ မိသားစုတွေလုံခြုံရေး အထူးဂရုစိုက်''

အထက်ပါမှာကြားချက်များကို ရှေ့တန်းမှ ဆက်သွယ်ရေးစက်ဖြင့် အဆက်မပြတ် ပြောရတော့၏။ ထိုအပတ်က ကံအားလျော်စွာ ဆက်သွယ်ရေးစက်တစ်လုံး မင်္ဂလာဒုံအလုပ်ရုံတွင် ကျန်ခဲ့ရာ သွားထုတ်ပြီး ရှေ့တန်းပို့ရန်စီစဉ်နေဆဲ အရေးအခင်းနှင့်တိုးသဖြင့် မပို့နိုင်တော့ပါ။ တပ်မှာပင် ခဏထားရတော့၏။ ထိုစက်ဖြင့် ရှေ့တန်း





...က်တန်း ပြောစရာမှာစရာ ပြောရမှာရတော့သည်။ ...ကိုလည်း နေ့တွင်မဖွင့်ရဲ။ ပြဿနာတက်နိုင်သဖြင့် ...ခြေတိတ် လူတွေအိပ်သည့် ညသန်းခေါင်လောက်မှ ...က်သွယ်ရ၏။ ထိုသို့ ဆက်သွယ်နိုင်သဖြင့် ရန်ကုန်အခြေ...နေကို အချိန်နှင့်တစ်ပြေးညီ ကျွန်တော်သိနေရသည်။

(၁၉၈၈)စက်တင်ဘာလ (၁၈)ရက်တွင် တပ်မတော် ... နိုင်ငံတော်တာဝန် ယူလိုက်သည်။ ရန်ကုန်နောက်တန်း ...ကျန်ခဲ့သည့်တပ်အတွက် စိတ်ပူပန်မှု အတော်လျော့နည်း ...

ထိုအခါ ''အင်း ... တော်သေးရဲ့''ဟုဆိုကာ ...ကို ဖြေလျော့နိုင်လိုက်သည်။

ကျွန်တော်တာဝန်ယူရသည့် မိုင်းရှူးမြို့ကလေးက ...ည်း ဆန္ဒပြဖို့ ကြိုးစားကြသည်။ စာတွေကပ်သည်။ ...သည်။ မိုင်းရှူးဆရာတော်လေး ဦးဝိမလကို ခေါင်း ...င်တင်ကြသည်။ သို့ရာတွင် ကျွန်တော်က နည်းမျိုးစုံ ... အားလုံးကို ထိန်းသိမ်းလိုက်နိုင်သဖြင့် ထင်ထင်ရှားရှား ...ပွဲများ မပေါ်လာတော့ဘဲ စက်တင်ဘာ (၁၈)ရက်နေ့ ... ငြိမ်ဝပ်ပိပြားစွာ အရာအားလုံး ပြီးဆုံးသွားတော့၏။

သို့ရာတွင် ကျွန်တော်၏ စိတ်အေးမှုမှာ ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



မခံပါခင်ဗျာ။

စက်တင်ဘာလ (၂၃)ရက်၊ မနက် (၁၀း၀၀)နာရီ အချိန်ခန့်။

"တပ်ရင်းမှူးကြီး မိုင်းယန်းကို ဗကပတွေ ဝင်တိုက်နေပြီတဲ့ဗျ"

"ဟေ"

ကျွန်တော်၏ အိုင်အိုဗိုလ်ကြီး ထန်ကျင့်ထောင်က သတင်းပို့လာ၏။ ကျွန်တော့်မှာ ရုတ်တရက်မို့ "ဟေ"ဟု တစ်လုံးသာဆိုနိုင်၏။ မိုင်းယန်းတွင် ရှေ့တန်းအမှတ်(၁၁) ခြေလျင်တပ်ရင်းရှိနေ၏။ တပ်ရင်းမှူးမှာ ကျွန်တော်တို့ အပတ်စဉ်မှ ဗိုလ်မှူးစိုးလွင်ဖြစ်သည်။ သူသည် (၁၉၇၉)မှ (၁၉၈၁)အထိ ကျွန်တော်နှင့် တပ်မတော် (ကြည်း)တိုက်ခိုက်ရေးကျောင်း ဗထူးတွင်၂နှစ်ခန့် အတူတာဝန်ထမ်းဆောင်ခဲ့ဘူး၏။ ဒါသာမကပါ။ (၁၉၈၆)ခုနှစ် ကျွန်တော် စစ်ဦးစီးတက္ကသိုလ်တက်ရတော့ သူနှင့် အတူတူပြန်ဆုံသည်။ သူသည် တိုက်ခိုက်ရေးကျောင်း၌ လေ့ကျင့်ရေးတပ်ရေး Training Adjutant ဖြစ်၏။ စာအလွန်တော်သည်။ ဘာသာ တန်းတက်တက် ပထမ၊ ဒုတိယ၊ တတိယ တစ်ခုခုရနေကြ။ စစ်ဦးစီးတက္ကသိုလ်တွင်လည်း သူ ဒုတိယရသွားသည်။





တပ်ရင်းမှူးဖြစ်တော့လည်း စစ်ဦးစီးတက္ကသိုလ်၌ ပထမရသွားသည့် ကျွန်တော်တို့အပတ်စဉ်မှ ကိုစိုးဝင်းနှင့် သူတို့က ထိပ်က တပ်ရင်းမှူး အရင်ဖြစ်သွားကြသည်။ ယခု တိုက်ပွဲဖြစ်ချိန်၌ သူ တပ်ရင်းမှူးဖြစ်တာ တစ်နှစ်ခန့်ရှိပြီ ထင်၏။

ကျွန်တော်သည် MOTOROLA ဆက်သွယ်ရေးစက်ကလေးကို တစ်ချိန်လုံးဖွင့်ကာ သူတို့တိုက်ပွဲအခြေအနေကို နားထောင်စေ၏။

သံလွင်အရှေ့ခြမ်းတပ်များအတွက် Relay Station ဆင့်ကမ်းစက်ကြီးများ တပ်ဆင်၍ MOTOROLA စကားပြောစက်ကလေးများ အထက်ကထုတ်ပေးထားသည်။ ထိုစက်ကလေးများက မိုင်(၁၀၀/၂၀၀)ပြော၍ရသည်။ ကျွန်တော်တို့ မိုင်းရှူးရောက်တပ်ရင်းကို အထက်က ထိုစက်ကလေးတစ်လုံး ထုတ်ပေးထားပြီး တစ်နေ့တစ်ကြိမ် ဘေးနံတပ်များ အထက်ဌာနများနှင့် ဆက်သွယ်စေရာ မိုင်းယန်းတိုက်ပွဲအခြေအနေကို သိရတော့၏။ ကျွန်တော်တို့စက်ကလေးက မိုင်းယန်း၊ ကျိုင်းတုံဒေသများနှင့် ကောင်းစွာဆက်သွယ်ရ၏။ ထို့ကြောင့် စက်ဖွင့်ပြီး တိုက်ပွဲဝင်တပ်များ ပြောနေကြသံကို နားထောင်နိုင်ရခြင်းဖြစ်၏။ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



အင်အား အတော်များသည်ဟု ကြားရ၍ သူငယ်ချင်းကိုစိုးလွင်အတွက် စိတ်ပူမိသည်။

"တပ်ရင်းမှူး ... မိုင်းယန်းတပ်ရင်းမှူးကြီးကျသွားပြီတဲ့ခင်ဗျာ"

"ဟေ"

ညနေ ၅ နာရီကျော် ၆ နာရီ၌ အိုင်အိုဗိုလ်ကြီးထန်ကျင့်ထောင်မှပင် သတင်းပို့လာသည်။

"ဘယ်လိုကျသွားရတာလဲ"

"ရန်သူ့လက်နက်ကြီး ထိသွားတာတဲ့ခင်ဗျ"

"ဩော်"

"သွားပေဦးတော့ သူငယ်ချင်းရေ။ ရဲသော်မသေသေသော်ရဲမလှားပါ"

ကျွန်တော့်သူငယ်ချင်းရောင်းရင်းတစ်ယောက် တိုင်းပြည်နဲ့ တပ်မတော်အတွက် အသက်စွန့်သွားပြန်ပါပကော။

ထိုနေ့က ကျွန်တော် တော်တော်နဲ့အိပ်မပျော်ပါ။ ပြီးခဲ့သည့်အရေးအခင်းကြီး။ ကိုစိုးလွင်နဲ့ကျွန်တော်တို့ အတူနေခဲ့သည့်ကာလများ။ မိသားစုလိုက် ခင်မင်ရင်းနှီးခဲ့မှုများ။ သူ့ဇနီးအရီနှင့် ကျန်ခဲ့သည့်ကလေးသုံးလေးဦး။ ပြီးတော့အခုဖြစ်နေသည့် မိုင်းယန်းတိုက်ပွဲကြီး စသည် စသည်များ





ပါပေ။

မိုင်းယန်းသည်ကား ဗကပတွေ ပေါ်လာကတည်းက မကြာခဏလုပ်တိုက်ခံရသည့် မြို့ကလေး။ ကျိုင်းတုံဒေသ သံလွင်အရှေ့ခြမ်း၌ မိုင်းယန်းနှင့် မိုင်းယောင်းဘား အစွန်အဖျားကျ၍ ရန်သူတွေ၏ မကြာခဏ လက်တည့်စမ်းခံရသည့် မြို့ကလေးများဖြစ်ကြ၏။ ယခုလည်းအရေးအခင်းပြီးခါစ ပူပူနွေးနွေး။ တစ်ပတ်ပင် မပြည့်သေး။ ဗကပတို့က မိုင်းယန်းကို လာလုပ်ပြန်ပါပြီ။

အခြေအနေအားလုံးကို ပြန်စဉ်းစားရင်း တော်တော်နဲ့ အိပ်မပျော်ပါ။ ဗကပတွေ ဘာကြောင့် မိုင်းယန်းကိုမှဝင်တိုက်ကြပါသလဲ။

**ဘာကြောင့်ဗကပတွေမိုင်းယန်းကိုဝင်တိုက်ကြရသလဲ**

(၁၉၈၆)ခုနှစ် စီစီဝမ်တာပန် တိုက်ပွဲကြီးပြီးသွားတော့ ဗကပများ ဖွတ်ကျောပြာစုခရုဆန်ကျတ် ဖြစ်သွား[ပြီ] သူတို့အစ်ကိုတော် ပေါက်ဖော်ပါတီမှ အကူအညီများ[ရ]တ်လိုက်သဖြင့် စစ်ရေးအစွမ်းပြမည်ဟုကြုံးဝါးကာ စီစီဝမ်တာယန်ကို ထတိုက်လိုက်ရာ အမြတ်မရပါဘဲ ကြူကူ[ဂ]၊ [ဂျ]ုံဆိုင်။ မန်ဟီရိုး၊ ကွန်ဟိုင်း၊ နောင်မ စသည့်ရှုတို့၏

www.burmeseclassic.com



အရေးပါသော အခြေခံဒေသကြီးများပါ ဆုံးရှုံးသွားသဖြင့် ဖွတ်မရ ဓားမ ဆုံးကာ အရင်းထဲက ပါသွားတော့၏။

စီစီဝမ်တာပန်တိုက်ပွဲကို ကွပ်ကဲခဲ့သည့် ရဲဘော် အောင်ခေါ် အသားမည်းမျိုးမြင့်လည်း အမြီးကုတ်ကာ တစ်ချိုးတည်းပြေးရတော့၏။

ဗကပ ဗဟိုသည် အခြေအနေမကောင်းသဖြင့် ဗျူရိုများနှင့် တပ်မများကို ဖျက်သိမ်းပြီး အဖွဲ့ငယ်လေးများ ဖွဲ့ကာ နည်းနည်းနှင့်ကျဲကျဲ ပိုင်းနိုင်ရန် အားထုတ်တော့သည်။ လက်ကားမတတ်နိုင်တော့၍ လက်လီစိတ်ပြီး ရပ်တည်နိုင်ရန် ကြိုးစားတော့သည်။ ထိုသို့ကြိုးစားရင်း အခြေအနေကောင်းကို စောင့်နေခဲ့သည်။

(၁၉၈၈)ခုနှစ် မတ်လ (၁၂)ရက်နေ့၌ ကျောင်းသား မောင်ဘုန်းမော် သေဆုံးရမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ပေါ်၌ ကျောင်းသားအရေးအခင်း စတင်ဖြစ်ပေါ်ခဲ့သည်။ ဗကပမြောက်ပိုင်းဗျူရို၌ ရဲဘော်ထွန်း ခေါ် မိုလ်ကျင်မောင်သည် ရန်ကုန်မန္တလေးအပါအဝင် နိုင်ငံအနှံ့မြို့ကြီးများ၌ Under Ground ခေါ် မြေအောက် UG လုပ်ငန်းများတာဝန်ခံဖြစ်သည်။ သူသည် မြို့ပြများ၌ ဗကပ UG များစေလွှတ်ပြီး အခွင့်အရေးရသည်နှင့် ဆူပူမှုများဖြစ်ပွားစေရန် UG



များကို ဖွဲ့စည်းညွှန်ကြားလျက်ရှိ၏။ ရဲဘော်ထွန်းသည် ဗကပ ဗဟို၌ UG ရာဇာကြီးဖြစ်၏။ သူသည် ဤလုပ်ငန်းကို တစိုက်မတ်မတ် လုပ်လာသူလည်းဖြစ်သည်။ သူသည် လက်နက်ကိုင်တိုက်ပွဲ တော်လှန်ရေးထက် UG လုပ်ငန်းကို အလွန်အားသန်သူဖြစ်၏။ သူ့ကို ဗကပ ဥက္ကဋ္ဌဘသိန်းတင်ကလည်း တစ်ဖက်တစ်လမ်းမှ အလွန်အားထားသည်။ ယခုလိုအချိန်မျိုး၌ ပိုအားထား၏။

ရန်ကုန်တွင် စတင်ဖြစ်ပေါ်ခဲ့သော အရေးအခင်း၌ အမှန်ပင် ဗကပ UG များ ပါဝင်ခဲ့၏။ ထိုအခြေအနေကို သိသွားသော ဥက္ကဋ္ဌဘသိန်းတင်က ဤအရေးအခင်းကို အခွင့်ကောင်းယူကာ နိုင်ငံတော်အာဏာ သိမ်းပိုက်ရရှိရေးကို စဉ်းစားစီစဉ်တော့၏။

ဗကပအသံမှ ကြေညာချက်များ ထုတ်လွှင့်သည်။ ဆူပူနေသော ကျောင်းသားများကို တော်လှန်သောသူရဲကောင်းများအဖြစ် ဗကပအသံမှ အသံလွှင့်ပေးသည်။ ဆက်အသွယ်ခက်ခဲသော ပန်းဆန်းတွင် မနေတော့ဘဲ ဆက်သွယ်မှုလွယ်ကူသော မုန်းကိုးသို့ ရွှေ့ပြောင်းပြီး ဒေသဆီသို့ ဆက်သွယ်ခဲ့သည်။ ဗဟိုပေါ်လစ်ဗျူရို အစည်းအဝေးကျင်းပပြီး နိုင်ငံတော်အာဏာရရှိရေးအတွက် [illegible]ချက်

www.burmeseclassic.com



များ ရေးဆွဲခဲ့သည်။

"ဒီဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေကို ကျွန်တော်တို့ ကျင်ကျင်လည်လည် ဝင်ပြီးကိုင်တွယ်လိုက်နိုင်ရင် နိုင်ငံတော်အာဏာကို ကျွန်တော်တို့ရရှိမှာ မုချအသေအချာပဲ"

ဘသိန်းတင်က ထိုသို့ဆိုခဲ့၏။

ထို့နောက် ဗကပအသံမှ ကြေညာချက်အမျိုးမျိုး ထုတ်လွှင့်၍ ဆူပူမှုကြီးသထက်ကြီးထွားလာအောင်နှင့် အစိုးရ မြန်မြန်ပြုတ်ကျရေးအတွက် အစွမ်းကုန်လုပ်ဆောင်တော့၏။ ထိုမျှသာမက လိုအပ်ပါက လက်နက်ကိုင်ပြီး နယ်မြေများသိမ်းနိုင်ရန်အတွက် တပ်များစုစည်းခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ စုစည်းခြင်း စသည်တို့ကိုပါ ပြင်ဆင်ထားသည်။ ဆူပူသူများအနေဖြင့် ဒီမိုကရေစီ ပြည်ချစ်တပ်မတော်ကို ဖွဲ့စည်းပြီး တိုင်းပြည်ကို ကယ်တင်ရေးတို့ကိုပါ အသံလွှင့်ချက်၌ ထည့်သွင်းခဲ့သည်။ ဒါမှသာ ဗကပတို့၏ ပြည်သူ့တပ်မတော်သည်လည်း ပြည်ချစ်တပ်မတော်၌ ပါဝင်နိုင်မည်ဖြစ်၏။

သို့ရာတွင် (၁၉၈၈)စက်တင်ဘာလ (၁၈)ရက်၌ တပ်မတော်မှ နိုင်ငံတော်ကို တာဝန်ယူ ထိန်းသိမ်းလိုက်ရာ



ဗကပ ဥက္ကဋ္ဌဘသိန်းတင်နှင့် ဗဟိုကော်မတီအတွက် မှန်းချက်နှင့် နှမ်းထွက် လွဲသွားတော့၏။ တပ်မတော်က တစ်နိုင်ငံလုံး ဆူပူနေသူများကို ကြပ်မတ် ထိန်းသိမ်းလိုက်သောအခါ ...

"ဒီမိုကရေစီ ဆိတ်သုဉ်းသွားပြီ၊ ရရာလက်နက်ကိုင်ဖွဲ့ပြီး စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ကြ"

"လောကတစ်လွှား ဥက္ကဋ္ဌမော်တရား လက်နက်နဲ့သာ အာဏာသိမ်းယူပါ"

ဟူသော အသံလွှင့်ချက်များကို အဆက်မပြတ် ထုတ်လွှင့်တော့သည်။

"သိပ်အချိန်ဆိုင်းလို့ မရဘူး။ စုထားတဲ့တပ်တွေနဲ့ အချိန်မနှောင်းခင် ရနိုင်မယ့်နေရာတစ်ခုခုတော့ တိုက်ချသိုက်မှရမယ်"

ဘသိန်းတင်က ဆိုလာသည်။

(၁၉၈၈)စက်တင်ဘာလဆန်းမှစ၍ ပန်းဆန်းမှ မုန်းတိုင်းသို့ ခရီးထွက်ခဲ့ပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ခဲ့သော ဘသိန်းတင်သည် တပ်မတော်မှ နိုင်ငံတော်တာဝန် ယူလိုက်သည်ဟု သတင်းရလိုက်သည်နှင့် မုန်းတိုင်းမှ ပန်းဆန်းသို့ အပြေးအလွှားပြန်ခဲ့၏။ ပန်းဆန်း

www.burmeseclassic.com

www.burmeseclassic.com




ပြန်ရောက်သည်နှင့် ဗဟိုစစ်ကော်မရှင်ကို တိုက်တော့ဟု လှမ်းပြောတော့၏။

ဗဟိုစစ်ကော်မရှင်ကလည်း ဥက္ကဋ္ဌဘသိန်းတင် မီးစိမ်းပြလိုက်ပါက ပန်းဆန်းနှင့်အနီးဆုံးဖြစ်သည့် မိုင်းယန်းအားတိုက်ရန် ရှေးမဆွကပင် စီစဉ်ထားရှိပြီးဖြစ်သည်။ သို့ဖြစ်၍ (၁၉၈၈)စက်တင်ဘာလ (၂၃)ရက်နေ့ နံနက်တွင် လူအင်အား (၂၀၀၀)ကျော်ဖြင့် မိုင်းယန်းကို ဝင်ရောက်တိုက်ခိုက်ရာမှ ဒုတိယအကြိမ် မိုင်းယန်းတိုက်ပွဲကြီး စတင်ဖြစ်ပွားပါတော့သည်။

တကယ်တော့ မိုင်းယန်းတိုက်ပွဲမှာ ဗကပတို့အနေဖြင့် မြေပေါ်နိုင်ငံရေးလှုပ်ရှားမှုများနှင့်အတူ မြေအောက်လက်နက်ကိုင် အဖွဲ့အစည်းများ အတွင်းအပြင် ဟန်ချက်ညီညီ အကွက်စေ့စေ့ စီမံလုပ်ကိုင်ဖော်ဆောင်ခဲ့ခြင်းဖြစ်၏။

တစ်နည်းအားဖြင့် ဗကပတို့သည် မြေပေါ်မြေအောက် အဖွဲ့အစည်းများဖြင့် ဖြစ်ပေါ်နေသော နိုင်ငံတော်၏ အခြေအနေပေါ်တွင် မဟာဗျူဟာ အစီအစဉ်ရှိရှိ အခွင့်ကောင်းယူကာ အမြတ်ထုတ်အသုံးချနိုင်ရေးအတွက် မိုင်းယန်းတိုက်ပွဲကို တိုက်ခဲ့ကြခြင်းဖြစ်ပါ၏။






မိုင်းယန်းတိုက်ပွဲတွင် မိမိရှေ့တန်းအမှတ်(၁၀၈)ခြေမြန်တပ်ရင်းအား
ဗကပ များမှ ဝိုင်းပတ်တိုက်ခိုက်နေပုံ
(ပုံကြမ်း)

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များကြောင့် ဗကပတို့ မိုင်းယန်းကို တိုက်ခဲ့ကြခြင်းဖြစ်ပါသည် ခင်ဗျား။

**မိုင်းယန်း၏ပထဝီအနေအထား**

ဗကပတို့ နောက်ဆုံးမျက်စိကျခဲ့သော မိုင်းယန်းမြို့ကလေး၏ ပထဝီအနေအထားကို ပြောလိုပါသေးသည်။

မိုင်းယန်းမြို့ကလေးသည် လတ္တီတွဒ် ၉၇နှင့် ၁၀၀ အကြား၊ လောင်ဂျီတွဒ် ၂၀နှင့် ၂၂အကြား ရှမ်းပြည်နယ်အရှေ့ပိုင်း၌ တည်ရှိ၏။

ရှမ်းပြည်နယ်အရှေ့ပိုင်းမြို့တော် ကျိုင်းတုံ၏ မြောက်ဘက်တွင်ရှိပြီး ကျိုင်းတုံနှင့် ၆၅ မိုင်ကွာဝေး၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မိုင် ၃၀ ကျော် ၄၀ ခန့်သာ ကွာဝေး၏။ ရှေးပဒေသရာဇ်ခေတ်ကာလက မိုင်းယန်းကို မိုင်းယန်းခေါ် မိုင်းယန်းမြို့စားက အုပ်ချုပ်သည်။ ကျိုင်းတုံစော်ဘွား၏ ကွပ်ကဲမှုအောက်ကဖြစ်၏။ မိုင်းယန်းတွင် နေထိုင်ကြသူများမှာ လီရှမ်း၊ ဂုံရှမ်း၊ အခါလားဟူ လီရှော နှင့်ဝ စသည့်တိုင်းရင်းသားများ ဖြစ်ကြ၏။

မိုင်းယန်းမြို့သည် အရှေ့ပိုင်းရှမ်းပြည်နယ်၏ မြောက်ဘက်အစွန်ဆုံးကျသော မြို့ကလေးပင်။ ကျိုင်းတုံမှ မြေ



www.burmeseclassic.com

www.burmeseclassic.com



မိုင်သာ ကွာဝေးသော်လည်း လမ်းများမကောင်းသဖြင့် သွားရလာရ အတော်ခက်ခဲလေသည်။ ကားလမ်းရှိသော်လည်း လမ်းမကောင်းပါ။ ကျိုင်းတုံမှ မိုင် ၆၀ ကျော်ခရီးကို လေးငါးနာရီ ကားမောင်းရပါသည်။ ကျိုင်းတုံမှ ဝမ်တာပုံ၊ မိုင်းခတ်၊ မိုင်းလွေမှသည် မိုင်းယန်းသို့ ရောက်ပါ၏။

မြို့ကလေးပတ်ဝန်းကျင်၌ ပေသုံးလေးငါးထောင်မြင့်သော တောင်များဝန်းရံနေ၏။ မြို့တွင်းမှာမူကား ပြန့်ကလေးဖြစ်၏။ ယန်းဆိုသည်မှာ ရှမ်းလူမျိုးတို့၏ စကားအရ ပြန့်ကိုခေါ်သည်။ ထို့ကြောင့် မိုင်းယန်းဆိုသည်မှာ ပြန့်တွင်တည်ထားသောမြို့ဟု အဓိပ္ပာယ်ရလေသည်။ ပြန့်ဆိုသော်လည်း မြို့အနောက်ဘက်ထိပ်၌ တောင်ကုန်းငယ်လေးများ ရှိလေသည်။

မိုင်းယန်းမြောက်ဘက်၌ ဟိုတောင်းမိုင်းဖျန်နှင့် အနောက်ဘက်တွင် မိုင်းပေါက်ရှိ၏။ အညိုရောင်နယ်မြေများဖြစ်သည်။ အရှေ့ဘက်၌ ဆီလူးရှိ၏။ ဗကပတို့လက်အောက်မှာပါပဲ။ တောင်ဘက်၌ မိုင်းခတ်နှင့်ကျိုင်းတုံရှိ၏။ သည်သို့သောအခြေအနေတွင် မိုင်းယန်းသည် ရန်စွယ်ကြားက လှုဉ်မှာဖြစ်နေသည်။ ဆူးကြားကပူးဖြစ်နေ၏။ ကျိုင်းတုံနှင့်အလှမ်းဝေးပြီး သွားရလာရခက်ခဲသော မိုင်းယန်းမြို့





...လေးအား ဗကပတို့က မကြာခဏ လက်တဲ့စမ်းခဲ့ကြ၏။ ...ရှုံးကျသော ထီးထီးဖြစ်နေသောစခန်း၊ တပ်၊ မြို့၊ ရွာ ...တို့ကို ဦးစွာတိုက်ရမည်ဟူသော သူတို့သီအိုရီအရ ဗကပ ...များက မိုင်းယန်းကို တိုက်ခိုက်ခဲ့ကြသည်။

(၁၉၈၀)ခုနှစ်၊ သကြံန်ပြီးခါစ စာရေးသူ ဗထူး ...ိုက်ခိုက်ရေးကျောင်း၌ တာဝန်ထမ်းဆောင်နေစဉ်က မိုင်း...န်းအား ဗကပ (၁၅၀၀)ခန့်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ဖူး...သည်။ အမှတ် (၁၀၈)ခြေမြန်တပ်ရင်းနှင့် စစ်ကြောင်း(၁) ...ပ်ခွဲသုံးခွဲ အခြေပြုထားသည်ကို ဝင်ရောက်တိုက်ခိုက်ခဲ့...ခြင်းဖြစ်၏။ ဧပြီလ (၁၉)ရက်နေ့ မနက် (၄)နာရီခန့်တွင် ...င်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ခမရ(၁၀၈)မှ အပြင်းအထန် ...ြန်လည်ခုခံတိုက်ခိုက်သဖြင့် (၆)နာရီမျှ တိုက်ခိုက်ပြီးနောက် ...ြို့ကို မသိမ်းနိုင်ဘဲ မိုင်းယန်းမှ ပြန်လည်ဆုတ်ခွာသွားခဲ့ ...ြသည်။ ရန်သူရော၊ မိမိပါ နှစ်ဖက်စလုံး အကျအဆုံး ...ျားသော တိုက်ပွဲပင်။

ယခုလည်း (၁၉၈၀)က သူတို့ အကဲစမ်းခဲ့ဖူးသော ...ိုင်းယန်းမြို့ကလေးအား ဗကပတို့က တိုက်ဖို့ခိုက်ဖို့ ပြင် ...ဆင်နေကြပြန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူတို့၏စုစွဲ့ပြင်ဆင်မှုများ

(၁၉၈၈)အရေးအခင်းက အသံကြားကတည်း… ဗကပဥက္ကဋ္ဌဘသိန်းတင် လှုပ်လှုပ်ရွရွဖြစ်နေ၏။ ဟိုပြေ… လိုက်၊ ဒီပြေးလိုက်ဖြင့် အမိန့်တွေထုတ်၊ ညွှန်ကြားချက်တွေ… ထုတ်ဖြင့် အလုပ်ရှုပ်နေ၏။ သူနေရာ ပန်းဆန်းဗဟို… ဟိုဟို ဒီဒီကိုသွားပြီး ဂျိုကာမိန့်ခွန်းအပါအဝင် မိန့်ခွန်းအမျိုး… မျိုး ချွေ၏။ ဗကပအသံလွှင့်ရုံမှလည်း ကြေညာချက်အမျိုး… မျိုးကို ထုတ်လွှင့်စေ၏။ ဒါသာမက မြေပေါ်မြေအောက်… နှစ်ဖက်ညှပ်ပြီး တိုက်ပွဲဝင်နိုင်ရန်အတွက် သူ၏ ရှိစုစု… တပ်များကို အသင့်ပြင်စေ၏။

"ကဲ ... တစ်ပွဲတစ်လမ်း အကဲစမ်းရအောင်… တပ်တွေကိုပြင်ထား။ ဒီက Green Light ပေးလိုက်တာ… တိုက်ပေတော့။ ရည်မှန်းချက်ကိုတော့ နိုင်ဖို့သေချာတာ… ရွေးနော်။ နိုင်ပြီးရင်လည်း လွတ်မြောက်နယ်မြေ ကြေညာ… နိုင်ဖို့လည်း လိုမယ်"

ဘသိန်းတင်က ဗကပဗဟိုပေါ်လစ်ဗျူရိုနှင့် ဗ… စစ်ကော်မရှင်ကို အထက်ပါအတိုင်း လမ်းညွှန်ခဲ့၏။

ထို့ကြောင့် အရေးအခင်းပထမအစပိုင်းကပင် ဗ… စစ်ကော်မရှင်က မိုင်းယန်းတိုက်ပွဲအတွက် ကြိုတင်ပြင်ဆ…





…၏ တိုးချဲ့ဗဟို စစ်ကော်မရှင်အစည်းအဝေးကို ပန်းဆန်း …ရုံးတွင် ပြုလုပ်ခဲ့သည်။ အစည်းအဝေး၌ အောက်ပါ …များ တက်ရောက်ခဲ့ကြသည်။

| | |
|---|---|
| …ထင် (ခေါ်) | အရှေ့မြောက်စစ်ဒေသ |
| …ဘော်စိုးသိမ်း | နိုင်ငံရေးမှူး |
| …ဘော်အုန်းကြည် | မြောက်ပိုင်းဗျူရိုစစ်ဦးစီးမှူး |
| …ဘော်ကြည်မြင့် | မြောက်ပိုင်းဗျူရိုဒုစစ် ဦးစီးမှူး |
| …ဘော်ထွန်းလွင် | မြောက်ပိုင်းဗျူရိုတပ်မှူး |
| …ဘော်စိုင်းလင်း | (၈၁၅)စစ်ဒေသမှူး |

ထိုတိုးချဲ့ဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ မိုင်းယန်းကို တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ကြ၏။ ပန်းဆန်းဗဟိုမှ အဖွဲ့ဝင်(၁၁)ဦးပါဝင်သော ကွပ်ကဲမှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

အကြီးအကဲမှာ အရှေ့မြောက်စစ်ဒေသ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းခေါ် လင်ထင်ပင်ဖြစ်၏။

တပ်များကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းခဲ့၏။

| | | |
|---|---|---|
| တပ်မဟာ(၁) | မှ | ရင်း၄၀၄၈ |
| တပ်မဟာ(၃) | မှ | ရင်း၅၀၁ |
| တပ်မဟာ(၅) | မှ | ရင်း၀၈၁/၀၈၅/၀၈၇ |



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ(၇) မှ ရင်း၅၀၃

တပ်မဟာ(၈) မှ ရင်း၀၈၃

တပ်မဟာရ၆၈ မှ ရင်း၃/၆/၉

တပ်မဟာ(၈၁၅) မှ ရင်း၇/၁၄/၁၆/၁၈

တပ်မဟာ (၈၅၁)ခေါ် ဗဟိုကင်းတပ်မဟာ

ထုတ်နုတ်အင်အားစုအချို့အပါအဝင် စုစုပေါင်းအင်အား ၂၀၀၀ ခန့်။

လက်နက် RPG ခေါ် ဝှက်ပျောမှုလောင်ချာများ အပါအဝင်

လက်နက်ငယ်များ

၆၀ မမ/၈၂ မမ/၁၂၀ မမ စိန်ပြောင်းများ

၅၇ မမ/၇၅ မမ နောက်ပွင့်ရိုင်ဖယ်များ

ပွိုင့်ဖိုက်စက်သေနတ်ကြီးများ။

ဤတိုက်ပွဲကြီးကို အနီးကပ်ကွပ်ကဲရန်အတွက် အရှေ့မြောက်စစ်ဒေသနိုင်ငံရေးမှူး ရဲဘော်စိုးသိမ်းအား တာဝန်ပေးလိုက်ရာ ရဲဘော်စိုးသိမ်းသည် တိုက်ပွဲကာလ မတိုင်မီက ပန်းဆန်းတစ်ဝိုက်၌ အလုပ်အကိုင်မရှိ ယောင် ချာချာဖြစ်နေသူ ဝေလေလေလသမားများကို တိုက်ပွဲနှင့် အားလုံးသိမ်းကျုံးခေါ်သွားခဲ့၏။

"ခင်များတို့ လိုက်ခဲ့ကြ။ ရည်မှန်းချက်သိမ်းပြီး





လုပ်စရာတွေက တစ်ပုံကြီး"ဟုလည်း မစားရဝခမန်းပြော ခဲ့၏။

ဗကပတို့၏ မျှော်မှန်းချက်မှာ မိုင်းယန်းကိုသိမ်းပြီးသည်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ အခြေခံဒေသများတွင် ဖွဲ့စည်းထားသော ပြည်သူ့အုပ်ချုပ်ရေးနှင့် မတူခြားနားသည့် "ယာယီအစိုးရ" ကို ဖွဲ့စည်းရန်၊ ပတ်ဝန်းကျင်ကျေးရွာများတစ်ဝိုက်တွင်လည်း ဝါဒဖြန့်စည်းရုံးပြီး တိုင်းပြည်ကို တင်ပြနိုင်ရန်ဖြစ်လေသည်။

ဗကပတို့အကြံကား ကြီးမားပေစွ။

**မိမိတို့၏တပ်အခင်းအကျင်း**

ထိုစဉ်က မိမိတို့၏ ကျိုင်းတုံမြောက်ခြမ်းမိုင်းယန်း ဒေသ တပ်အခင်းအကျင်းမှာ အောက်ပါအတိုင်းဖြစ်၏။

(က) မိုင်းယန်းတွင်

- ရှေ့တန်းအမှတ်(၁၁)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း (၁)ဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲ မြို့လုံခြုံရေး
- ကျန်တပ်ခွဲတစ်ခွဲက မိုင်းယန်းနှင့်ဆီလူးကြား လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



- စစ်ကြောင်း(၂)နှင့် တပ်ခွဲတစ်ခွဲက မိုင်းယန်းမြို့ ပတ်ဝန်းကျင်ကုန်းများဖြစ်သော အောင်သမြေ ကုန်းနှင့် အောင်မြေကုန်းများ၌ စခန်းထိန်း တာဝန်။
- ကျန်တပ်ခွဲတစ်ခွဲက ထိုစခန်းကုန်းများပတ်ဝန်း ကျင် လှုပ်ရှား

စုစုပေါင်းတပ်ခွဲ (၄)ခွဲဖြစ်၏။

(ခ) မိုင်းလွေတွင် တပ်ခွဲတစ်ခွဲအခြေပြုလှုပ်ရှား

(ဂ) မိုင်းခတ်တွင် နည်းဗျူဟာ(၈၈၁)နှင့် ရှေ့တန်းအမှတ် (၆)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ စစ်ကြောင်းနှင့် (၁) နှင့် တပ်ခွဲသုံးခွဲ၊ ဗျူဟာအရန်

စစ်ကြောင်း (၂)နှင့် တစ်ခွဲလွယ်ယုတ်၊ လွယ်မီး ဝမ်တာပုံ

(ဃ) ရှေ့တန်းအမှတ် (၁)ကယားသေနတ်ကိုင်တပ်ရင်း စစ်ကြောင်း (၁)နှင့်တပ်ခွဲတစ်ခွဲ၊ ကြက်ဥတောင် အောင်စိုးမိုး

ကျန်တပ်ခွဲတစ်ခွဲ ကြက်ဥတောင်မြောက်ခြမ်းလှုပ် ရှား

(င) ကျိုင်းတုံ





ရှေ့တန်းအမှတ် (၈၈)ခြေမြန်တပ်မဌာနချုပ်နှင့် ရှေ့တန်းအမှတ် (၁၄)ခြေလျင်တပ်ရင်း၊ တပ်ခွဲငါးခွဲ ကျိုင်းတုံအရန်

မိုင်းယန်းမြို့လုံခြုံရေးယူထားသော ရှေ့တန်းအမှတ် (၁၁)ခြေလျင်တပ်ရင်းသည် မိုင်းယန်းမြို့တွင်းရှိ အောင်တံခွန် ကုန်း၌ စစ်ကြောင်းဌာနချုပ် အခြေပြုထား၏။

**မိုင်းယန်းကိုစတင်တိုက်ခိုက်ခြင်း**

(၁၉၈၈)ခုနှစ်၊ စက်တင်ဘာလဆန်းလောက် ကတည်းက ဗကပတို့ မိုင်းယန်းတစ်ဝိုက် လှုပ်ရှားလာကြ သည်။ ပန်းဆန်းဗဟို၌ စုဖွဲ့စည်းထားသည့်တပ်များလည်း တောင်ဘက်သို့ ဆင်းချလာကြ၏။ ဗကပသတင်းများ တိုမှဒီမှ ပေါ်ထွက်လာ၏။

ရန်သူ့သတင်းကိုရရှိသော ရှေ့တန်းအမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ တိုက်ပွဲမဖြစ်မီ (၂)ရက်ခန့်ကပင် ကျိုင်းတုံသို့ရောက်လာသည့် ခမရ (၁၉)နှင့် တပ်ခွဲ(၂)ခွဲ အား မိုင်းယန်းဒေသသို့ စေလွှတ်ပေးခဲ့၏။ ထိုစစ်ကြောင်း သည် မိုင်းလွေမရောက်မီ လမ်း၌ ဗကပများနှင့် တိုက်ပွဲ ဖြစ်ပွားပြီး တပ်ရင်းမှူးကျဆုံးသွား၍ မိုင်းယန်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့။

ဗကပတို့သည် မိုင်းယန်းကို ဝိုင်းဝန်းမတိုက်ခိုက်မီ စက်တင်ဘာလ (၁၄)ရက်နေ့လောက်ကစပြီး မိုင်းယန်းပတ်ဝန်းကျင်၌ သွေးတိုးစမ်းတိုက်ပွဲများ စတင်တိုက်ခိုက်လာကြ၏။ တိုက်ပွဲငယ်များ မကြာခဏဖြစ်ပွားကာ မိုင်းယန်းကို တဖြည်းဖြည်း ဝိုင်းပတ်လာကြခြင်းဖြစ်၏။

မိုင်းယန်းအား အရှေ့ဘက်မှ လည်းကောင်း၊ အနောက်ဘက်မှလည်းကောင်း၊ စစ်ကြောင်းသုံးကြောင်းခွဲကာ ဝိုင်းလာကြခြင်းဖြစ်၏။

**တိုက်ပွဲဆင်နွဲပုံအဆင့်ဆင့်**

**စက်တင်ဘာလ (၁၄)ရက်**

စက်တင်ဘာလ (၁၄)ရက်တွင် ရှေ့တန်းအမှတ်(၁၁) ခြေလျင်တပ်ရင်းစစ်ကြောင်း (၂)နှင့် တပ်ခွဲ (၂)ခွဲ အခြေပြုလှုပ်ရှားနေသော အောင်သပြေကုန်းအား စတင်တိုက်ခိုက်ခဲ့သည်။ ဗကပတို့က အောင်သပြေလှုပ်ရှားတပ်ဖွဲ့အား ထိုနေ့နံနက်က စစ်မြှုပ်ပြီး လာရောက်ပစ်ခတ်ရာ မိမိလှုပ်ရှားတပ်ဖွဲ့မှ လိုက်လံတိုက်ခိုက်သည်ကို ဝမ်ကြီးဘုန်းကြီးကျောင်းမှ အင်အား (၁၀၀)ခန့်ဖြင့် စောင့်ပြီး ဆီးကြို



တိုက်ခိုက်တော့၏။ မိမိလှုပ်ရှားတပ်ဖွဲ့သည် အင်အားမမျှသဖြင့် ခုခံစစ်ဆင်ခဲ့ပြီး အောင်သပြေစခန်းကုန်းကို ပြန်လည်ပူးပေါင်းခဲ့၏။ အောင်သပြေကုန်း၌ စစ်ကြောင်း(၂) ဌာနချုပ်ရှိနေရာ ဗကပတို့သည် နောက်ထပ်အင်အား(၁၀၀)ခန့်နှင့် ပူးပေါင်း၍ အောင်သပြေကုန်းအား နေ့လယ်ချိန်မှစ၍ လက်နက်ကြီးပစ်ကူများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြရာ ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်အောင့်မြင့်ဦး ဦးစီးသည့် အောင်သပြေစခန်းမှ စစ်သည်များက ရဲရင့်စွာ ပြန်လည်တိုက်ခိုက်ကြသဖြင့် ညအချိန်၌ ပြန်လည်ဆုတ်ခွာသွားကြပါသည်။ တိုက်ပွဲအတော်ပြင်းထန်၏။

ထိုနေ့က တိုက်ပွဲ၌ ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်အောင်မြင့်ဦး ဘယ်ဘက်လက်ကောက်ဝတ်သို့ ရန်သူလက်နက်ကြီး ထိမှန်ပြီး အရိုးကျိုးသည့်ဒဏ်ရာ ရရှိခဲ့ပါသည်။ ဒဏ်ရာပြင်းထန်၏။

ရန်သူသည် စစ်ကြောင်း(၂)အား ပဏာမလာပြီး အားစမ်းလိုက်ခြင်းသာဖြစ်၏။

www.burmeseclassic.com



## စက်တင်ဘာ(၁၇)ရက်

စက်တင်ဘာ (၁၅/၁၆) နှစ်ရက်ခန့်ငြိမ်နေပြီး စက်တင်ဘာ(၁၇)ရက်၌ တပ်မဟာ (၇၆၈)နှင့် (၈၁၅)မှ ပူးပေါင်းအင်အား (၁၀၀၀)ခန့်သည် မိုင်းယန်းအနောက်ဘက်သို့ ရောက်ရှိလာပြီး ၈၂-မီလီမီတာစိန်ပြောင်းများ၊ ၆၀မမ စိန်ပြောင်းဖြင့် နံနက်မိုးလင်းစမှနေ့လယ်အချိန်ထိ အဆက်မပြတ် လာရောက်ပစ်ခတ်နေခဲ့လေသည်။ မိမိရှေ့တန်း ခလရ (၁၁) မှ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်မှသာ အပစ်ရပ်၍ အနောက်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားတော့၏။ မိုင်းယန်းကို ဝိုင်းတိုက်မည့်တပ်များကို စောင့်ဆိုင်းရင်း ဗကပတို့က လူ၊ လက်နက်စုဖွဲ့ခြင်းကို လေးငါးရက် ဆောင်ရွက်ခဲ့ကြ၏။

စက်တင်ဘာ (၂၂)ရက်နေ့၌ မိုင်းယန်းပတ်ဝန်းကျင်တွင် ဗကပများအင်အား (၂၀၀၀)ခန့်ထိ ရှိလာသည်။

## စက်တင်ဘာ(၂၃)ရက်

မိုင်းယန်းကိုတိုက်ခိုက်မည့် ဗကပများ လူစုံတက်စုံ မိုင်းယန်းအနီးသို့ ရောက်ရှိနေကြပြီဟု သတင်းရသည်။

စက်တင်ဘာ (၂၂)ရက်နေ့ ညအချိန်မှစ၍ မိုင်းယန်း





အား မြို့အနောက်ဘက်မှလည်းကောင်း၊ တောင်ဘက်မှလည်းကောင်း၊ လက်နက်ကြီးများဖြင့် တစ်ညလုံးပစ်ခတ်ကြတော့သည်။ စက်တင်ဘာ (၂၃)ရက်နေ့ နံနက်တွင် အင်အား (၂၀၀)ခန့်သည် တောင်ဘက်ရှိလမင်းကုန်းအား လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်၍ တစ်ဟုန်ထိုး ဝင်ရောက် တိုက်ခိုက်တော့၏။ လေးကြိမ်တိုင်တိုင်ကျားထိုးတိုက်ခိုက်သဖြင့် မိမိအောင်တံခွန်ကုန်းမှ လက်နက်ကြီး ပစ်ကူများပေးခဲ့ရာ ရန်သူများ ခေတ္တရပ်တန့်သွား၏။ သို့ရာတွင် နောက်ထပ်အင်အား (၂၀၀)ကျော် ထပ်ဆောင်း၍ ရန်သူမှ ထပ်မံတိုက်ခိုက်လာပြန်ရာ လမင်းကုန်းမှ ခံစစ်ဆင်နေသော ခွဲရုံး (၂)စုသည် စခန်းအား လက်လွှတ်လိုက်ရပြီး အောင်တံခွန်ကုန်းသို့ လာရောက်ပူးပေါင်းရတော့၏။

တစ်ချိန်တည်းမှာပင် ရန်ရှင်းကုန်းရှိ တပ်စုတစ်စုကိုလည်း ရန်သူ့အင်အား (၁၀၀)ခန့်မှ အနောက်တောင်ဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မိမိတပ်စုရန်ရှင်းကုန်းမှ ဘုရားကုန်းသို့ ဆုတ်ခွာရတော့၏။ ရန်သူသည် ရန်ရှင်းကုန်းနှင့် လမင်းကုန်းအား ရပြီးသည်နှင့် ထိုကုန်းများပေါ်တွင် ပိုင်ဖိုက်စက်သေနတ်ကြီးများ၊ (၅၇)မီလီမီတာ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပွိုင့်ရှိင်ဖယ်များတင်ကာ မိမိစစ်ကြောင်းဌာနချုပ်ရှိသည့် အောင်တံခွန်ကုန်းအား ပိုင်းဝန်းပစ်ခတ်တော့၏။ ၎င်းအပြင် ဘုရားကုန်းကိုလည်း ပစ်ခတ်ပြန်၏။ နေ့လယ် (၁၁)နာရီခန့်မှ ညနေအထိ ဘုရားကုန်းအား ရန်သူ (၄၀၀)ခန့်မှ ပိုင်းဝန်းအော်ဟစ်၍ (၆)ကြိမ်တိုင်တိုင် ကျားထိုးတိုက်ခိုက်တော့၏။ နောက်ဆုံးအကြိမ် လက်နက်ကြီးများပစ်၍ တိုက်ခိုက်ရာ၌ မိမိတပ်မှ စခန်းတာဝန်ခံ ဗိုလ်သန့်ဇင် ဒဏ်ရာရရှိသွားသဖြင့် စခန်းကို စွန့်လွှတ်ရပြီး ဘုရားကုန်းမှ စစ်သည်များ စစ်ကြောင်းဌာနချုပ်ရှိသည့် အောင်တံခွန်ကုန်းသို့ လာရောက်ပူးပေါင်းရတော့သည်။

ဗကပတို့သည် လမင်းကုန်း၊ ရန်ရှင်းကုန်း၊ ဘုရားကုန်းတို့ကို ရပြီးသည်နှင့် ထိုကုန်းသုံးကုန်းတို့တွင် စိန်ပြောင်းများ၊ စက်သေနတ်ကြီးများတပ်ကာ အောင်တံခွန်ကုန်းသို့ စုပြုံပစ်ခတ်ကြတော့၏။ အောင်တံခွန်ကုန်းမှလည်း (၆၀)မီလီမီတာ၊ (၈၁)မီလီမီတာ စိန်ပြောင်းများနှင့် ပြန်လည်ပစ်ခတ်ခဲ့ပါသည်။ ရန်သူ့အင်အား (၅၀၀)ခန့်မှ စစ်ကြောင်း(၁)ဌာနချုပ်ရှိသော အောင်တံခွန်ကုန်းအား အဘက်ဘက်မှ ပိုင်းဝန်း၍ လက်နက်ကြီးပစ်ကူများဖြင့် ကျားထိုးတိုက်ခိုက်တော့၏။ တပ်ရင်းမှူးဗိုလ်မှူးစိုးလွင်





က ရန်သူများအား (၈၄)မီလီမီတာ ကာလ်ဂူးစတပ်လောင်ချာဖြင့် ပစ်ခတ်စေ၏။ ထိုလက်နက်မှာ တပ်ရင်းမှူး၏ကြီးကြပ်မှုဖြင့် ဖစ်ရသဖြင့် ကိုယ်တိုင်ကြီးကြပ်ခဲ့၏။ ထိရောက်မှုကလည်း အလွန်ကောင်း၏။ ထို့ကြောင့် ရန်သူတို့က ထိုလက်နက်ကြီးပစ်လာသည့် နေရာအား အဖြောင့်ပစ် (၅၇)မီလီမီတာ နောက်ပွင့်ရိုင်ဖယ် အသေးစားဖြင့် ပိုင်းဝန်းစုပြုံပစ်ခတ်ရာ ညနေ (၅)နာရီအချိန်ခန့်တွင် တပ်ရင်းမှူးဗိုလ်မှူးစိုးလွင်သည် ရန်သူပစ်ခတ်လိုက်သော (၅၇)မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ထိမှန်၍ ကျဆုံးခဲ့ပါသည်။

တပ်ရင်းမှူးကျဆုံးသည်နှင့် စက်တင်ဘာ (၁၄) ရက်နေ့က တိုက်ပွဲ၌ဒဏ်ရာရခဲ့သဖြင့် အောင်တံခွန်ကုန်းသို့ ခေတ္တပြန်လည်ရောက်ရှိနေသော ဒုတပ်ရင်းမှူးဗိုလ်မှူးတင်အောင်မြင့်ဦးက တိုက်ပွဲကို ဆက်လက်ဦးဆောင်ကွပ်ကဲခဲ့တော့၏။

**စက်တင်ဘာ(၂၄)ရက်**

မိုင်းယန်းမြို့အားရန်သူအင်အား (၂၀၀၀)ကျော်က ပိုင်းဝန်းတိုက်ခိုက်နေကြောင်း သိရှိရသဖြင့် အောင်သပြေအနီးတွင်ရှိနေသည့် ဗိုလ်မှူးစိန်အေးနှင့် တပ်ခွဲတစ်ခုသည်



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ (၂၃)ရက်နေ့ညနေ၌ အောင်မြေစခန်းသို့ ချီတက်ကာ စစ်ကြောင်း(၂)နှင့် ပူးပေါင်းခဲ့သည်။ ထို့နောက် လိုအပ်သည်များညှိနှိုင်းခဲ့ပြီး ဗိုလ်မှူးစိန်အေးနှင့်တပ်ခွဲသည် မိုင်းယန်းမြို့တွင်းရှိ အောင်တံခွန်ကုန်းသို့ ချီတက်ခဲ့၏။ စက်တင်ဘာ (၂၄)ရက်နေ့ နံနက်(၅)နာရီခွဲအချိန်၌ အောင်တံခွန်ကုန်းအနီး နေရာယူထားသော ရန်သူ (၃၀၀)ခန့်နှင့် တွေ့ဆုံ၍ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပါသည်။ ရန်သူအား အတင်းထိုး ဖောက်တိုက်ခိုက်ပြီး မနက် (၆)နာရီခွဲ၌ အောင်တံခွန်ကုန်းသို့ ပူးပေါင်းနိုင်ခဲ့၏။

အောင်တံခွန်ကုန်းအား ဝိုင်းပတ်ထားသည့်ရန်သူများသည် ပတ်ဝန်းကျင်ရှိ လမင်းကုန်း၊ ရန်ရှင်းကုန်း၊ ဘုရားကုန်းတို့မှ နောက်ပွင့်ရိုင်ဖယ်များ၊ စိန်ပြောင်းများ၊ စက်သေနတ်ကြီးများပစ်ကူဖြင့် နံနက်အရုဏ်တက်ချိန်မှစ၍ အကြိမ်ကြိမ် ကျားထိုးတိုက်ခိုက်ခဲ့သည်။

မနက် (၈)နာရီခန့်တွင် မိမိတပ်မတော်လေမှ ပီစီလေယာဉ်ပျံ (၄)စီးဖြင့် လေကြောင်းပစ်ကူများ ရောက်ရှိလာ၏။ ထိုအချိန်၌ အောင်တံခွန်ကုန်းအား ရန်သူ(၁၀၀၀) ခန့်မှ ဝိုင်းပတ်တိုက်ခိုက်လျက်ရှိပြီး လက်စတုံးချေမှုန်း သုတ်သင်ရန် ပြင်ဆင်နေချိန်ဖြစ်၏။ လေကြောင်းပစ်ကူများ





ကြောင့် ရန်သူ့တိုက်ခိုက်မှု ခေတ္တရပ်တန့်သွားခဲ့သည်။ သို့ရာတွင် လေကြောင်းပစ်ကူ ပြီးဆုံးသွားသည်နှင့် ရန်သူတို့က ဒုတိယအကြိမ် ကျားထိုးတိုက်ခိုက်ပြန်၏။ မိမိလေယာဉ်များ နောက်ထပ်ရောက်လာပြီး ဒုတိယအကြိမ် တိုက်ခိုက်ရာ၌ ရန်သူ့လက်နက်ကြီး နေရာများအား ဗုံးများကြဲ၍ တိုက်ခိုက်ခဲ့ရာ ရန်သူများအထိနာသွားသဖြင့် ထိုနေ့က ရန်သူ့တိုက်စစ် ခေတ္တရပ်တန့်သွားခဲ့သည်။

စက်တင်ဘာ(၂၅)ရက်

စက်တင်ဘာ (၂၅)ရက်နေ့တွင် ရန်သူတို့သည် နံနက် (၅)နာရီခွဲအချိန်ကပင် အောင်တံခွန်ကုန်းကို စတင်တိုက်ခိုက်ခဲ့၊ စစ်ကြောင်း (၂)ရှိသော အောင်မြေစခန်းကိုလည်း လက်နက်ကြီးများပစ်ခတ်ကာ ထိန်းချုပ်ထားခဲ့သည်။ အောင်တံခွန်ကုန်းအား မနက် (၇)နာရီမှ (၉)နာရီအတွင်း (၁၀)ကြိမ် ကျားထိုးတိုက်ခိုက်ခဲ့၏။ စခန်းခြံစည်းရိုးများ ပေါက်၍ ရန်သူများ စခန်းတွင်းရောက်ရှိလာရာ မိမိတပ်သည်များနှင့် ထွေးလုံးရစ်ပတ်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မနက် (၉)နာရီခွဲအချိန်၌ မိမိလေကြောင်းပစ်ကူများ ရောက်ရှိလာပြီး ဝိုင်းဝန်းတိုက်ခိုက်နေသည့် ရန်သူများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ ပုံးများကြဲချတိုက်ခိုက်လိုက်ရာ ရန်သူများအား တိုက်ရိုက်ထိမှန်သွားသဖြင့် ထိုနေ့အတွက် ရန်သူတို့ တိုက်စစ်ရပ်ဆိုင်းသွားခဲ့လေသည်။ ထိုနေ့က တိုက်ပွဲတွင် နှစ်ဖက်အကျအဆုံးများပြားခဲ့၏။ ရန်သူတို့က အောင်တံခွန်ကုန်းအား အပြီးအပိုင် သိမ်းပိုက်နိုင်ရေးအတွက် အလုံးအရင်းနှင့် တိုက်ပုံရသည်။ မိမိတို့လေကြောင်းပစ်ကူကြောင့်ရင်းတို့ တိုက်ပွဲအဟုန်တန့်သွားခဲ့ခြင်းဖြစ်၏။

## စက်တင်ဘာ(၂၆)ရက်

စက်တင်ဘာ (၂၆)ရက်နေ့၌ ရန်သူသည် ရှိထားသောကုန်းများပေါ်သို့ အင်အားများထပ်မံဖြည့်တင်းပြီးတိုက်ခိုက်လာပြန်၏။ နေ့လယ်၌ မိမိတပ်မတော်လေယာဉ်များ ရောက်ရှိလာပြီး ရန်သူအများစုဖွဲ့နေသည့် ယမ်းပေါက်နှင့်အွန်လာကျောကို ဗုံးကြဲတိုက်ခိုက်ရာ ရန်သူများအထိနာသွား၍ လူနာများကို သယ်ဆောင်ကာ ဝမ်ကျင်းဆန်တောက်ဘက်သို့ ဆုတ်ခွာသွားခဲ့လေသည်။ မနေ့ကလိုပင် ယနေ့လည်း တိုက်ပွဲခွင်တွင် မိမိတို့ လေကြောင်းတိုက်ခိုက်မှုက များစွာထိရောက်လှသဖြင့် ရန်သူတို့ အထိနာသွားပြန်ရာ တိုက်စစ်အတွက် လူအင်အားလျော့နည်းသွားပြီး





...နေ့ကလောက် ကျားတက်မထိုးနိုင်တော့။

## ...က်တင်ဘာ(၂၇)

မိုင်းယန်းမြို့တွင်းမှ စစ်ကြောင်းဌာနချုပ် အခြေပြု...ားသည့် အောင်တံခွန်ကုန်းအား တိုက်ခိုက်မရသဖြင့် ...ာပတို့သည် အောင်မြေစခန်းကို(၂၇)ရက်နေ့ မနက်(၆) ...ရီခွဲမှစ၍ အင်အား (၃၀၀)ခန့်ဖြင့် ချဉ်းကပ်တိုက်ခိုက် ...န်လေသည်။ ခြစည်းရိုးအား အတင်းထိုးဖောက်ချိန်၌ ...တပ်မှ ရှေ့ထွက်မိုင်း(၂)လုံးခွဲ၍ ပြန်လည်တိုက်ခိုက်သဖြင့် ...ခိုက်ဒဏ်ရာရသွားကြပြီး ရန်သူများ ခေတ္တဆုတ်ခွာသွား...သည်။ ညနေမှောင်စပျိုးချိန်၌ ဒုတိယအကြိမ် အောင်မြေ...န်းအား ထပ်မံတိုက်ခိုက်ပြန်ရာ မိမိမှ ရန်သူအား ...ဝံ့ ပြန်လည်တွန်းလှန်နိုင်သဖြင့် ရန်သူတို့ဆုတ်ခွာသွား...ြန်သည်။

ထိုနေ့ညနေ၌ အောင်မြေစခန်းရှိ စစ်ကြောင်း(၂) ...း တပ်ခွဲတစ်ခွဲအား မိုင်းယန်းမြို့တွင်းရှိ အောင်တံခွန် ...န်းသို့ ပူးပေါင်းရန် ရှေ့တန်းတပ်မဌာနချုပ်မှ ညွှန်...ားခဲ့သည်။ ဗိုလ်မှူးဖေချစ်ဦးစီးသော စစ်ကြောင်း(၂) ...း တပ်ခွဲတစ်ခွဲသည် စက်တင်ဘာလ (၂၇)ရက်၊ ည(၇)



www.burmeseclassic.com

www.burmeseclassic.com



နာရီအချိန်တွင် အောင်မြေစခန်းကို စွန့်ခွာ၍ အောင်တံခွန် သို့ ချီတက်ခဲ့၏။ ရန်သူမှ မွန်ကဲဘုရားကုန်းနှင့် အွန်လာ ကျော့မှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ရန်သူများအား တို ခိုက်ရှင်းလင်းပြီး စက်တင်ဘာလ(၂၈)ရက်နေ့ မနက်တွ အောင်တံခွန်ကုန်းသို့ စစ်ကြောင်း(၂) ရောက်ရှိ ပူးပေါ နိုင်ခဲ့ပါသည်။

စက်တင်ဘာ(၂၈)ရက်

စက်တင်ဘာ(၂၈)ရက်နေ့၌ ရှေ့တန်းအမှတ်( ခြေလျင်တပ်ရင်းတပ်ခွဲ(၄)ခွဲသည် အောင်တံခွန်ကုန်း အားလုံးပူးပေါင်းနိုင်ခဲ့၏။ စခန်းတွင် လူ၊ လက်နက် ပြန်လည်နေရာချထားပြီး ခံစစ်အတွက် ထပ်မံပြင်ဆင် ရန်သူတို့အား စောင့်ဆိုင်းခဲ့၏။ ထိုအချိန်၌ ရန်သူ များသည် အောင်မြေနှင့်အောင်သပြေတွင် အင်အား (၁ ခန့်၊ အွန်လာကျော့တွင် အင်အား(၁၀၀)ခန့်၊ ပါလုံကျော ဘုရားကုန်း၊ ရန်ရှင်းကုန်းနှင့် လမင်းကုန်းတို့တွင် အင်အ (၁၀၀)ခန့် ဖြန့်ခွဲအခြေပြုထားလျက်ရှိသည်။ မိမိ အော တံခွန်ကုန်းအားလည်း လက်နက်ကြီးများဖြင့် ကြိုကြား ကြိုကြား ပစ်ခတ်နေဆဲဖြစ်ပေသည်။ ထို့ကြောင့် တပ်မတော်

မှ ပီစီလေယာဉ်ပျံများ လာရောက်ပြီး ထိုရန်သူနေရာ များအား ပုံးကြဲတိုက်ခိုက်ခြင်း၊ ဒုံးကျည်များဖြင့် ပစ်ခတ် ခြင်းများ ထပ်မံပြုလုပ်ခဲ့ရသည်။ လေကြောင်းမှတိုက် ခိုက်မှုကြောင့် ရန်သူတို့လက်နက်ကြီး ပစ်ခတ်မှုမှာ ရပ်ဆိုင်း သွားခဲ့သည်။ အချို့ တိုက်ရိုက်ထိမှန်သွားခဲ့သည်။ ဒီတစ်ချီ တွင်မှ လေကြောင်းပစ်ခတ်မှုက လက်နက်ကြီးပစ်ခတ် သည့် ရန်သူ့ Crew အဖွဲ့ကိုပါ တိုက်ရိုက်ထိမှန်လွင့်စင်သွား ခဲ့သဖြင့် ရန်သူတို့ အလွန်ချောက်ချားသွားသည်ဟု ကြားရ၏။

စက်တင်ဘာ(၂၉)

စက်တင်ဘာ(၂၉)ရက်နေ့၌ ရန်သူတို့ မိမိအောင် တံခွန်ကုန်းအား ကျူးကျော်တိုက်ခိုက်ခြင်း မရှိတော့။ တပ် မတော်လေမှလည်း တိုက်လေယာဉ်များ ရောက်ရှိလာကာ ရန်သူအခြေပြုနေသည့် ကုန်းများကို အဆက်မပြတ် ပစ်ခတ် တိုက်ခိုက်ပြန်လေသည်။ ဒီတစ်ချီတွင်မူ ရန်သူတို့ အလွန် အထိနာသွား၏။ ကျဆုံးသူထဲ၌ ခေါင်းဆောင်ပိုင်းအချို့ ပါဝင်သွားသည်ဟု သတင်းစကားကြားရသည်။ ထို့ကြောင့် မသိ။ စက်တင်ဘာ(၂၉)ရက်နေ့ ညသန်းခေါင်ယံအချိန်

www.burmeseclassic.com

www.burmeseclassic.com



၌မှ ရန်သူတို့ပတ်ခတ်မှုများ လုံးဝငြိမ်သက်သွားလေတော့၏။

စက်တင်ဘာ(၃၀)

စက်တင်ဘာ(၃၀)ရက် နံနက်၌ ရန်သူ့ပစ်ခတ်မှု လုံးဝမရှိတော့၍ ဒုတပ်ရင်းမှူးဗိုလ်မှူးတင်အောင်မြင့်ဦးမှ ဗိုလ်ကြီးသန့်ဇင်ဦးစီးသော တပ်ခွဲအား စနစ်တကျဖွဲ့စည်းပြီး ဦးစွာပထမ ဘုရားကုန်းအား တက်ရောက်ရှင်းလင်းစေ၏။ ရန်သူ(၂၅)လောင်း တွေ့ရှိသည်။ ဆက်လက်၍ ရန်ရှင်းကုန်း၊ လမင်းကုန်းပတ်ဝန်းကျင်အား ရှင်းလင်းစေရာ ရန်သူ့အလောင်း(၇၁)လောင်း ထပ်မံတွေ့ရှိသည်။ ရန်သူတို့သည် စက်တင်ဘာ(၂၉)ရက်နေ့ညကပင် ဒဏ်ရာရသူများကို သယ်ဆောင်ကာ မိုင်းယန်းမှ ဆုတ်ခွာသွားခဲ့ကြပြီတည်း။

ရှေ့တန်းအမှတ်(၁၄)ခြေလျင်တပ်ရင်း

မိုင်းယန်းအား စက်တင်ဘာ(၂၃)ရက်နေ့တွင် ရန်သူတို့ ဝိုင်းဝန်းတိုက်ခိုက်သည်နှင့် ကျိုင်းတုံတွင် အခြေတည်ဆောက်ထားသော ရှေ့တန်းအမှတ်(၁၄) ခြေလျင်တပ်





ရင်းနှင့် တပ်ခွဲ(၃)ခွဲအား တပ်မမှူးမှ မိုင်းယန်းသို့စေလွှတ်ခဲ့သည်။ တပ်ရင်းမှူးဒုဗိုလ်မှူးကြီး သူရအောင်ကြည်ဦးစီးသော စစ်ကြောင်း(၁)နှင့် တပ်ခွဲ(၃)ခွဲသည် ကျိုင်းတုံမှ စက်တင်ဘာလ(၂၃)ရက်နေ့ နေ့လယ်အချိန် ထွက်ခွာခဲ့ရာ မိုင်းခတ်သို့ နောက်တစ်နေ့ နေ့လယ်တွင် ရောက်ရှိ၏။ တပ်ခွဲတစ်ခွဲအား မိုင်းခတ်တွင် နည်းဗျူဟာအရံထားရှိခဲ့ပြီး စစ်ကြောင်း(၁)နှင့် တပ်ခွဲ(၂)ခွဲ ဆက်ထွက်ခဲ့၏။

စက်တင်ဘာ(၂၅)ရက်

စစ်ကြောင်း(၁)နှင့် တပ်ခွဲ(၂)ခွဲသည် စက်တင်ဘာ(၂၄)ရက်နေ့ တစ်ညလုံးချီတက်ခဲ့ရာ စက်တင်ဘာ(၂၅)ရက်နေ့ နေ့လယ်အချိန်၌ မိုင်းလွေသို့ရောက်ရှိ၏။ မိုင်းလွေဘုန်းကြီးကျောင်းမှ အသင့်စောင့်နေသော ရန်သူအင်အား(၁၀၀)ခန့်မှ စောင့်ကြိုတိုက်ခိုက်လေ၏။ တိုက်ပွဲတစ်နေကုန် ဖြစ်ပွားပြီး ရန်သူအင်အားများ တဖြည်းဖြည်းများပြားလာခဲ့သည်။ ညနေအချိန်၌ ရန်သူအင်အား(၄၀၀)ခန့် ဖြစ်လာသဖြင့် မိမိစစ်သည်များ အထိအခိုက်များပြားလာ၍ တိုက်ပွဲနေရာမှ အမှောင်ထုကို အကာအကွယ်ယူကာ နောက်သို့ ပြန်လည်ဆုတ်ခွာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## စက်တင်ဘာ(၂၆)

စက်တင်ဘာ(၂၆)ရက်နေ့ မနက်အခြေပြုခြေကုတ်နေရာမှ ရည်မှန်းချက်သို့ ပြန်လည်ချီတက်ခဲ့သည်။ ယန်းနိုင်ရွာသို့ (၁၀)နာရီအချိန် ရောက်ရှိသည်။ ရင်ကွဲတောင်သို့ ဆက်လက်ချီတက်ရာ အသင့်စောင့်ကြိုနေသော ရန်သူ အင်အား (၂၀၀)ခန့်ဖြင့် ညနေတွင်တွေ့ဆုံ၍ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြန်သည်။ ထိခိုက်ဒဏ်ရာရမှု အနည်းငယ်ရှိသည်။ ညနေ (၆)နာရီခွဲတွင် ရန်သူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားကြသည်။

## နည်းဗျူဟာ (၈၈၁)၏ဆောင်ရွက်မှု

နည်းဗျူဟာ (၈၈၁)နည်းဗျူဟာမှူးဗိုလ်မှူးကြီးခင်မြင့် ကွပ်ကဲသော နည်းဗျူဟာအဖွဲ့သည် ရတခလရ (၁၄)မှ စစ်ကြောင်းကို မိုင်းခတ်တွင် အသင့်ပြင် စောင့်ဆိုင်းနေခဲ့၏။ ဗိုလ်မှူးအောင်မြင့်ဆွေ ကွပ်ကဲသော စစ်ကြောင်း (၂)နှင့် တပ်ခွဲ(၂)ခွဲသည် ကျိုင်းတုံမှ စက်တင်ဘာလ (၂၅)ရက် နေ့လယ်အချိန်တွင် ထွက်ခွာခဲ့ပြီး မိုင်းခတ်သို့ (၂၆)ရက်နေ့တွင် ရောက်ရှိခဲ့သည်။ နည်းဗျူဟာဖြင့် ပူးပေါင်းပြီးဆက်





ထွက်ခဲ့ရာ မိုင်းလွေသို့ စက်တင်ဘာ (၂၇)ရက်နေ့ နေ့လယ် အချိန်၌ ရောက်ရှိခဲ့၏။ စောင့်ကြိုနေသော ရန်သူအင်အား (၁၅၀)ခန့်မှ မိမိမိုင်းလွေဘုရားကုန်းတွင် ခေတ္တအခြေပြုနေစဉ် လာရောက်တိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွား၍ အနီးကပ်ထွေးလုံးရစ်ပတ်တိုက်ပွဲများ ဖြစ်ပွားကြတော့၏။

စက်တင်ဘာ (၂၈)ရက်နေ့ နံနက်ပိုင်းတွင် ခလရ (၁၄) တပ်ရင်းမှူးဦးစီးစစ်ကြောင်း (၁)နှင့် ပူးပေါင်းမိရာ မိုင်းယန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ညနေ (၃) နာရီတွင် ဖာပွန်ဘုရားကုန်းသို့ ရောက်ရှိပြီး ရန်သူအချို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မိုင်းခတ်တွင် ကျန်ရှိနေသော ဗိုလ်ကြီးကျော်ဇေယျ ဦးစီးသည့် တပ်ခွဲသည်လည်း စက်တင်ဘာလ (၂၈)ရက်နေ့ ညတွင် နောက်မှလိုက်ပါ၍ လာရောက်ပူးပေါင်းခဲ့သည်။ နည်းဗျူဟာနှင့် ရှေ့တန်း ခလရ (၁၄)တပ်ရင်းတစ်ရင်းလုံး စက်တင်ဘာ (၂၉)ရက် နေ့ည၌ အားလုံးပူးပေါင်းမိခဲ့သည်။

စက်တင်ဘာ (၃၀)ရက်နေ့မနက်တွင် နည်းဗျူဟာမှူးနှင့် ခလရ (၁၄)တပ်ရင်းတစ်ရင်းလုံး မိုင်းယန်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ မနက် (၉)နာရီအချိန်၌ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သည်။ အောင်တံခွန်ကုန်းအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည့် ရန်သူများ ခေတ္တအခြေပြုခဲ့သော ရန်ရှင်းကုန်း၊ လမင်းကုန်း တို့ကို တက်ရောက်ရှင်းလင်းခဲ့ပြီး ထိုနေ့ညနေအချိန်၌ အောင်တံခွန်ကုန်းသို့ ရောက်ရှိခဲ့လေသည်။ ပတ်ဝန်းကျင် ရှိ စခန်းများတွင်ရှိနေသော ရန်သူများအား ထပ်မံလိုက်လံ ရှင်းလင်းတိုက်ခိုက်ရာ အချို့နေရာတွင် တိုက်ပွဲများပြင်းထန် စွာဖြစ်ပွားပြီး အချို့နေရာများ၌ တိုက်ပွဲများ ကြိုကြားကြို ကြား ဖြစ်ခဲ့လေသည်။ အောင်မြေစခန်းကို ပြန်လည်သိမ်း ပိုက်ရာ၌ ဇခန်းပတ်ဝန်းကျင်မှ ရန်သူ့အလောင်း (၂၁)လောင်း ကို အသေရရှိခဲ့လေသည်။

**ရှေ့တန်းအမှတ် (၆)ဗမာ့သေနတ်ကိုင်တပ်ရင်း**

မိုင်းယန်းအား စက်တင်ဘာ (၂၃)ရက်နေ့နံနက် တွင် ရန်သူ့အင်အား (၂၀၀၀)ကျော်က ဝိုင်းဝန်းတိုက်ခိုက် နေသည်ဟု သိရသည်နှင့် မိုင်းခတ်တွင် အရန်တည် ဆောက်ထားသော တပ်ရင်းမှူးဒုဗိုလ်မှူးကြီးစံသိန်း၊ ဦးစီး သောရှေ့တန်းအမှတ် (၆)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ စစ် ကြောင်း (၁)နှင့် တပ်စု (၄)စုကို နည်းဗျူဟာမှ စေလွှတ်ခဲ့ ပါသည်။ ရတာသနက(၆) စစ်ကြောင်း(၁)နှင့် တပ်စု (၄)



စုသည် စက်တင်ဘာ (၂၃)ရက်နေ့ နေ့လယ်တွင် မိုင်းခတ် မှထွက်ခဲ့၏။ (၂၄)ရက်နေ့နံနက် ရန်သူအချို့နှင့် ပစ်ခတ်မှု ဖြစ်ပြီး ရန်သူကိုရှင်းလင်းတိုက်ခိုက်၍ မိုင်းလွေသို့ ရောက် ရှိသည်။ မိုင်းလွေစခန်းမှ အင်အားစုများဖြင့် ပူးပေါင်း၍ ဆက်လက်ထွက်ခွာခဲ့ရာ နေ့လယ် (၁)နာရီတွင် ဝမ်တောင် အနီးသို့ ရောက်ရှိရာ ရန်သူ (၂၀၀)ခန့်နှင့် တွေ့ဆုံတိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲပြီးဆုံးချိန်၌ တပ်များ အားလုံး မိုင်းလွေတွင် ပြန်လည်စုဖွဲ့ခဲ့ပါသည်။

စက်တင်ဘာ (၂၅)ရက်နေ့တွင် မိုင်လွေစခန်းမှ ထပ်မံထွက်ခွာခဲ့ရာ မိုင်လွေဘုရားကုန်းမှ ရန်သူများက ထပ်မံစောင့်ပြီး တိုက်ခိုက်ပြန်ရာ (၂၅)ရက်နေ့တစ်ရက်လုံး မိုင်းလွေဘုရားကုန်းတစ်ဝိုက်၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ် ပွားခဲ့ပါသည်။ ရှေ့ဆက်မတက်နိုင်ဘဲ မိမိစစ်ကြောင်းများ မိုင်းလွေစခန်းနှင့် ပတ်ဝန်းကျင်တွင် ဖြန့်ခွဲအခြေပြုခဲ့ရ ပါသည်။

စက်တင်ဘာ (၂၆)ရက်နေ့၌ မိုင်းလွေရှိ ရှေ့တန်း သလရ(၁၁) တပ်ခွဲ(၁)နှင့်ပူးပေါင်း၍ ပြန်လည်ထွက်ခွာခဲ့ရာ ရန်သူ(၁၅၀)နှင့် လမ်းတွင် တိုက်ပွဲဖြစ်ပွားပြန်သည်။ စက် တင်ဘာ (၂၇)ရက်နေ့တွင် ရန်သူ(၁၅၀) နေရာယူထားသော

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျောအား လက်နက်ကြီးပစ်ကူများဖြင့် တက်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူများ မြောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြပါသည်။ စက်တင်ဘာ (၂၅)တွင် ဆုတ်ခွာသွားသော ရန်သူနောက်သို့ လိုက်လံတိုက်ခိုက်ရာ မိမိအား ဟန့်စစ်ဆင်နေသောရန်သူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ပါသည်။ မိမိမှာ မိုင်းလွေပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား သိမ်းပိုက်ပြီး နည်းဗျူဟာနှင့် ရှေ့တန်းအမှတ် (၁၄)ခြေလျင်တပ်ရင်းအား လိုအပ်သည့်ပစ်ကူစစ်ကူများ အထောက်အကူပေးခဲ့ပါသည်။

**တိုက်ပွဲနိဂုံးချုပ်**

**(က)တိုက်ပွဲအရှုံးအမြတ်**

**မိမိကျဆုံး**

| | |
|---|---|
| အရာရှိ | ၄ ယောက် |
| အခြားအဆင့် | ၄၆ ယောက် |

**မိမိဒဏ်ရာရ**

| | |
|---|---|
| အရာရှိ | ၉ ယောက် |
| အခြားအဆင့် | ၁၁၁ ယောက် |

**မိမိလက်နက်အဆုံးအရှုံး**



လက်နက်မျိုးစုံ ၃၅ လက်

**ရန်သူကျဆုံး**

၂၀၂ ယောက် ကျဆုံး၊ အလောင်းရ

**ရန်သူဒဏ်ရာရ**

၁၀၀၀ ခန့် ဒဏ်ရာရသွားကြောင်း မြေပြင်သတင်းနှင့်ကြားဖြတ်သတင်းများအရ သိရသည်။

**ရန်သူလက်နက်အဆုံးအရှုံး**

လက်နက်စုံ ၂၄လက် မိမိမှသိမ်းဆည်းရရှိသည်။

(ခ)တိုက်ပွဲပြီးဆုံးပြီးနောက်ဆောင်ရွက်ချက်များ

တိုက်ပွဲပြီးဆုံးသည့်နေ့မှာပင် ကျိုင်းတုံရှိ တပ်မှူးသည် ရဟတ်ယာဉ်ဖြင့် မိုင်းယန်းသို့ ရောက်ရှိသွားကာ တိုက်ပွဲဝင်စစ်သည်အားလုံးနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ မြို့လူထုနှင့်တွေ့ဆုံကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ရတခလရ(၁၁)မှ ဒဏ်ရာရထားသည့် ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်အောင်မြင့်ဦးနှင့် ဒဏ်ရာရစစ်သည်များအား ရဟတ်ယာဉ်ဖြင့် တင်ဆောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းတုံသို့ပြန်ခဲ့၏။

မိုင်းယန်း၌ တိုက်ပွဲဝင်ခဲ့သည့် ရတခလရ(၁၁) တပ်ရင်းတစ်ရင်းလုံးကို မိုင်းယန်းမှ ပြန်လည်ခေါ်ယူပြီး ကျိုင်းတုံ၌ ပြန်လည်စုဖွဲ့ အနားယူစေခဲ့သည်။ မိုင်းယန်း လုံခြုံရေးအား ရှေ့တန်း အမှတ်(၆) ဗမာ့သေနတ်ကိုင် တပ်ရင်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။

မိုင်းယန်းမြို့ခံစစ်စခန်းများ ပြန်လည်မွမ်းမံတည် ဆောက်ရေး၊ ခံယမ်း၊ ရိက္ခာများ ပြန်လည်ဖြည့်တင်းရေး ဆောင်ရွက်ရန်အတွက် နည်းဗျူဟာမှူးအား ခေတ္တခြေပြု ပြီးဆောင်ရွက်ရန် မှာကြားခဲ့သည်။ တပ်မမှူးမှာကြားသည် များကို နည်းဗျူဟာမှူးမှ မိုင်းယန်းတွင် ခေတ္တအခြေပြု ကာ လုပ်ငန်းများပြီးမြောက်သည်အထိ ဆောင်ရွက်ခဲ့သည်။ တပ်ရင်းအသီးသီးမှ ဒဏ်ရာရစစ်သည်များကိုလည်း ရဟတ် ယာဉ်ဖြင့် ကျိုင်းတုံသို့ အမြန်သယ်ထုတ်ခဲ့ပြီး ရန်ကုန် မင်္ဂလာဒုံစစ်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့လေ သည်။





တိုက်ပွဲသုံးသပ်ချက်

မိုင်းယန်းတိုက်ပွဲမှာ တပ်မတော်အစိုးရ တက်လာ ခါစ ရက်ပိုင်းမှာပင် ဖြစ်ပွားခဲ့သောတိုက်ပွဲဖြစ်ပြီး ဗကပတို့ ၏ မှန်းချက်နှင့်နှမ်းထွက်မကိုက်ခဲ့သော တိုက်ပွဲလည်းဖြစ် ၏။ ဗကပဥက္ကဋ္ဌဘသိန်းတင်၏ ရည်မှန်းချက်အိပ်မက်ကြီး နောက်ဆုံးပြိုလဲပျက်စီးရာလည်း ဖြစ်၏။

ဤတိုက်ပွဲကြောင့် ဗကပတို့၏ နောက်ဆုံးအင်အား စုများ ကြေပြုန်းခဲ့ရသည်။ လူ(၂၀၀)ကျော် ကျဆုံး၍ (၅၀၀)ကျော် ဒဏ်ရာရရှိသွားခဲ့ရာ ဗကပတပ်မဟာများ တပ်ပျက်ခဲ့ရတော့သည်။ အထူးသဖြင့် ဝလူမျိုး ဗကပတပ် သားအများအပြား ကျဆုံးခဲ့ရရာ ဝအမျိုးသားခေါင်းဆောင် များက မကျေနပ်ကြတော့ဘဲ (၁၉၈၉)ခုနှစ် ပြေလ၌ ဗကပ ပေါ်ပန်းဆန်းကို သိမ်းယူ၍ မိမိတို့တပ်မတော်နှင့် ငြိမ်းချမ်း ရေးကမ်းလှမ်းခဲ့သည်အထိ ဖြစ်ပွားခဲ့လေသည်။ ဤသည် မှာ မိုင်းယန်းတိုက်ပွဲ၏ ဂယက်ပင်ဖြစ်ပါတော့သည်။ ထို့ ကြောင့် မိုင်းယန်းတိုက်ပွဲသည်ကား တကယ့်မဟာဗျူဟာ အလှည့်အပြောင်းဖြစ်ခဲ့တော့၏။

နည်းဗျူဟာအပိုင်း၌မူကား ဗကပတို့သည် သူတို့ အင်အားကို စုဖွဲ့ပြီး မိမိတို့စခန်းများကို ဝိုင်းပတ်ထား၍



www.burmeseclassic.com

www.burmeseclassic.com



စခန်းတစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းယူသည့်နည်းကို ကျင့်သုံးခဲ့လေသည်။ ၎င်းတို့ကျင့်သုံးခဲ့သည့်စခန်းများ တစ်ခုပြီးတစ်ခု တိုက်သိမ်းသည့်စနစ်သည် ကွန်မြူနစ်များကျင့်သုံးသည့် ပုံသေနည်းစနစ်သာဖြစ်၏။ သူတို့သည် ဤပုံသေနည်းကို တသမတ်တည်း ကျင့်သုံးကြ၏။ သို့ရာတွင် ဤပုံသေနည်းသည် မိုင်းယန်းတိုက်ပွဲ၌ အောင်မြင်မှုမရခဲ့ပါချေ။

အကြောင်းမှုကား သူတို့ထည့်မတွက်ခဲ့ကြသည့် အဓိကအချက်ကား မြန်မာ့တပ်မတော်မှ ဖွဲ့ကောင်းကောင်းနှင့် လူတစ်ယောက် ကျည်တစ်တောင့်ကျန်သည်အထိ ခံသော စိတ်ဓာတ်သည် ပထမဖြစ်၏။ ဤစိတ်ဓာတ်ကြောင့် မိုင်းယန်းမြို့၏ အဓိကခံစစ်ကုန်းကြီးဖြစ်သော အောင်တံခွန်ကုန်းသည် ရှစ်ရက်တိုင်တိုင် ရန်သူမှ ဝိုင်းဝန်းတိုက်ခိုက်ခံရသော်လည်း တပ်ရင်းမှူးကျဆုံးသွားသည့်တိုင် ဒုတပ်ရင်းမှူး၏ ကွပ်ကဲမှုဖြင့် ဆက်လက်တိုက်ပွဲဝင်ခဲ့ရာ တိုက်ပွဲပြီးဆုံးသည်အထိ ကြံ့ကြံ့ခံတိုက်ပွဲဝင်သွားခဲ့၏။ ထိုအချိန်၌ ဒုတပ်ရင်းမှူးမှာ ပြင်းထန်စွာဒဏ်ရာရထားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် စိတ်ဓာတ်ကောင်းကောင်းနှင့် တိုက်ပွဲပြီးဆုံးသည်အထိ တပ်ကို ကွပ်ကဲခဲ့သဖြင့် ထိုက်ထိုက်တန်





www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးစိုးလွင် ခေါင်းဆောင်သော အမှတ်(၁၁)ခြေလျင်တပ်ရင်း
ရှေ့တန်းမှ တပ်ရင်းဌာနချုပ်သို့ပြန်လည်ဝင်ရောက်လာပုံ

www.burmeseclassic.com

www.burmeseclassic.com



[illegible] က မိုင်းယန်းတိုက်ပွဲ၌ကျဆုံးခဲ့သည့် ခလရ(၁၁) တပ်ရင်းမှူး
ဗိုလ်မှူးသူရစိုးလွင်၏ ဗိုလ်လောင်းဘဝက ပုံ

www.burmeseclassic.com

www.burmeseclassic.com



တန် စွမ်းရည်ဘွဲ့များ ချီးမြှင့်ခြင်းခံခဲ့ရ၏။

ဒုတပ်ရင်းမှူးမှာ ယခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးဖြစ်၏။ ထိုတိုက်ပွဲ၌ယခု စွမ်းရည်ဘွဲ့ရခဲ့ခြင်းဖြစ်၏။

နောက်တစ်ချက် ဗကပတို့လျော့တွက်ခဲ့သည်မှာ မြန်မာ့တပ်မတော်(လေ)၏ စွမ်းပကားဖြစ်၏။ တိုက်ပွဲများ တောင်ပြင်းထန်ခဲ့သည့် စက်တင်ဘာ(၂၃)ရက်နေ့မှ စ၍ မြန်မာ့တပ်မတော်(လေ)မှ ပီစီ ၆/၇ တိုက်လေယာဉ်များသည် မိုင်းယန်းသို့ အခေါက်ခေါက်အခါခါ ပျံသန်းပြီး ရန်သူ့ဗကပတပ်များပေါ်သို့ ဗုံးများကြဲချခြင်း၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ ဗကပတို့ အလွန်အထိနာ၍ တိုက်စစ်အဟုန် ကျဆင်းခဲ့ရလေသည်။ မိမိ တိုက်လေယာဉ်များသည် အောက်တိုဘာ(၁)ရက်နေ့ ဗကပတပ်များ ပန်းဆန်းဘက်သို့ ပြန်လည်ဆုတ်ခွာချိန်ထိ နောက်ကလိုက်လံတိုက်ခိုက်ခဲ့သေးရာ လူနာထမ်းစင်များဖြင့် ဆုတ်ခွာနေသည့် ဗကပတပ်များ ထပ်မံဒဏ်ရာရလာရာ အလွန်စိတ်ဓာတ်ပျက်ပြားသွားပြီး ၎င်းတို့ခေါင်းဆောင်များအပေါ် မကျေနပ်မှုများ ဖြစ်ပေါ်စေခဲ့လေသည်။ ဤသည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



(၁၉၈၉)ခုနှစ် ဧပြီလပဟိုလုန်ကန်မှုကိုဖြစ်စေခဲ့သော အကြောင်း
တစ်ချက်တွင် အပါအဝင်ဖြစ်စေပါသည်။

ဆက်လက်သုံးသပ်တင်ပြလိုသည်မှာ ထိုစဉ်က
တို့တပ်များ၏ စိတ်ဓာတ်အခြေအနေပင်ဖြစ်သည်။ မိုင်းယ
တွင် ရန်သူပိုင်းအတိုက်ခံရသော တပ်မ (၈၈)ကွပ်ကဲ
အောက်မှ ရတခလရ (၁၁)သည် မိုင်းယန်းတိုက်ပွဲ၌ အလ
စိတ်ဓာတ်ကောင်းပြီး မိမိတပ်အင်အားထက် ငါးဆခြောက်
ဆသာလွန်သည့် ရန်သူကို ရက်သတ္တပတ်ကျော် စွမ်းစွမ်း
တမံ ခုခံခဲ့သည်။ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်
အသက်စွန့်ကာ ခုခံခဲ့သည်။ အရန်ကုန်းများကျဆုံးခဲ့သော
လည်း စစ်ကြောင်းဌာနချုပ်အခြေပြုခဲ့သော အဓိကကုန်း
ကြီး မကျဆုံးသဖြင့် မိုင်းယန်းကို ရန်သူတို့ သိမ်းပိုက်သွား
ပြီဟုပြော၍မရ။ ရန်သူတို့လည်း မိုင်းယန်းရပြီဟု ကြေ
ကြော်မရဖြစ်ခဲ့ရသည်။ အင်အားကို တစ်ခုတည်းပေါင်း
စုပေါင်းခုခံနိုင်ခဲ့သည်။ ခံစစ်ဥပဒေသဖြစ်သော ခြေ
**ပြန်ဒုပတ်ပစ်ပေါင်းပြောင်းထိုး** ဟူသော ဥပဒေသ
ပီပြင်စွာ ကျင့်သုံးနိုင်သည်ကို တွေ့ရ၏။

မိုင်းယန်းသို့ စစ်ကူစစ်ကြောင်းများ စေလွှတ်ခဲ့
ရန်သူက ပိတ်ဆို့ထား၍ စစ်ကြောင်းချီတက်မှုများ ရပ်တ





ခင့် တာဝန်ရှိသူနည်းဗျူဟာမှူးကိုယ်တိုင် လိုက်ပါပြီး
ယန်းသို့ အရောက်ချီတက်သွားရာ မိုင်းယန်းကို ကယ်
င်နိုင်ခဲ့၏။ စစ်ကူများ အချိန်မီမရောက်ပါက မိုင်းယန်း
ရန်သူက ဆက်ပြီးတိုက်နိုင်သေး၏။ ပစ်ကူများကို
ကြောင်းမှသာမက တပ်မမှူး၏ ကြိုတင်အစီအမံအရ
လွှစခန်းမှနေပြီး တိုက်ပွဲအစပိုင်းကပင် (၁၂၀) မီလီ
စိန်ပြောင်းကြီးများဖြင့် ပစ်ကူပေးခဲ့သည်ဟုလည်း
ရပါသည်။ ထိုသို့ ပစ်ကူပေးနိုင်ခဲ့ခြင်းကြောင့်လည်း
သူများ တုန်လှုပ်ချောက်ချားမှု ရှိခဲ့ကြသည်ဟု ဆို၏။

ထိုစဉ်က ရှေ့တန်းတပ်မ (၈၈)တပ်မမှူးဗိုလ်မှူး
သိန်းဟန်သည် မိုင်းယန်းကျုံးတုံဒေသ၌ နှစ်ပေါင်း
တာဝန်ထမ်းဆောင်ခဲ့ရာ နယ်မြေကျွမ်းကျင်ပြီး
ပစ်ကူစစ်ကူစစ်ကြောင်းများကို အချိန်မီစေလွှတ်နိုင်
လေကြောင်းပစ်ကူပေးနိုင်ရေးများကို ရှေးမဆွကပင်
တင်စီမံထားနိုင်ခဲ့ရာ တိုက်ပွဲစဖြစ်ပွားသည်နှင့် အထက်
များကို တင်ပြပြီး မိုင်းယန်းကို ရန်သူ့လက်ကျမသွား
အောင် စီစဉ်နိုင်ခဲ့ခြင်းကား စစ်ခေါင်းဆောင်ပီသကြောင်း
သနိုင်ခဲ့ခြင်းပင်ဖြစ်လေ၏။

နိဂုံးချုပ်သုံးသပ်ရပါက မိုင်းယန်းတိုက်ပွဲသည်ကား



www.burmeseclassic.com

www.burmeseclassic.com



အလွန်စိတ်ဓာတ်ကောင်းမွန်သော တိုက်ပွဲဝင်တပ်များ၏ ရဲစွမ်းသတ္တိရှိမှု၊ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှု၊ တပ်မှူးများ၏ ထက်မြက်သောခေါင်းဆောင်မှု၊ အရေးအသွေးပြည့်ဝမှု၊ တပ်မတော်လေ၏ စွမ်းစွမ်းတမံ ထိရောက်ကူညီတိုက်ခိုက်ပေးမှု၊ ပြည်သူလူထု၏ကူညီမှု အထက်ဌာနများ၏ လိုလေသေးမရှိ ပံ့ပိုးမှုများကြောင့် ယခုခေတ် စစ်သမိုင်း၌ ခံစစ်တွင် စံနမူနာပြ တိုက်ပွဲကြီးဖြစ်ကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။

**မိုင်းယန်းနိဂုံး**

စာရေးသူကျွန်တော်သည် (၁၉၈၁)ခုနှစ်မှ (၁၉၉၁) ခုနှစ်အထိ ကျိုင်းတုံဒေသ၌ တာဝန်ထမ်းဆောင်ခဲ့မှုအ မိုင်းယန်းကို (၁၉၉၁)ပြောင်းရခါနီးမှ ရောက်ဖူးတော့၏ ရောက်လျှင်ရောက်ချင်း သူငယ်ချင်းဗိုလ်မှူးစိုးလွင် ကျဆုံးသောနေရာကို သွားကြည့်ဖြစ်သည်။

ကျွန်တော်သည် သူ့အတွက် အမှတ်တရလုပ်ထားသောနေရာ၌ ခေတ္တရပ်နားရင်း သူ့အကြောင်းကို ပြန်စဉ်းစားနေမိပြန်၏။

တိုက်ခိုက်ရေးကျောင်းတွင် (၁၉၈၀)က စာသင်





ဆောင်နှင့် တပ်စုမှူးသင်တန်းသားများအတွက် အဆောင်သစ်များဆောက်ရန် ဖြုးအုတ်များဖုတ်ကြတော့ စနေနေ့တိုင်း အရာရှိအရာခံ အကြပ်တပ်သားအားလုံး ဖြုးအုတ်ထုပ်အားပေးရ၏။ ဖြုးအုတ်ဖုတ်ပြီးသားများ သွားသယ်ကြရသည်။ အင်တောကျောက်ဂူသွားသည့် လမ်းမကြီးဘေးဖြစ်၏။ ယခု ဇော်ဂျီရေအားလျှပ်စစ်နား ဖြစ်ပါလိမ့်မည်။

စနေတစ်ရက်တွင် ကျွန်တော်တို့ အပတ်စဉ်မှ ဗိုလ်ကြီးစိုးလွင်အပါအဝင် သူငယ်ချင်းငါးယောက် ကျောင်းအုပ်ကြီးနှင့် စကားတပြောပြောဖြင့် ဖြုးအုတ်များသယ်ကြရာ သူက လေ့ကျင့်ရေးတပ်ရေးမှူး ဤကျောင်းဆောင်သစ်များဆောက်မည့် ဖြုးအုတ်များသယ်ရာ၌ သူ့ဘာသာရပ်မို့ တက်ကြွဆုံးဖြစ်နေ၏။ ဘေးနားတွင် ဖြုးကျင်းများက တော်တော်များသည်။ စောစောက ရဲဘော်တစ်ယောက် ဖြုးကျင်းထဲ ပြုတ်ကျသွားရာ ဆေးခန်းပို့လိုက်ရ၏။ ဖြုးကျင်းများက နက်လည်းနက်၏။ ရဲဘော်ဆေးခန်းပို့လိုက်ရသည်ကို သူ သိလိုက်ပုံမရ။ နည်းပြချုပ်နှင့် ခဏသွားတွေ့မည်ဆို၏။ နည်းပြချုပ်နှင့် တွေ့ပြီးပြန်အလာ ဖြုးအုတ်များကို အားကြိုးမာန်တက် သူသယ်၏။ သူ့အား ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဝင်းဆွေက အလွန်ချစ်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြူးအုတ်သယ်နေသည်ကို လှမ်းကြည့်ပြီး ...

''မောင်စိုးလွန် ... မောင်စိုးလွန် ... ကျွင်းထဲကို ကျွင်ကျသွားဦးမယ်ကွဲ.''

ဟု လှမ်းပြောလိုက်တော့၏။

ထိုအခါ ကျွန်တော်တို့သူငယ်ချင်းအားလုံး ပြုံး ရ၏။ ကျောင်းအုပ်ကြီးဗိုလ်မှူးကြီးဝင်းဆွေသည် မလှိုင်သ မှို့ ခွန်ကိုခွင်၊ ကျွဲကိုကျွင်၊ ကျင်းကိုကျွင်း ဂွင်းကိုဂွင်း အသံထွက်သူဖြစ်သည်။ ဒါက သူနဲ့ပတ်သက်သည့် အ တရလေးတစ်ခုပါ။

နောက်တစ်ခုက (၁၉၈၆)ခုနှစ် စစ်ဦးစီးတက္ကသို အတူတက်ကြတော့ Weekend တိုင်း ကျွန်တော်တို့ အ စဥ်မှ သူငယ်ချင်း (၆)ဦးစုပြီး Gathering လုပ်ကြသည် ယမကာပါသော်လည်း သူက လုံးဝမသောက်၊ ဖင်ကြီး ဆေးပေါ့လိပ်တစ်လိပ်ကိုသာ ခဲထားတတ်၏။ ဖင်ကြီး ဆေးပေါ့လိပ်တော့ သူ အတော်ကြိုက်ပေသည်။

''သူငယ်ချင်း ချလေကွာ''

ဟု ယမကာခွက်ကို ထိုးပေးကာ အားလုံး ဝိုင်းပြောသော်လည်း သူက ပြုံးပြီးခေါင်းခါပြ၏။

''ဒါ မကြိုက်လို့ပါ''





''ဒါမကြိုက်ရင် သူငယ်ချင်းက ဘာကြိုက်လဲ''

အားလုံးက ဝိုင်းမေးကြသည်။

သူက ဘာမှမပြော။

''ကိုစိုးလွင်က ဖင်ကြီးကြီးဆေးပေါ့လိပ်နဲ့ အရီကို ကြိုက်တယ်''

ကျွန်တော်က ဝင်ပြောလိုက်ခြင်းဖြစ်၏။ အရီဆို သည်မှာ သူ့ဇနီးဖြစ်သည်။ သူ့ထက် အသက်များစွာငယ် ၏။ အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ တောင့် သောင့်တင်းတင်း၊ ပမာဆိုသော် သူကိုက်ထားသည့် ဆေး ပေါ့လိပ်နှယ်ပင်တည်း။

ကျွန်တော်က ထိုသို့ဝင်ပြောသောအခါ သူက ခေါင်းတညိတ်ညိတ်နှင့် သိမ်မွေ့စွာပြုံးနေလေသည်။ သူ သည် ထိုသို့သောလူမျိုး။ သူနှင့်ပတ်သက်သည့် မမေ့နိုင် ရာများကို စဥ်းစားရင်း တစ်တပ်တည်းအတူနေခဲ့ဖူးသူ သူကို နောက်ဆုံးနှုတ်ဆက်လိုက်၏။ မိုင်းယန်းကိုလည်း နောက် ရောက်ချင်မှရောက်တော့မည်လေ။

''သူငယ်ချင်းကိုစိုးလွင်ရေ၊ သူငယ်ချင်းကတော့ နဲ့အပတ်စဥ်မှာတော့ ထိပ်ဆုံးက ဂုဏ်ယူရမယ့်သူပါပဲ။ မဲ့သော်မသေ သေသော်ရဲမလားပါသူငယ်ချင်း။ နိုင်ငံနဲ့



www.burmeseclassic.com


www.burmeseclassic.com



တပ်မတော်အတွက် အသက်စွန့်ခဲ့တဲ့သူငယ်ချင်း ကောင်း ရာသုဂတိကိုလားပြီး ကောင်းရာဘုံဘဝမှာ အမြဲထာဝ တည်ရှိနေမှာပါ''

ဟု နှုတ်ဆက်ရင်း ဆုတောင်းမေတ္တာပို့သကာ အလေးပြုခဲ့ပါသတည်း။


မြရတနာစာပေ





ဗိုင်းယန်းတိုက်ပွဲတွင် မိမိရှေ့တန်းအမှတ်(၁၁)ခြေလျင်တပ်ရင်းအား ဗကပ များမှ ဝိုင်းပတ်တိုက်ခိုက်နေပုံ
(ပုံကြမ်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



မိုင်းယန်းတိုက်ပွဲတွင် တိုက်ပွဲဝင်စစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com





မိုင်းယန်းတိုက်ပွဲတွင် တိုက်ပွဲဝင်စစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ မိုင်းယန်းတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသည့်
ဗကပမှ 'ဝ' တိုင်းရင်းသားလက်နက်ကိုင်များ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ မိုင်းယန်းတိုက်ပွဲမတိုင်မီ ဗကပ ဗဟိုကော်မတီနှင့်
ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်များ
အရှေ့မြောက်စစ်ဒေသ၌ တိုက်ပွဲဖော်ထုတ်ရေးဆွေးနွေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



**ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခြင်း**

ဤဒုတိယအကြိမ် မိုင်းယန်းတိုက်ပွဲကြီး၌ ဘွဲ့ထူးဂုဏ်ထူးရရှိသူ စုစုပေါင်း ၄၉၉ ဦးရှိခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁။ | သီဟသူရဘွဲ့ | ၂ | ဦး |
| ၂။ | သူရဘွဲ့ | ၁၅ | ဦး |
| ၃။ | ရဲသူရဘွဲ့ | ၁ | ဦး |
| ၄။ | သူရဲကောင်းမှတ်တမ်းတံဆိပ် | ၉၂ | ဦး |
| ၅။ | ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် | ၃၈၉ | ဦး |
| | စုစုပေါင်း | ၄၉၉ | ဦး |

၎င်းတို့အထဲမှ ထိုစဉ်က ရှေ့တန်းအမှတ်(၁၁) ခြေလျင်တပ်ရင်း၊ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးတင်အောင်မြင်ဦး၊ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင်ဦးနှင့် တပ်သားဝုန်လုံမန်းတို့နှစ်ဦး သီဟသူရဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

အထက်ပါစွမ်းရည်ဘွဲ့ရဖြစ်စဉ်အား ဆက်လက်ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး
(မိုင်းယန်းတိုက်ပွဲတွင် တပ်ရင်းမှူးကျဆုံးပြီးနောက်
တိုက်ပွဲပြီးဆုံးသည်အထိရဲဝံ့စွန့်စားစွာတပ်ရင်းကိုဦးဆောင်ကွပ်ကဲခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး
သီဟသူရ တင်အောင်မြင့်ဦး

**သီဟသူရဘွဲ့**

၁။ ကိုယ်ပိုင်အမှတ် – ကြည်း ၁၁၇၀၁

၂။ အဆင့်/အမည် – ဗိုလ်မှူးတင်အောင်မြင့်ဦး

၃။ အမြင့်ဆုံးရရှိသည့်ဘွဲ့ – သီဟသူရ

၄။ ရရှိသည့်နှစ် – (၁၉၇၉)

၅။ ဘွဲ့ရရှိစဉ်တာဝန်ထမ်းဆောင်နေသည့်တပ်ရင်း
– အမှတ်(၁၁)ခြေလျင်တပ်ရင်း

၆။ ဘွဲ့အပ်နှင်းခံရသောအမိန့်အာဏာ
– ၁/အထူး/၇၉

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း

ဗိုလ်မှူးတင်အောင်မြင့်ဦးသည် ၂၃-၉-၈၈ မှ ၂၉-၉-၈၈ အထိ ဖြစ်ပွားသော မိုင်းယန်းဒေသတိုက်ပွဲများတွင် တပ်ရင်းမှူးကျဆုံးသွားသောအခါ မိမိရရှိထားသည့်ဒဏ်ရာကို အလေးမထားဘဲ တိုက်ပွဲကို တာဝန်ယူဦးဆောင်ခဲ့သည်။ ရန်သူဗကပများမှ လူ၊ လက်နက်အင်အား အလုံးအရင်းဖြင့် မိမိစခန်းကို အကြိမ်ကြိမ်ချဉ်းကပ်တိုက်ခိုက်လာသော်လည်း တပ်မှူးကောင်းတစ်ဦးပီသစွာ ရန်သူကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။ လေကြောင်းမှ ပစ်ကူရောက်လာချိန်တွင်လည်း ဗိုလ်မှူးတင်အောင်မြင့်ဦးသည် ရန်သူလက်နက်ကြီးနေရာ၊ စုဖွဲ့သည့်နေရာများကို မှန်ကန်စွာညွှန်ပြနိုင်ခဲ့၍ ရန်သူကို အထိနာစေပြီး စစ်ရေးအရ အရေးသာမှုဖြစ်စေခဲ့သည်။

ထို့အပြင် မိုင်းယန်းတိုက်ပွဲစဉ်တစ်လျှောက် ရဲဝံ့စွာ ဦးဆောင်တိုက်ပွဲဝင်ခဲ့ပြီး တိုက်ပွဲဝင်စစ်သည်များစိတ်ဓာတ်မကျရေးအတွက် လိုက်လံအားပေးခြင်း၊ တိုက်ပွဲအခြေအနေကို အထက်ဌာနသို့ ဆက်သွယ်မှုမပြတ်ယူပြီး တင်ပြခြင်း၊ လေကြောင်းပစ်ကူပေးနိုင်ရန် ပစ်မှတ်ရှာပေးခြင်းများကို လက်နက်ကြီးကျည်များကျရောက်ပေါက်ကွဲနေ





သည့်ကြားမှ ဆောင်ရွက်ခဲ့သည်။

ဤသို့စွန့်လွှတ်စွန့်စားသောစိတ်ဖြင့် မိမိတပ်ဖွဲ့များအားထားလောက်အောင် ခေါင်းဆောင်ကောင်းပီသစွာ စိမ့်ကွပ်ကဲတိုက်ပွဲဝင်ခဲ့ခြင်း၊ ရန်သူ့ရည်မှန်းချက်ပျက်ပြားပြီး ထိခိုက်မှု၊ ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာသွားစေခြင်း၊ တပ်မတော်၏ စစ်ရေး၊ နိုင်ငံရေး၊ ဂုဏ်ရှိန်တိုးတက်စေခြင်းတို့ကြောင့် နိုင်ငံတော်က သီဟသူရဘွဲ့ချီးမြှင့်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်သား သီဟသူရ ဝုန်လျံမန်း(ကျဆုံး)

**သီဟသူရဘွဲ့**

၁။ ကိုယ်ပိုင်အမှတ် – ၆၂၃၇၅၆

၂။ အဆင့်/အမည် – တပ်သားဝုန်လျံမန်း(ကျဆုံး)

၃။ အမြင့်ဆုံးရရှိသည့်ဘွဲ့ – သီဟသူရ

၄။ ရရှိသည့်နှစ် – ၁၉၈၉

၅။ ဘွဲ့ရရှိစဉ်တာဝန်ထမ်းဆောင်နေသည့်တပ်ရင်း
– အမှတ်(၁၁)ခြေလျင်တပ်ရင်း

၆။ ဘွဲ့အပ်နှင်းခံရသောအမိန့်အာဏာ
– ၁/အယူး/၈၉

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း

တပ်သား ဝုန်လျံမန်းသည် ၂၃-၉-၈၈ မှ ၂၉-၉-၈၈ အထိ ဖြစ်ပွားသော မိုင်းယန်းဒေသတိုက်ပွဲတွင် ဘုရားကုန်းနှင့် အောင်တံခွန်ကုန်းတို့၌ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ဘုရားကုန်းစခန်းအား ရန်သူမှလက်နက်ကြီးဖြင့် ပစ်ခတ်၍ (၆)ကြိမ်တိုင် အင်အားအလုံးအရင်းဖြင့် ကျူးကျော်တိုက်ခိုက်ခဲ့ရာ တပ်သားဝုန်လျံမန်းသည် တပ်မတော်သားကောင်းပီသစွာ တာဝန်ကျရာနေရာမှ ရွှေ့ပြောင်းခြင်းမရှိဘဲ လက်နက်ကြီးကျည်များ၊ လက်နက်ငယ်ကျည်များ၊ လက်ပစ်ဗုံးများပစ်ခတ်ပေါက်ကွဲနေသည့်ကြားမှ ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ရန်သူကို အထိနာအောင် ပြန်လည်ပစ်ခတ်ချေမှုန်းနိုင်ခဲ့သည်။

မိမိတပ်ဖွဲ့များ ပင်မစခန်းကုန်းဖြစ်သည့် အောင်တံခွန်ကုန်းသို့ အင်အားစုစည်းရန်ဆုတ်ခွာရာတွင် တပ်သားဝုန်လျံမန်းပါဝင်သည့် တပ်စိတ်သည် ရန်သူကို ထိရောက်စွာ ဟန့်တားပေးနိုင်ခဲ့ပြီး ရန်သူက ဝိုင်းပတ်ထား၍ ဖောက်ထွက်ရသည့်အခါတွင်လည်း နောက်ဆုံးမှ တာဝန်ယူ၍ ဆုတ်ခွာခဲ့သည်။ နောက်မှလိုက်လံပစ်ခတ်နေသော ရန်သူအား မိမိအသက်ကို ပမာနမထားဘဲ အစွမ်းကုန်





မိုင်းယန်းတိုက်ပွဲကာလက တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးချုပ်သိန်းဟန်(ယခုအငြိမ်းစားသံအမတ်ကြီး) သံအမတ်တာဝန်ထမ်းဆောင်နေစဉ်ကပုံ

www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားပစ်ခတ်ပေးမှုကြောင့် မိမိတပ်ဖွဲ့ဝင်များအားလုံး အောင်တံခွန်စခန်းသို့ အချိန်မီပူးပေါင်းနိုင်ခဲ့ပြီး အင်အား နည်းစွာဖြင့် ရန်သူကို တွန်းလှန်နိုင်ခဲ့သည်။

အောင်တံခွန်ကုန်း၌ ရန်သူနှင့်ပြင်းထန်စွာ တိုက်ပွဲဝင်ရသည့်အခါတွင်လည်း တပ်သားဝုန်လျံမန်းသည် ရန်သူများ၏ လက်ပစ်ဗုံးပေါက်ကွဲထိမှန်၍ လဲကျသွားသော်လည်း အားမလျှော့ဘဲ အနီးသို့လက်နက်ကောက်ရန်လာသည့် ရန်သူကို ဆွဲယူလုံးထွေးပြီး မိမိအသက်ကို မငဲ့ဘဲ ကြိုကြားတွင် လက်ပစ်ဗုံးကိုပေါက်ကွဲစေခြင်းဖြင့် အသက်ဆုံးလဲကာ စံနမူနာပြ တိုက်ပွဲဝင်ခဲ့သည်။ ဤသို့ မိုင်းယန်းဒေသတိုက်ပွဲတွင် မိမိတပ်ဖွဲ့ဝင်များ၏အကျိုးနှင့် စစ်ရေးအကျိုးငှာ အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့သည့်အတွက် သီဟသူရဘွဲ့ချီးမြှင့်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး

၂။ တပ်မတော်သမိုင်း သတ္တမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး

၃။ ထို့ကြောင့်ဤသို့
တောခိုကျောင်းသားဟောင်းများ

၄။ ဗိုလ်မှူးချုပ်သိန်းဟန်(အငြိမ်းစား)နှင့် တွေ့ဆုံ
မြန်းမှတ်သားချက်များ

၅။ နှစ် ၅၀ တပ်မတော် ရွှေရတုစာစောင်



## အခန်း(၁)

## အရှေ့မြောက်ဒေသမှ ဗကပများအကြောင်း

**နိဒါန်း**

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် အရှေ့မြောက်ဒေသ ဗကပများသည် သမိုင်းတွင်မည့် မိုင်းယန်းတိုက်ပွဲကြီးကို တိုက်ခဲ့၏။

ထိုတိုက်ပွဲကြီး၌ ၎င်းတို့ ရှိစုမဲ့စု လူ၊ လက်နက်ခဲယမ်းအားကို အကုန်ထုတ်သုံးခဲ့သည်။ အနိုင်ရရေး မီးကုန်ယမ်းကုန် အစွမ်းကုန်ကြိုးစားခဲ့သည်။ သို့ရာတွင် ရက်



www.burmeseclassic.com

www.burmeseclassic.com



သတ္တ တစ်ပတ်ကျော်ကျော်ကြာအောင် တိုက်ခဲ့ပြီးနော အရှုံးနှင့် ဇာတ်သိမ်းခဲ့ရ၏။

ထိုတိုက်ပွဲကြီး၌ ဗကပများဘက်မှ လူ (၂၀ ကျော် ပါဝင်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲအပြီးတွင် တစ် ကျော် သေကြေဒဏ်ရာရခဲ့ရာ တိုက်ပွဲတွင် တိုင်းရင်း တို့၏ မကျေနပ်မှုကို ခံခဲ့ရ၏။ ထိုမကျေနပ်မှုမှာ နောက် Immediate Cause ဖြစ်၏။ ရှေးယခင်ကပင် Remote C များ ရှိခဲ့ပြီးဖြစ်ရာ ထိုအနှစ်နှစ်အလလက မကျေနပ် စုပေါင်းပြီး မိုင်းယန်းတိုက်ပွဲအပြီး လအနည်းငယ်အ '၀' တိုင်းရင်းသားများက ဗကပဗဟိုကို တော်လှ အာဏာသိမ်းလိုက်ကြတော့သည်။ ဗကပဗဟို တစ် နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရသည်။ ထိုမှ (၁၀၁) ဒေသကို ဆက်ပြီးပြေးရပြန်သည်။ (၁၀၁) စစ်ဒေသ လည်း လက်မခံကြတော့သဖြင့် နောက်ဆုံး၌ ဘုန်း လဲကာ လုံး၀ ကျဆုံးကျေပြုန်းသွားတော့၏။ ဤ မိုင်းယန်းတိုက်ပွဲ၏ ဂယက်သို့မဟုတ် အဆက်ပါ

ကြမ္မာငင်ကာ မိုင်းယန်းတိုက်ပွဲကို တိုက် သော ဗကပအရှေ့မြောက်စစ်ဒေသအကြောင်းကို လိုပါသည်။





ဗကပခေါ် ဗမာပြည်ကွန်မြူနစ်ပါတီသည် အရှေ့ မြောက်ဒေသပေါ်လာခါမှ Conventional ဆန်ဆန် တိုက်ပွဲ ကြီးများကို တိုက်နိုင်လာခြင်းဖြစ်သည်။ ရှေးယခင်က ဤကဲ့သို့ တိုက်ခိုက်နိုင်ခြင်း မရှိခဲ့။ အဘယ့်ကြောင့် ဤ ဖြစ်ပေါ်လာခဲ့ရသနည်းဟုဆိုပါက ဗမာပြည်ကွန်မြူနစ် ပါတီ စတင်ပေါ်ပေါက်လာပုံကစပြီး ပြန်ပြောင်းပြောရမည် ဖြစ်ပါ၏။

❑ ❑ ❑

ဗမာပြည် ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာခြင်းနှင့် ကွန်မြူနစ်များလက်နက်ကိုင်တောစိုးခြင်း

(၁၉၃၉) ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို အိန္ဒိယကွန်မြူနစ်ပါတီ၏ အကူအညီဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး (၁၉၄၇) ခုနှစ်တွင် ဗမာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုသောအခါ ယင်း စာချုပ်ကို ဗမာပြည်ကွန်မြူနစ်ပါတီက ဆန့်ကျင်ခဲ့သည်။ ခုနှစ်၊ ဇူလိုင်လတွင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံး ပြီးနောက် နုအက်တလီစာချုပ် ထပ်မံချုပ်ဆိုခဲ့ကာ (၁၉၄၈)



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ ဗမာပြည်ကွန်မြူနစ်ပါတီက အဆိုပါ လွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးသာဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိသော်လည်း စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို အင်္ဂလိပ်နယ်ချဲ့များကသာ ချယ်လှယ်နေကြောင်း၊ အုပ်စိုးချုပ်ချယ်မှုမှာ အသွင်သာပြောင်းသွားသော အတုအယောင် လွတ်လပ်ရေးသာဖြစ်ကြောင်း ဖဆပလသည် နယ်ချဲ့တို့၏ အုပ်ချုပ်ရေးယန္တရားကို အမွေခံထားပြီး ဖိနှိပ်မှုများ ဆက်လက်ကျင့်သုံးပြုလုပ်နေကြောင်း စသည်ဖြင့် စွပ်စွဲပြောဆိုကာ (၁၉၄၈) ခုနှစ် မတ်လ (၂၈)ရက်နေ့တွင် လက်နက်ကိုင်ဆန့်ကျင် တော်လှန်ခဲ့ကြသည်။ ဩဂုတ်လတွင် တပ်မတော်မှ လက်နက်ကိုင်အချို့သည်လည်းကောင်း တောခိုခဲ့ကြသည်။

(၁၉၅၀) ပြည့်နှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူ့ရဲဘော်မှ ခွဲထွက်သောအဖွဲ့နှင့် တော်လှန်လက်နက်ကိုင်တို့ကို ဦးစီး၍ တပ်မကြီး (၄)ခု ဖွဲ့စည်းကာ သခင်သန်းထွန်းက စစ်သေနာပတိအဖြစ် တာဝန်ယူခဲ့သည်။ သို့သော်လည်း တပ်မတော် ထိုးစစ်များကြောင့် ယင်းတို့အနေဖြင့် အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသောအခါ နယ်ခြားတွင် အခြေခံစခန်းတစ်ခုတည်ဆောက်ရေး၊ တစ်ဖက်နိုင်ငံနှင့်ဆက်သွယ်ရေး၊ ကမ္ဘာ့ ကွန်မြူနစ်ပါတီများ၏ ဆုံးဖြတ်ချက်အတိုင်း ကြွေးကြော်ရေးမှုများ ချမှတ်ခဲ့ပြီး နယ်စပ်သို့ ချီတက်၍ အခြေခံစခန်းများတည်ဆောက်ရန် အောင်ဖေယျစစ်ဆင်ရေးကို စီစဉ်ခဲ့သည်။ ယင်းအချိန်တွင် တစ်ဖက်နိုင်ငံ၌လည်း တရုတ်ကွန်မြူနစ်ပါတီက အာဏာသိမ်းပိုက်ရရှိပြီးဖြစ်၍ ယင်းတို့၏ နိုင်ငံရေးအတိုင်ပင်ခံ အစည်းအဝေးတွင် ယင်းတို့ ချမှတ်သော လမ်းစဉ်သဘော များရေး ဝါဒအရ အရှေ့အာရှတိုက်တွင် အစိုးရကို တော်လှန်ပုန်ကန်သည့် အဖွဲ့အစည်းများအား အကူအညီပေးရန်နှင့် နိုင်ငံခြားကွန်မြူနစ်ပါတီအဖွဲ့ဝင်များကို ခိုလှုံခွင့်ပြုရန် ဆုံးဖြတ်ထားရှိခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ တောမခိုခင်က တစ်ဖက်နိုင်ငံ တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်မှုထက် (၁၉၅၀)ပြည့်နှစ် နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်လာခဲ့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



**အခဝေးရောက်ဗဟိုကော်မတီ**

ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်တွင် ကွန်မြူနစ်ပါတီ အာဏာမရမီ စောစွာကတည်းကပင် တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် ကြိုးပမ်း ၏။ (၁၉၄၅-၄၆) ခုနှစ်များအတွင်း ရဲဘော်အေးငွေ ရဲဘော်ဂူမင်အား တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဆက် သွယ်ရန် စေလွှတ်ခဲ့၏။ သူသည် မြန်မာပြည်ပေါ် တရုတ်အမျိုးသားဖြစ်သော်လည်း တရုတ်စကား မပြော တတ်ပေ။ ရဲဘော်အေးငွေသည် လားရှိုး-ကွတ်ခိုင်လမ်း ဖြတ်ကာ မူဆယ် နမ့်ခမ်းမှတစ်ဆင့် တရုတ်ပြည် ယူနန် ပြည်နယ်တွင်းသို့ ဝင်ရောက်ခဲ့၏။ ထိုစဉ်က ယူနန်ပြည် နယ်တွင် ကူမင်တန်များ အုပ်ချုပ်နေ၏။ ယင်အန်သို့ အရောက်သွားရန် ရည်ရွယ်ချက်ရှိသော်လည်း ရဲဘော်အေး ငွေသည် အခက်အခဲ အမျိုးမျိုးနှင့် ကြုံတွေ့ကာ ယူနန် ပြည်နယ်ထဲတွင်ပင် သောင်တင်နေ၏။ အလုပ်ပေါ် လုပ်ကိုင်ရပ်တည်ရင်း နောက်ဆုံး အင်္ဂလိပ်စာ ကျူရှင် ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုပြီး ဖာတ်မြို့ နေထိုင်ခဲ့၏။

(၁၉၅၀-၅၁) ခုနှစ်တွင် အခြားလမ်းကြောင်း





အဆက်အသွယ်ရကာ ရဲဘော်အောင်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်တွင်းသို့ ဝင်ရောက်သွား၏။ ထိုအချိန်တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီအာဏာရပြီးချိန်ဖြစ်၏။ ထို့နောက် (၁၉၅၁) ခုနှစ်အတွင်းတွင် သခင်ဘသိန်းတင်နှင့် အင်အား(၄၀)သည်လည်းကောင်း၊ သခင်သန်းမြိုင်၊ သခင်ပု နှင့် အင်အား(၂၄)ယောက်အဖွဲ့သည် လည်းကောင်း လမ်းကြောင်းအသွယ်သွယ်မှ တရုတ်ပြည်တွင်းသို့ ဆက်လက် ဝင်ရောက်ခဲ့ကြသည်။ ၎င်းအင်အားစုများ ပူးပေါင်းကာ (၁၉၅၄) ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့၏။ သခင်ဘသိန်းတင်သည် ထိုစဉ်က ဗကပ ဗဟိုကော်မတီ ဒုဥက္ကဋ္ဌ။ သခင်ဖေတင့်၊ သခင်သန်းမြိုင်တို့မှာ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ ဖြစ်ကြ၏။

ထိုစဉ်က ဥက္ကဋ္ဌမော်စီတုံးအမှူးပြုသော တရုတ် ကွန်မြူနစ်ပါတီသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက်ဗဟိုအဖွဲ့ကို နိုင်ငံတကာညီနောင်ပါတီရဲဘော်များ အဖြစ် လက်ခံကြိုဆိုခဲ့၏။ အထူးအခွင့်အရေးများပေးအပ် ကာ စားဝတ်နေရေးကို တာဝန်ယူထားခဲ့၏။ ကေဒါပိုင်းကို ပီကင်းမာ့က်စ်လီနင်ဝါဒတက္ကသိုလ်တွင် နိုင်ငံရေး၊ စစ်ရေး လုပ်ငန်းများ တက်ရောက်သင်ယူစေခဲ့၏။ ရဲဘော်အေးများစု



www.burmeseclassic.com

www.burmeseclassic.com



ကို ဖိချုမ်ပြည်နယ်တွင်းရှိ စက်ရုံများတွင် အလုပ်သမားများ အဖြစ် နေရာချထားခဲ့၏။ ဖိချုမ်ပြည်နယ်မြို့တော် ချင်တူး နှင့် နန်ချန်းနေ့ကျန်းမြို့များတစ်ဝိုက်တွင် ဖြစ်၏။ ၎င်းအဖွဲ့ များအပြင် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေသော ဗမာပြည် ကွန်မြူနစ်ပါတီဝင်များသည်လည်းကောင်း၊ လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေကြသော ပါတီဝင်များသည် လည်းကောင်း၊ တရုတ်ပြည်သို့ ထပ်မံဝင်ရောက်စုစည်း လာကြ၏။ ချက်ကိုစလိုဗေးကီးယားမှ အဖွဲ့၊ မော်စကိုတွင် ရှိသော အဖွဲ့များသည်လည်း အဝေးရောက်ဗဟိုသို့ ဆက် သွယ်စုစည်းလာကြ၏။ (၁၉၅၅) နောက်ပိုင်း တရုတ်၊ ဆိုဗီယက် သဘောထား ကွဲလွဲကြရာတွင် အဝေးရောက် ဗဟိုကော်မတီက မော်စကိုရှိ ဗမာကျောင်းသားများကို ပီကင်းသို့ ပြန်ခေါ်၏။ ရဲဘော်အချို့ မော်စကိုတွင် ကျန် ရစ်ပြီး ရဲဘော်စံသူ(ခ) လင်စန်၊ ရဲဘော်သိန်းအောင်(ခ) ရဲဘော်လွင်တို့သာ ပြန်လည်ရောက်ရှိလာကြလေသည်။

အဝေးရောက်ဗဟိုတွင် သခင်ဘသိန်းတင်၊ သခင် ဖေတင့်နှင့် သခင်သန်းမြိုင်တို့ ဦးဆောင်လျက် ရှိ၏။ တရုတ်၊ ဆိုဗီယက် ကွဲလွဲမှုနှင့်ပတ်သက်၍ ခေါင်းဆောင်မှု ထဲတွင် အမြင်နှစ်ရပ်၊ သဘောထားနှစ်ရပ် ကွဲလွဲခဲ့၏။





ဆိုဗီယက်ကွန်မြူနစ်ပါတီသည် မာ့က်လီနင်ဝါဒကို ကျောခိုင်း၍ အခြေခံမှုများကို ချိုးဖောက်လိုက်သော ပြန်လည်ပြင်ဆင်ရေးပါတီဖြစ်၏။ ခရူးရှော့ဗ်အုပ်စုသည် သစ္စာဖောက်အုပ်စုဖြစ်ပြီး ဆိုဗီယက်ကွန်မြူနစ်ပါတီသည် ဖောက်ပြန်ရေးပါတီဖြစ်၏။ တရုတ်ပြည်ကွန်မြူနစ်ပါတီ သည် ထိုပြန်လည်ပြင်ဆင်ရေးဝါဒကို ဆန့်ကျင်တိုက်ခိုက် သော စစ်မှန်သည့် မာ့က်လီနင်ဝါဒပါတီဖြစ်၏။ မာ့က်လီ နင်ဝါဒကို ဆက်ခံကာကွယ်၏။ ထို့ကြောင့် တိုးတက်သော တော်လှန်သော ပီကင်းနှင့် ပူးပေါင်းကာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းတွင် မော်စကိုကို ဖွင့်ချတိုက် ခိုက်သွားရမည်။ ထိုအမြင်နှင့် သဘောထားကို သခင် ဘသိန်းတင်၊ သခင်ဖေတင့်တို့ အမှူးပြုသည့် ကေဒါ၊ ရဲဘော်အများစုက ကိုယ်စားပြုသည်။

ပီကင်းနှင့်မော်စကို ကွဲလွဲငြင်းခုံမှုသည် အာဏာ ရရှိပြီး ပါတီကြီးနှစ်ရပ်၏ ပြဿနာသာ ဖြစ်၏။ အာဏာ မရသေးသော ကွန်မြူနစ်ပါတီများနှင့်ဖြစ်စေ၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုကိုဖြစ်စေ ဂယက်ရိုက်ခတ်၏။ ထို့ ကြောင့် ပီကင်းနှင့်မော်စကို ညီညွတ်ရေးသည် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ကမ္ဘာ့ သေနင်္ဂဗျူဟာတွင် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြုသနာဖြစ်၏။ ထို့ကြောင့် ပီကင်း၊ မော်စကိုညီညွတ်ရေးအတွက် လုံးပန်းဆောင်ရွက်ကြရမည်။ ထိုအမြင်နှင့် သဘောထားကို သခင်သန်းမြိုင်အမှူးပြုသည့် ကေဒါနှင့် ရဲဘော်တချို့က ကိုယ်စားပြုသည်။

သခင်သန်းမြိုင်သည် မိမိ၏သဘောထားနှင့်အမြင်များကို အခြေခံကာ ဆိုဗီယက်ကွန်မြူနစ်ပါတီနှင့် စာရေးဆက်သွယ်ခဲ့သည်ဟု ဆို၏။ ထို့ပြင် သခင်ဘသိန်းတင်နှင့် တွေ့ဆုံသော ဆွေးနွေးပွဲတစ်ခု၌ စားပွဲအံဆွဲထဲတွင် သားလိုးမားတစ်ချောင်း ဝှက်ထားသည်ဆို၏။ ထိုဓားဖြင့် ပီကင်းမြို့ထဲတွင် သခင်သန်းမြိုင်က သခင်ဘသိန်းတင်အား လုပ်ကြံသတ်ဖြတ်ရန် ကြံရွယ်ခဲ့သည်ဟုဆို၏။ ဤသည်မှာ (၁၉၇၅) ခုနှစ်တွင် အရှေ့မြောက်သို့ ရောက်လာသော ပညာတတ်လူငယ်များက ပါတီခေါင်းဆောင်ဟောင်း သခင်သန်းမြိုင်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းကြရာ PB ရဲဘော်ထွန်းက စကားဝိုင်းတစ်ခုတွင် ရှင်းလင်းပြောပြခဲ့သော ဇာတ်လမ်းဖြစ်လေသည်။

ထိုကိစ္စများ အမှန်တကယ်ဟုတ်၊ မဟုတ် မသိရသော်လည်း၊ သခင်ဘသိန်းတင်က သခင်သန်းမြိုင်ကို ဖမ်းဆီး၍ ပါတီမှထုတ်ပယ်ခဲ့ပြီး တရုတ်ပြည်တွင်း၌ ထောင်





ချအပြစ်ပေးခဲ့သည်မှာကား အမှန်ပင် ဖြစ်လေသည်။ (၁၉၈၂) ခုနှစ်တွင်မှ ထောင်မှလွှတ်ကာ အရှေ့တောင်အာရှရေးရာ သုတေသနဗျူရိုတွင် တာဝန်ထမ်းဆောင်နေကြောင်း အများအသိပင်ဖြစ်၏။ သို့နှင့် အဝေးရောက် ဗဟိုတွင် သခင်ဘသိန်းတင်နှင့် သခင်ဖေတင့်တို့ ဆက်လက်ဦးဆောင်ခဲ့ကြ၏။

(၁၉၆၃)ခုနှစ် စေ့စပ်ဆွေးနွေးပွဲကာလတွင် ရဲဘော်အောင်ကြီးနှင့် ကေဒါအချို့ ပဲခူးရိုးမသို့ ပြန်ရောက်သွားကြ၏။ တရုတ်ပြည်တွင်း၌ သခင်ဘသိန်းတင်၊ သခင်ဖေတင့်နှင့် ရဲဘော်ဟောင်း (၈၀)ကျော် ကျန်ရစ်ခဲ့လေသည်။

ထိုစဉ် တရုတ်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်မှုထဲဝယ် နိုင်ငံတကာပါတီချင်းဆက်ဆံရေး၊ အစိုးရချင်းဆက်ဆံရေးနှင့် ပတ်သက်သော ပေါ်လစီရေးရာတိုက်ပွဲများ ရှုပ်ထွေးနေ၏။ သဘောထားချင်း မတိုက်ဆိုင်သော ခေါင်းဆောင်များကို နည်းမျိုးစုံဖြင့် ဖယ်ရှားကာ မော်စီတုန်း၏ အာဏာကို ပါတီတွင်း၌ နိုင်မာစွာ စိုက်ထူရန် စိုင်းပြင်းနေသော မဟာယဉ်ကျေးမှုတော်လှန်ရေး၏ အကြိုကာလပင် ဖြစ်လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



**အဝေးရောက်ဗဟိုကော်မတီ၏ ကြိုးပမ်းမှုနှင့်ဗဟိုခွဲ**

ပဲခူးရိုးမတွင် ဗဟိုဌာနချုပ်တို့အခြေစိုက်၍ လှုပ်ရှားနေသော မြန်မာပြည်ကွန်မြူနစ်ပါတီသည် (၁၉၆၃) ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားပြီးနောက် ပါတီတွင်း ပဋိပက္ခများနှင့်ဖြုတ်ထုတ်သတ်လမ်းစဉ်(ခေါ်)လူသတ်ဝါဒကြောင့် အခြေအနေယိုင်နဲ့လာခဲ့သည်။ ဒေသခံပြည်သူလူထုအပေါ်တွင်လည်း များစွာဖိစီးနှိပ်စက်လာသောကြောင့်လည်း ပြည်သူလူထုထောက်ခံမှုလျော့ပါးလာသည့်အပြင် ဆန့်ကျင်အန်တုမှုများကိုပင် ကြုံတွေ့လာရသည်။ တပ်မတော်၏ စစ်ဆင်ရေးများကြောင့်လည်း ဗဟိုဌာနချုပ်သည်ပင် မကြာခဏ နေရာရွှေ့ပြောင်းနေရသည်။ ထို့ကြောင့် ဆိုးရွားစွာ ကျဆင်းလာသော ဗမာကွန်မြူနစ်ပါတီအား ကယ်တင်ရန်တစ်ဖက်နိုင်ငံရှိ အဝေးရောက်ဗဟိုကော်မတီသည် အရှေ့မြောက်ဒေသဗကပကို ဖန်တီးဖော်ထုတ်ပေးခဲ့ရသည်။ ပြည်တွင်းပြိုကွဲမှုများကို ကျားကန်ပေးနိုင်ရန်နှင့် အစိုးရကို နှစ်ဖက်ညှပ်ပိတ်တိုက်ခိုက်နိုင်ရန်အတွက် (၁၉၆၈) ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်ခန့်မှစ၍ အရှေ့မြောက်ဒေသဗကပလှုပ်ရှားမှုကို စတင်အကောင်အထည်ဖော်ခဲ့ရသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်တွင်းအခြေခံ





ဒေသနှင့်ပြည်ပကွန်မြူနစ်နယ်မြေများ ဆက်စပ်မိစေရေးကို ရှေးဦးမဆွကပင် အစီအစဉ်များ ချမှတ်ခဲ့ဖူးပြီဖြစ်သည်။ ရွှေလီချိုင့်ဝှမ်းဒေသမှတစ်ဆင့် ကသာခရိုင်နှင့်ဆက်စပ်မှု ရရှိရေးကို ကြိုးစားခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ပေ။ ပဲခူးရိုးမတွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟို အတိုက်ခံနေရစဉ် အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီသည် သခင်တင်ထွန်းအား ဗဟိုခွဲအဖြစ် အင်တောကျောက်ဂူ ဒေသတွင် အခြေခံစခန်းတည်ဆောက်စေခဲ့သည်။ ဗဟိုခွဲသည် (၁၉၆၆)ခုနှစ်တွင် တစ်ဖက်နိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် ပြည်မထိုးဖောက်ရေးမှတစ်ဆင့် ဗမာပြည်တစ်ပြည်လုံး သိမ်းပိုက်ရေးအတွက် မိုးလုံးဟိန်းငါးနှစ်စီမံကိန်းကို ရေးဆွဲခဲ့သည်။

မိုးလုံးဟိန်းငါးနှစ်စီမံကိန်း၏ ရည်ရွယ်ချက်မှာ ဗကပအင်အား (၅၀၀) ကျော်၊ ရှမ်းသောင်းကျန်းသူ (၃၀၀) ကျော်၊ ပအိုဝ်သောင်းကျန်းသူ (၂၀၀) ကျော်ရရှိအောင် စည်းရုံးသိမ်းသွင်း၍ တစ်ဖက်နိုင်ငံသို့စေလွှတ်ကာ သင်တန်းတက်စေပြီးမှ လက်နက်ခဲယမ်းများတပ်ဆင်၍ ရှမ်းပြည်နယ်အား တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။ ရှမ်းပြည်နယ်မှတစ်ဆင့် ပြည်မနယ်မြေများအား ထိုးဖောက်တိုက်ခိုက်ရန်ဖြစ်သည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်



www.burmeseclassic.com

www.burmeseclassic.com



ပါတီသည် ရှမ်းပြည်နယ်အား သေနင်္ဂဗျူဟာအခြေခံစခန်းအဖြစ် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုင်းနိုင်ငံ၊ လောနိုင်ငံနယ်မြေများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်စေရန်လည်း ရည်ရွယ်ခဲ့သည်။

ဗဟိုခွဲဖွဲ့စည်းရေးအတွက် အဝေးရောက်ဗဟိုကော်မတီသည် (၁၉၆၅) ခုနှစ်တွင် သခင်ဖေတင့်အား ရှမ်းပြည်နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ခေါ်ယူခဲ့သည်။ အဝေးရောက်ဗဟိုကော်မတီတွင် အထူးလေ့ကျင့်ပေးခဲ့သော ဗိုလ်သူရ(စစ်ကိုင်း)နှင့် ရဲဘော်စံသူ(ပျော်ဘွယ်)တို့ကိုလည်း ရှမ်းပြည်နယ်သို့ လျှို့ဝှက်စေလွှတ်၍ အထူးတာဝန်များပေးအပ်ခဲ့သည်။

ဗဟိုခွဲ၏ အမြင့်ဆုံးတာဝန်ခံမှာ သခင်တင်ထွန်းပင်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ရှမ်းပြည်နယ်အား အပိုင်းကြီးသုံးပိုင်းခွဲ၍ ခရိုင်သုံးခုသတ်မှတ်ခဲ့သည်။ ယင်းတို့မှာ ...

(က) မြောက်ပိုင်းခရိုင်

(ခ) အလယ်ပိုင်းခရိုင်

(ဂ) တောင်ပိုင်းခရိုင်

မြောက်ပိုင်းခရိုင်ကို ဗိုလ်ကျင်မောင်က တာဝန်ယူ








သခင်သန်းထွန်း၊



သခင်ဇင်



ရဲဘော်ဘ ဘင်



သခင်ချစ်



ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်ကွန်မြူနစ်ပါတီ၊ အဝေးရောက်ဗဟိုကော်မတီအဖွဲ့ဝင်များ



သခင်ဘသိန်းတင်




သခင်သန်းမြိုင်



သခင်ပု



ရဲဘော်အောင်ကြီး



ဗိုလ်ဇေယျ



ဗိုလ်သန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပထမ/ ဒုတိယဥက္ကဋ္ဌ သခင်ဘသိန်းတင်သည် မင်္ဂလာဒုံလေဆိပ် မှထဆင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ခရီးထွက်ခွာလာခြင်းဖြစ်ပါသည်။ (၁၉၆၃)

www.burmeseclassic.com

www.burmeseclassic.com



ဦး အလယ်ပိုင်းခရိုင်ကို ဗိုလ်စိုးမောင်က တာဝန်ယူရသည်၊ ဘောင်ပိုင်းခရိုင်တာဝန်ခံမှာ ဗိုလ်ပုဖြစ်သည်။ ၁၉၅၀ ပြည့် နှစ် စက်တင်ဘာလ(၁)ရက်နေ့က ဖွဲ့စည်းခဲ့သော ပြည်သူ့ တပ်မတော်တွင် သခင်တင်ထွန်းနှင့်ဗိုလ်စိုးမောင်သည် ဗိုလ်ချုပ်ကြီးအဆင့်ရှိသူများဖြစ်သည်။ သို့သော် ရှမ်းပြည် နယ် ဗဟိုခွဲသည် ယင်းတို့၏သီးခြားအင်အားဖြင့် မိုးလုံး ပင်နှင်ငါးနှစ်စီမံကိန်းကို အကောင် အထည်ဖော်နိုင်စွမ်းမရှိ သေး ထို့ကြောင့် အဝေးရောက် ကော်မတီသည် အရှေ့ မြောက်ဒေသမှ ထိုးဖောက်ရန် စီစဉ်ခဲ့ရလေသည်။

❑ ❑ ❑

**ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်ဖွင့်လှစ်ခြင်း**

(၁၉၆၇)ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော တရုတ် ကျောင်းသားများ အရေးခင်းကြောင့် မြန်မာနိုင်ငံနှင့်တစ် ရုတ်နိုင်ငံတို့ဆက်ဆံရေး မပြေမလည်ဖြစ်သည်ကို အခွင့် ကောင်းယူ၍ ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ဗဟို ကော်မတီသည် (၁၉၆၇) ခုနှစ်တွင် ဗကပအရှေ့မြောက် စစ်ဒေသဌာနချုပ်အား ဖွင့်လှစ်ခဲ့သည်။ အဝေးရောက်ဗကပ ဗဟို ဒု-ဥက္ကဋ္ဌ သခင်ဘသိန်းတင်သည် အရှေ့မြောက်

www.burmeseclassic.com



ဒေသအတွက် တစ်ဖက်နိုင်ငံတွင် ခိုလှုံနေထိုင်လျက်ရှိ... တပ်ပြေးနော်ဆိုင်း၏ အင်အားစုများကို အသုံးချခဲ့သ... ဗကပအရှေ့မြောက်စစ်ဌာနချုပ်တွင် နိုင်ငံရေးခေါင်းဆေ... အဖြစ် သခင်ဘသိန်းတင်နှင့်ခင်မောင်ကြီးတို့က... ကောင်း၊ စစ်ရေးခေါင်းဆောင်အဖြစ် နော်ဆိုင်းက... ကောင်း၊ တာဝန်ယူကာ အကြံပေးအဖွဲ့အဖြစ် တစ်... နိုင်ငံမှ ဗိုလ်ချုပ်တစ်ဦးခေါင်းဆောင်သောအဖွဲ့က အနီး... ကွပ်ကဲဆောင်ရွက်သည်။ ဗကပတပ်ရင်းကြီး (၁၀၃)... လည်း အဓိကအင်အားစုအဖြစ် အင်အား (၄၀၀) ခန့်... ဖွဲ့စည်းခဲ့သည်။ ဗကပတပ်ရင်းကြီး (၁၀၃)သည် (၁၉... ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် တပ်မတော်မှ ထ... ထားသော မုံးကိုးစခန်းအား တိုက်ခိုက်သိမ်းပိုက်၍ အ... မြောက်စစ်ဒေသ ဗကပလှုပ်ရှားမှုကို စတင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဗကပများသည် ရှမ်း... နယ်ဗဟိုခွဲနှင့်ဆက်စပ်မိရေးအတွက် အင်အားအချို့အ... ရွှေလီချိုင့်ဝှမ်းမိုးမိတ်ဒေသသို့ ဝင်ရောက်လှုပ်ရှားစေခဲ့သည်... ထိုအချိန်က နယ်ခံဖြစ်သော ကေအိုင်အေသောင်းကျန်း... များနှင့်ပြေလည်ရေးအတွက် ကချင်တိုင်းရင်းသားဖြစ်... နော်ဆိုင်းအား ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့...





...ဖြစ်သည်။ ဗကပတို့သည် ကေအိုင်အေများနှင့် ညှိနှိုင်းနေစဉ် (၁၉၆၈) ခုနှစ်အတွင်း၌ တပ်မတော် တပ်စခန်းများဖြစ်သော ဖောင်းဆိုင်၊ ပန်စုတိုင်၊ ဖော်ကျုံး ကြူကုတ် (ပန်ဆိုင်း)၊ ကောင်းလုံ၊ လုံထန်နှင့်နမ့်ပေါ်တံတားများကို တိုက်ခိုက်ခဲ့ကြသည်။

(၁၉၆၉)ခုနှစ်အတွင်းမှာပင် ဗကပတို့သည် အရှေ့မြောက်ဒေသတွင် အခြေခံနယ်မြေ၊ လှုပ်ရှားနယ်မြေများ ချဲ့လာကြသည်။ အင်အားသုံးရသည့်အဆုံးအဖြတ်ပေးသည့် တိုက်ပွဲကြီးများလည်း ဖော်ထုတ်လာကြသည်။ (၁၉၆၉) ခုနှစ် မေလတွင် ကေအိုင်အေမှ သဘောထားကွဲလွဲပြီး ခွဲထွက်လာသည့် စခုံတိမ်ယိန်းနှင့်လယောက်...လွမ်းတို့ ခေါင်းဆောင်သော မရူ(ခေါ်)လောင်ဝေါ်နှင့် ...ရှီ(ခေါ်)လချိတ် တိုင်းရင်းသားအင်အား (၂၅၀) အား တစ်ဖက်နိုင်ငံတွင် သင်တန်းပေးပြီး ဗကပတပ်ရင်းကြီး (၁၀၀)အဖြစ် ဖွဲ့စည်းပေးခဲ့သည်။ ဗကပတပ်ရင်းကြီး (၁၀၁)သည် ကချင်ပြည်နယ်၊ မေခမြစ်အရှေ့ခြမ်း ချီဖွေ၊ ဆော့ခေါင်၊ ဆော့လော်ဒေသများသို့ ဝင်ရောက်ကာ တပ်မတော်စခန်းငယ်များကို တိုက်ခိုက်ခဲ့သည်။ ထို့နောက် ...ပအဝေးရောက် ဗဟိုကော်မတီသည် တပ်ရင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



(၂၀၂)ကို ဖွဲ့စည်း၍ ရှေ့လီချိုင့်ဝှမ်းဒေသစိုးမိုးရေး
ဆောင်ရွက်ပြန်သည်။

ဗကပတပ်ရင်းကြီး (၄၀၄)ကို ဖွဲ့စည်း၍လည်း ကိုးကန့်နယ်မြေကုန်ကြမ်းစခန်းကို တိုက်ခိုက်သိမ်းပိုက် သည်။ (၁၉၆၉) ခုနှစ်အတွင်းမှာပင် ဗကပတပ်ရင်း(၁၀ တပ်ရင်း (၁၀၇)၊ တပ်ရင်း (၁၀၈)နှင့် တပ်ရင်း (၈ တို့အား တိုးချဲ့ဖွဲ့စည်းပြန်သည်။ တပ်ရင်းကြီး (၄၀၄) လက်အောက်တွင်လည်း ဝတိုင်းရင်းသားများအား စည်း ၍ တပ်ရင်း (၅၀၁)၊ (၅၀၂)နှင့် (၅၀၃)တို့ကို ဖွဲ့စည်း ပြန်သည်။ ထို့နောက် အမှတ် (၈၀၈) စစ်အကြ အဖွဲ့ဌာနချုပ်ကို မုံးကိုးတွင်လည်းကောင်း၊ အရှေ့မြော စစ်ဒေသဌာနချုပ်ကို မုံးယားတွင်လည်းကောင်း၊ သံလွင် အရှေ့ခြမ်းစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကို မုံးယား လည်းကောင်း ဖွင့်လှစ်အခြေစိုက်၍ တပ်ရင်းကြီး (၂၀၂) မုံးကိုးဒေသတွင်လည်းကောင်း၊ တပ်ရင်းကြီး (၃၀၃) မုံးယားတွင်လည်းကောင်း၊ တပ်ရင်းကြီး (၄၀၄)ကို ကန့်ဒေသနှင့်ဝနယ်တွင်လည်းကောင်း အခြေပြု၍ လှုပ်ရှား စေခဲ့သည်။

❑ ❑ ❑





**တစ်ဖက်နိုင်ငံ၏ ပါဝင်ပတ်သက်မှု**

ဗကပတို့သည် (၁၉၆၈) ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် မုံးကိုးစခန်းအား ဝင်ရောက်တိုက်ခိုက်ရာ၌ အင်အား (၃၀၀)ခန့် ပါဝင်ပြီး တစ်ဖက်နိုင်ငံ၏ အကူအညီ ရယူခဲ့သည်။ (၁၉၆၈)ခုနှစ်အကုန်တွင်ကား ဗကပအင်အား သည် (၅၀၀) ခန့်ထိ တိုးတက်များပြားလာပြီး အခြေခံ နယ်မြေ၊ လှုပ်ရှားနယ်မြေများလည်း တစ်စတစ်စ ကျယ် ပြန့်များပြားလာခဲ့သည်။ (၁၉၆၉) ခုနှစ်တွင် အင်အား (၁၆၂) ယောက်အထိ တိုးတက်လာပြီး (၁၉၇၀) ပြည့်နှစ် တွင် အင်အား (၂၄၁၀) ယောက်ခန့်ရှိလာသည်။ (၁၉၇၁) ခုနှစ်တွင်ကား (၃၅၄၀) ယောက်အထိ တိုးတက်များပြား လာခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် အရှေ့မြောက်စစ် ဒေသကို တည်ဆောက်ရာ၌ ဒေသခံတိုင်းရင်းသားသောင်း ကျန်းသူများကို စည်းရုံးသိမ်းသွင်းခဲ့သည်။ ရှေ့လီဒေသတွင် တပ်မတော်၏ စစ်ဆင်ရေးနှင့်အဖွဲ့တွင်းပဋိပက္ခကြောင့် ကျဆုံးမှုရှိနေသော ရှမ်းသောင်းကျန်းသူကံရွှေ့အဖွဲ့သည် ဗကပတို့၏ သိမ်းသွင်းမှုကြောင့် ဗကပနှင့်ပူးပေါင်းသွားခဲ့ သည်။ ရှမ်းတရုတ်လူမျိုးများအတွင်းသို့လည်း ထိုးဖောက်



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးလာခဲ့သည်။ ဗကပတပ်ရင်း (၁၀၇)သည် ကံ့
အဖွဲ့နှင့်ရှမ်းတရုတ်လူမျိုးများကို အခြေခံခဲ့သည်။ ကေအိုင်
အေနှင့်ယာယီမဟာမိတ်ဖွဲ့နိုင်သည်ကို အခွင့်ကောင်းယူ၍
တစ်ဖက်နိုင်ငံသားကချင်လူမျိုးစုများ အများဆုံးပါဝင်သည့်
ဗကပတပ်ရင်းကြီး (၃၀၃)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။
ဗကပတပ်ရင်းကြီး (၄၀၄)သည် စီးပွားရေးဆိုင်ရာ သဘော
ကွဲလွဲမှုကြောင့် တောခိုသွားသော ဖုံကြားရှင်၏ ကိုးကန့်
ကာကွယ်ရေးအဖွဲ့ကို အခြေခံ၍ ဖွဲ့စည်းခြင်းဖြစ်သည်။
ဆုံကရာမန်နှင့်ပန်ပိုင်နယ်ရှိ နယ်ခံဝကာကွယ်ရေးများကို
လည်း သိမ်းသွင်းခဲ့သည်။ (၁၉၆၉) ခုနှစ်တွင် ဗကပ
တပ်ရင်းကြီး (၂၀၂)သည် မိုးကုတ်အရှေ့ခြမ်းရှိ နယ်
နစ်ဖြူများနှင့်ဆက်စပ်မိလာသည်။

ကေအိုင်အေခေါင်းဆောင် ဇော်တူးသည် (၁၉၆၇)
ခုနှစ်၊ နိုဝင်ဘာလမှ (၁၉၆၈) ခုနှစ်၊ ဇန်နဝါရီလအထိ
တစ်ဖက်နိုင်ငံသို့ သွားရောက်ပြီး မော်စီတုံး၏ သြဝါဒကို
နာခံရန် ကတိပြုခဲ့သောကြောင့်လည်းကောင်း၊ အရှေ့
မြောက်စစ်ဒေသ၏ စစ်ရေးခေါင်းဆောင်မှာ ကချင်
တိုင်းရင်းသားများအပေါ် သြဇာရှိသော ကချင်တပ်မြို့
နော်ဆိုင်းဖြစ်နေသောကြောင့်လည်းကောင်း ဗကပတို့သည်





ပြည်နယ်မြောက်ပိုင်းရှိ ကေအိုင်အေနယ်မြေများတွင်
ခွင့်ကောင်းယူ၍ လှုပ်ရှားနိုင်ခဲ့သည့်အပြင် ဒေသခံကချင်
င်းရင်းသားအချို့ကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြ
သည်။ သို့သော် ကွန်မြူနစ်ဝါဒကို ကေအိုင်အေအောက်
အဆင့်က လက်မခံနိုင်ခြင်း၊ ဗကပတို့၏ နယ်မြေတိုးချဲ့
တွင် ဆက်ကြေးရိက္ခာကိစ္စအငြင်းပွားလာခြင်း၊ (၁၉၆၈)
စ် မတ်လတွင် မရွလူမျိုး၊ ကေအိုင်အေတပ်ရင်း (၄)
ဖွဲ့ (၁) မှူး ဇော်လွမ်း၊ အဖွဲ့ (၅) မှူး စခုံတိမ့်ယိန်းတို့
ခွဲထွက်ခြင်းတို့ကြောင့် ကေအိုင်အေနှင့်ဗကပတို့ မပြေ
ည်ဖြစ်လာကြပြန်သည်။

(၁၉၆၈) ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၌ ကေအိုင်
တပ်မဟာ (၂) ဌာနချုပ်တွင် ပြုလုပ်သော အစည်း
ဝေးက နော်ဆိုင်းခေါင်းဆောင်သော ဗကပများအား
တ် (၁) ရန်သူဟု သတ်မှတ်ခဲ့သည်။ ထို့နောက် ဖွန်
၍ ကေအိုင်အေတို့သည် ဗကပနှင့်စစ်ရေးအရ
ဆိုင်မှုများ ပြုလုပ်လာသည်။ ဇော်တူးသည် ကွန်မြူနစ်
ကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ သို့သော်
န်နက်ခဲယမ်း ရရှိရေးအတွက်မှု တစ်ဖက်နိုင်ငံ ကွန်မြူ
အာဏာပိုင်များနှင့် ဆက်သွယ်နေရသည်။ တစ်ဖက်

www.burmeseclassic.com



နိုင်ငံက ကေအိုင်အေအား လက်နက်ထောက်ပံ့ရာတွင် ဗကပမှတစ်ဆင့် ထောက်ပံ့ရန်ကြိုးစားလာသည်။ ကေအိုင်အေကလည်း ထိုင်းနိုင်ငံမှတစ်ဆင့် အနောက်အုပ်စု၏ အကူအညီရရှိရန် ကြိုးစားခြင်းဖြင့် အကျပ်ကိုင်ထားသည်။ စင်စစ် အရှေ့မြောက်ဒေသ ဗကပလှုပ်ရှားမှုနှင့် ကေအိုင်အေ လှုပ်ရှားမှုတွင် တစ်ဖက်နိုင်ငံက (၁၉၆၇)ခုနှစ် တရုတ် ကျောင်းသားများ အရေးအခင်းမှစ၍ အကူအညီအမျိုးမျိုး ပေးလာခဲ့ခြင်းဖြစ်သည်။

❑ ❑ ❑

**ဗကပအရှေ့မြောက်စစ်ဒေသနှင့် (ဂ၁၅)စစ်ဒေသဖွဲ့စည်းခြင်း**

(၁၉၆၂) ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေးအစီအစဉ်အရ တော်လှန်ရေးကောင်စီနှင့် ဗကပတို့ တွေ့ဆုံဆွေးနွေးရာသို့ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော အဝေးရောက်ဗကပဗဟိုနှင့် ညီနှိုင်း ဆွေးနွေးရာ အောင်မြင်မှုမရရှိသဖြင့် သခင်ဘသိန်းတင်နှင့် အဖွဲ့သည် တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။





(၁၉၆၈)ခုနှစ်တွင် ဗကပများသည် အရှေ့မြောက်စစ်ဒေသကို မြန်မာနိုင်ငံနှင့်တစ်ဖက်နိုင်ငံနယ်စပ်ရှိ ပန်ဆန်း၌ဖွဲ့စည်းကာ အောက်ပါမဟာဗျူဟာများကို ချမှတ်ခဲ့သည်။

(က) ရေရှည်စစ်ကို မျှော်မှန်း၊ ပြောက်ကျားစစ်ကို အခြေခံ၍ နယ်စပ်ရှိ တိုင်းရင်းသားများကို စည်းရုံးကာ တပ်ပေါင်းစုတည်ဆောက်ပြီး အရှေ့မြောက် စစ်ဒေသကို လွတ်မြောက်သောဒေသအဖြစ် ပြုလုပ်ရန်၊

(ခ) ယင်းဒေသမှ အခြေခံ၍ ဗကပဗဟိုအား ရွှေလီချိုင့်ဝှမ်းမှတစ်ဆင့်အဆက်အသွယ် ရယူရန်၊

(ဂ) ရှမ်းပြည်နယ်မြောက်ပိုင်း တောင်တန်းဒေသကို သိမ်းပိုက်ပြီး ယင်းမှတစ်ဆင့် မြန်မာပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းကို တိုးချဲ့သိမ်းပိုက်ရန်၊

(ဃ) ပဲခူးရိုးမနှင့် အရှေ့မြောက်စစ်ဒေသ အချိန်ကိုက် လှုပ်ရှားရန်၊ ပဲခူးရိုးမကို



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုမှဦးစီး၍ လည်းကောင်း၊ အရှေ့မြောက်စစ်ဒေသကို တစ်ဖက်နိုင်ငံ အကူအညီရယူ၍လည်းကောင်း လှုပ်ရှားသွားရန်၊

ထို့နောက် ဗကပများသည် (၁၉၆၉)ခုနှစ်တွင် ကျိုင်းတုံအရှေ့ခြမ်းရှိ ရှမ်းသောင်းကျန်းသူများ၊ ကော်ဆိုးများ၊ တိုင်ဝမ်အဖွဲ့များ၏ မတရားဖိနှိပ်မှုများကို တွန်းလှန်ရန် ဒေသအလိုက် ဖွဲ့စည်းထားသော လက်နက်ကိုင်ကာကွယ်ရေးအဖွဲ့များကို စုစည်း၍ ဗကပတပ်မဟာ (၈)၏ ကွပ်ကဲမှုဖြင့် (၈၁၅)စစ်ဒေသကို ဖွဲ့စည်းခဲ့သည်။

❑ ❑ ❑

**ဗကပတပ်မဟာ (၇၆၈)ဖွဲ့စည်းခြင်း**

(၁၉၇၂)ခုနှစ်တွင် တစ်ဖက်နိုင်ငံနယ်စပ်ဆိုင်ရာ အာဏာပိုင်များက ကျိုင်းတုံမြို့နယ်၊ မိုင်းယန်း၊ မိုင်းလွေမြို့နယ်ရှိ စစ်ဟန်စစ်တိုင်း(ခေါ်) ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (SSIA) အဖွဲ့မှ ခေါင်းဆောင် အိုက်မြင့်(ခေါ်) ခွန်မြင့်ကို တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အိုက်မြင့်က လက်နက်ခဲယမ်းပစ္စည်းများ အကူ





အညီပေးရေး၊ တစ်ဖက်နိုင်ငံရှိ စစ်ရေး၊ နိုင်ငံရေးသင်တန်းများ တက်ရောက်ခွင့်ပြုရေး၊ ယင်းတို့အား တစ်ဖက်နိုင်ငံရှိ ဆေးရုံတွင် တက်ရောက်ကုသခွင့်ပြုရေးများကို တောင်းဆိုခဲ့ရာ တစ်ဖက်နိုင်ငံအာဏာပိုင်များက ဗကပများနှင့် ပူးပေါင်းမှသာ အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ ဆွေးနွေးပြီး အိုက်မြင့်အဖွဲ့သည် ဗကပနှင့် ပူးပေါင်းရန် သင့်မသင့် စဉ်းစားနေချိန်တွင် ဗကပနှင့်မပူးပေါင်းလိုသော ဆန်ညွှပ်နှင့် လီမြင့်ဦးစီးအဖွဲ့သည် (၁၉၇၃)ခုနှစ်တွင် အိုက်မြင့်အဖွဲ့မှ ခွဲထွက်၍ တပ်မတော်ထံ လက်နက်ချ အလင်းဝင်ခဲ့သည်။ (၁၉၇၃)ခုနှစ်၊ မတ်လတွင် အိုက်မြင့်ဦးစီးသည့် အက်စ်အက်စ်အိုင်အေ(SSIA) အဖွဲ့သည် ဗကပနှင့် ပူးပေါင်းရန် သဘောတူခဲ့ပြီး ဗကပ(၈၁၅)စစ်ဒေသနှင့်ပူးပေါင်း၍ လှုပ်ရှားခဲ့သည်။ (၁၉၇၄)ခုနှစ်တွင် သခင်ဘသိန်းတင်က အိုက်မြင့်နှင့် တွေ့ဆုံ၍ အက်စ်အက်စ်အိုင်အေ (SSIA)အဖွဲ့အမည်ကို ရှမ်းပြည်နယ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အဖြစ် ပြောင်းလဲပေးပြီး (၈၁၅)စစ်ဒေသလက်အောက်ခံမှ အရှေ့မြောက်စစ်ဒေသ သို့ အောက်ခံအဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ယင်းအဖွဲ့ကို လက်နက်ခဲယမ်းများပေးခြင်း၊ စစ်ရေး၊ နိုင်ငံရေး သင်တန်းများ ပို့ချခြင်းများကိုလည်း လုပ်ဆောင်ပေးခဲ့သည်။ (၁၉၇၆)ခုနှစ်၊ ဩဂုတ်လတွင် ရှမ်းပြည်နယ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ဗကပ တပ်မဟာ (၇၆၈) အဖြစ် ပြောင်းလဲဖွဲ့စည်းရန် အကြောင်းကြားခဲ့ပြီး (၁၉၇၇) ခုနှစ်၊ မေလတွင် ဗကပတပ်မဟာ (၇၆၈)ကို ဗကပက ပြင်ဆင်ဖွဲ့စည်းပေးကာ ယင်းတို့၏ အကြွင်းမဲ့ ဩဇာခံစေ၍ နမ့်လစ်၊ ဆီလူး၊ ဝမ်ပုံ၊ ဆွန်ကောင်း ဝမ်းယန်နယ်မြေတစ်ဝိုက်တွင် လှုပ်ရှားစေခဲ့သည်။

❑ ❑ ❑

**အရှေ့မြောက်စစ်ဒေသ ဗကပတို့၏ မဟာဗျူဟာနှင့်နည်းဗျူဟာများ**

ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ဗဟိုကော်မတီသည် တစ်ဖက်နိုင်ငံ၏ ပံ့ပိုးကူညီမှုများဖြင့် အရှေ့မြောက်စစ်ဒေသကို တည်ဆောက်၍ ပဲခူးရိုးမရှိ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုအား ကယ်တင်ရန် ကြိုးစားရာတွင် အောက်ပါနိုင်ငံရေးမဟာဗျူဟာများကို ချမှတ်ခဲ့သည်။





(က) လက်နက်ကိုင်တိုက်ပွဲဖြင့် စစ်အနိုင်တိုက် အာဏာသိမ်းရေး၊
(ခ) အစိုးရ၏ အုပ်ချုပ်ကွပ်ကဲမှုနှင့်အလှမ်းဝေးသော နေရာဒေသတို့တွင် အာဏာနိတည်ဆောက်ရေး၊
(ဂ) တိုင်းရင်းသားလူမျိုးစုများနှင့်မဟာမိတ်ဖွဲ့၍ ဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု တိုးချဲ့ရေး၊
(ဃ) ပြည်သူလူထုကို အဆက်မပြတ် စည်းရုံးသိမ်းသွင်းရေး၊
(င) သံလွင်မြစ်အရှေ့ခြမ်းဒေသအား တိုက်ခိုက်သိမ်းပိုက်ပြီး စင်ပြိုင်အစိုးရထူထောင်ရေး၊
(စ) မာ့က်စ်လီနင်၊ စတာလင်နှင့်မော်စီတုံးအတွေးအခေါ် သဘောတရားများကို အကြွင်းမဲ့ခံယူရေး၊
(ဆ) တစ်ဖက်နိုင်ငံအပေါ် ရေရှည်မှီခိုရေး၊
(ဇ) လူတန်းစားတိုက်ပွဲအပေါ်အခြေခံပြီး အစိုးရအား အဖက်ဖက်မှ ချေမှုန်းတိုက်ခိုက်ရေး



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးမဟာဗျူဟာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ကျေးလက်နှင့် နယ်စပ်ဒေသများကို အခြေခံ၍ မြို့နှင့်အချက်အချာဒေသများကို သိမ်းပိုက်ပြီးလျှင် တစ်ပြည်လုံးသိမ်းပိုက်ရေး၊

(ခ) အင်အားအချိုးအစား အခွင့်မသာစဉ်တွင် ရေရှည်စစ်ကို မျှော်မှန်းပြီး ပြောက်ကျားစစ်ကို အခြေခံရေး၊

(ဂ) တိုင်းရင်းသားလူမျိုးစုသောင်းကျန်းသူများအား စည်းရုံးသိမ်းသွင်း၍ လက်နက်ကိုင်အင်အားကြီးထွားရေး၊

(ဃ) သိမ်းပိုက်ပြီးသော နယ်မြေများအား အခြေခံနိုင်မာအောင် ဘက်စုံမှ တည်ဆောက်ပြီး ယင်းမှတစ်ဆင့် စစ်ရေးလှုပ်ရှားမှုများကို နိုင်ငံရေးလှုပ်ရှားမှုဖြင့် ပေါင်းစပ်၍ အခြေခံနယ်မြေအသစ်များတိုးချဲ့စိုးမိုးသိမ်းပိုက်ရေး၊

(င) ရှေ့လီချိုင့်ဝှမ်းနှင့်သိမ်းပိုက်ပြီး သံလွင်အရှေ့ခြမ်းဒေသတို့မှ သံလွင်အနောက်ခြမ်း၊ ရှမ်းပြည်နယ်ဒေသအဟွင်းသို့ လမ်းကြောင်းဖွင့်ဝင်ရောက်ရေး၊

(စ) တစ်ပြည်လုံးကို မသိမ်းပိုက်နိုင်မီစပ်ကြား သံလွင်အရှေ့ခြမ်းအား လွတ်မြောက်သော ဒေသအဖြစ် ဖန်တီးရာ၌ အချက်အချာဖြစ်သော ကွမ်းလုံဒေသနှင့် ကျိုင်းတုံဒေသများအား မရမနေ တိုက်ခိုက်သိမ်းပိုက်ရေး၊

အရှေ့မြောက်ဒေသ ဗကပတို့သည် အထက်ဖော်ပြပါအတိုင်း နိုင်ငံရေး၊ စစ်ရေးမဟာဗျူဟာများကို ချမှတ်ပြီးနောက် ပြောက်ကျားလှုပ်ရှားမှုများကို နည်းဗျူဟာများအဖြစ် ဖော်ထုတ်လာကြသည်။ တပ်မတော်စခန်းများအား သမားရိုးကျနည်းဖြင့် တိုက်ခိုက်မည်ဆိုလျှင် အင်အားအဆပေါင်းများစွာကို သုံးပြီးမှ တိုက်ခိုက်လာကြသည်။ ပြောက်ကျားစစ်နည်းဗျူဟာအမျိုးမျိုးကိုသာမကပဲ အင်အားသုံးရသည့် သမားရိုးကျ စစ်နည်းဗျူဟာများကိုပါ ပူးတွဲဖော်ထုတ်အသုံးပြုလာကြသည်။

တစ်ချိန်တည်းမှာပင် ကွမ်းလုံနှင့် ရှေ့လီဒေသရှိ

www.burmeseclassic.com



ကေအိုင်အိုနယ်မြေများကိုလည်းကောင်း၊ တန့်ယန်းရှိအက်စ်ယူအေနယ်မြေများကိုလည်းကောင်း၊ မိုင်းရယ်ရှိ အက်စ်အက်စ်အေနယ်မြေများကိုလည်းကောင်း၊ မိုင်းကိုင်ရှိ အက်စ်ယူအာရ်အေနယ်မြေများကိုလည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရလလဖနယ်မြေများကိုလည်းကောင်း နိုင်ငံရေး၊ စစ်ရေးအရ ထိုးဖောက်ဝင်ရောက်လာကြသည်။ တပ်ရင်း (၁၀၇) နှင့် (၂၀၂)တို့ကိုလည်းကောင်း တပ်ရင်းကြီး အဆင့်အထိ တိုးချဲ့ဖွဲ့စည်းရန် ကြိုးစားလာကြသည်။

အရှေ့မြောက်ဒေသ ဗကပတို့သည် ဒေသခံတိုင်းရင်းသား သောင်းကျန်းသူအဖွဲ့အစည်းများအား စည်းရုံးသိမ်းသွင်းရာတွင် စစ်ရေးအင်အားနည်းပါးသော ဒေသများ၌ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ထိုးဖောက်လေ့ရှိသည်။ ကချင်ပြည်နယ် မေခအရှေ့ခြမ်းဒေသသို့ ထိုးဖောက်ရာတွင် တစ်ဖက်နိုင်ငံရှိ ဖီးမော်၊ ဂေါ်လန် ဒေသများကို အခြေပြု၍ တပ်မတော်ယန်းတုံရဲစခန်းကို တိုက်ခိုက်ဝင်ရောက်ခဲ့သည်။ ကေအိုင်အေအင်အား နည်းပါးသည့် ဆော့လော်မြို့နယ်မှ မန်ကျီ၊ မျောချောင်းဒေသများကို ထိုးဖောက်ဝင်လာရာ၌ တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ရသည်။ တပ်ရင်း (၂၀၂)သည်





ခန်းစီးဒေသကို ထိုးဖောက်ပြီးနောက်နောင်ချိုနယ်ရှိ ဗကပ ဟိုခွဲနှင့် အဆက်အသွယ်ရရှိခဲ့သည်။ တပ်မတော်သည် မုံးကိုးနှင့် မုံးပေါ်ကြားရှိ မန်ကန်စခန်းအား အခြေအနေအရ လက်လွှတ်ပေးခဲ့ရရာ ဗကပများသည် မုံးကိုး၊ ဆောင်းဆိုင်အပြင် မန်ကန်၊ ဖော်ကျုံး၊ ရီခူး၊ ကပ္ပနားသို့တိုင် အခြေခံနယ်မြေကို တိုးချဲ့လာခဲ့ကြသည်။

(၁၉၇၀) ပြည့်နှစ်တွင် တပ်ရင်းကြီး (၁၀၆)နှင့် (၁၀၈)တို့သည် တစ်ဖက်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြပြီး ပြန်လည်ပြင်ဆင်၍ ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် အမှတ် (၈၀၈) စစ်ဆင်ရေးအကြံပေးဌာနချုပ်ကို မုံးကိုးတွင်လည်းကောင်း၊ အရှေ့မြောက်တိုင်းဌာနချုပ်ကို မုံးယားတွင်လည်းကောင်း၊ သံလွင်အရှေ့စစ်ဆင်ရေး ဌာနချုပ်ကို မန်ဝိန်းတွင်လည်းကောင်း၊ တပ်ရင်း (၁၀၇) ကို နှုတွင်လည်းကောင်း၊ တပ်ရင်းကြီး (၂၀၂) ကို မုံးလီတွင်လည်းကောင်း၊ (၃၀၃) ကို မုံးယားတွင် လည်းကောင်း၊ (၃၀၄)ကို ကိုးကန့်ဒေသတွင်လည်းကောင်း အသီးသီး အခြေပြုလှုပ်ရှားစေခဲ့သည်။ ထို့နောက် ပန်ဆန်းနှင့် ပန်းသန်းကို တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည့်အပြင် ဖန်ကျုံး၊ ဆယ်မွန်၊ မန်ဟိုင်း၊ ဆွတ်မွန်၊ ကောက်စိုက်၊ ဆမ်ဝင်းနှင့်

www.burmeseclassic.com



ပို့ (၄၀၇၇) နှင့် မိုင်းမောတို့တွင် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ရာ တပ်မတော်အင်အားနည်းစခန်းများနှင့် စစ်ကြောင်းများမှာ အကျအဆုံးများပြားခဲ့ရသည်။

(၁၉၇၁) ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ရာ ဗကပများ တွေဝေသွားခဲ့ရသည်။ သို့သော် အရှေ့မြောက်ဒေသလှုပ်ရှားမှုများကို အရှိန်မပျက်စေရန် ထိန်းသိမ်းသည်။ တိုက်ခိုက်ရေး တပ်ရင်းကြီးများကို ဝနယ်နောက်ပိုင်းနှင့်တောင်ပိုင်းတို့တွင် တိုးချဲ့ဖွဲ့စည်းကြသည်။ တပ်ရင်းကြီး (၁၀၇) မှ တပ်ခွဲတစ်ခွဲကို အမှတ် (၈၀၁) ဒေသန္တရတပ်ခွဲအမည်ဖြင့် မန်ဟီးရိုးတွင် တိုးချဲ့ဖွဲ့စည်းသည်။ တပ်ရင်း (၅၀၁)၊ (၅၀၂)နှင့် (၅၀၃)တို့ကိုလည်း လောကြောင်က ခေါင်းဆောင်ဖွဲ့စည်းပြီး ဝနယ်မိုင်းမောတွင် လှုပ်ရှားလာကြသည်။ (၁၉၇၁) ခုနှစ် ဩဂုတ်လတွင် ဝနယ်ထဲမှ တိုက်ခိုက်ရေးတပ်များသည် ကွမ်းလုံ၊ ပန်လုံဒေသများကို တစ်စတစ်စနှင့်ထိုးဖောက်ဝင်ရောက်၍လာကြသည်။ ကချင်ပြည်နယ် မေခအရှေ့ခြမ်းဒေသတွင်လည်း ရစ်ကျော်နှင့် လဂွီစခန်းများကို အင်အားသုံး၍ တိုက်ခိုက်လာကြသည်။

ဗကပတို့၏ မူလရည်မှန်းချက်ဖြစ်သည့် ရွှေလီ





ငံ့ဝှမ်းကို စိမ့်ဝင်ထိုးဖောက်၍ ရှမ်းပြည်နယ်ဗဟိုခွဲမှ ယ်ဆင့် ပဲခူးရိုးမရှိ ဗကပဗဟိုနှင့်ဆက်စပ်ရေးမှာ (၁၉၇၀) ပြည့်နှစ်ကုန်သည်အထိ အောင်မြင်မှုမရှိခဲ့ပေ။ ထို့ကြောင့် (၁၉၇၁) ခုနှစ်တွင် ကိုးကန့်နယ်နှင့်ဝနယ်တို့ကို ဆက်စပ်၍ ခြေခံဒေသတည်ဆောက်ရန် ပြောင်းလဲလှုပ်ရှားလာကြသည်။ ကွမ်းလုံကိုလည်း အကြိမ်ကြိမ်ထိုးဖောက်တိုက်ခိုက်၍ ကြိုးစားလာကြသည်။

အရှေ့မြောက်ဒေသ ဗကပလှုပ်ရှားမှုတွင် တစ်ဖက်နိုင်ငံပါဝင်ပတ်သက်မှုကြောင့် နိုင်ငံခြား သတင်းစာများက ရုတ်နီတပ်များ မြန်မာနိုင်ငံကို ကျူးကျော်နေကြောင်း သားခဲ့ကြသည်။ အထူးသဖြင့် ပြည်ပြေး ကေအင်န်ယူ ပ်ဦးစသော လက်ယာစွန်းရောက်အင်အားစုများသည် န်မြူနစ်အန္တရာယ်ဖြင့် ခြိမ်းခြောက်၍ အနောက်အုပ်စု ိုင်ငံများထံမှ အကူအညီရရန် ကြိုးစားခဲ့ကြလေသည်။

ဗကပတို့၏ မဟာဗျူဟာမြောက် ကြိုးပမ်းချက်ကို တပ်မတော်က အောင်မိုးစစ်ဆင်ရေးဖြင့် ချေမှုန်းရန် ကြိုးစားခဲ့သည်။ (၁၉၇၀)ပြည့်နှစ် ဇူလိုင်လ (၂၇) ရက် နေ့ (၁၅း၃၀) နာရီတွင် တပ်မတော်စစ်ကြောင်းများသည် နှမှန်းမြေပုံညွှန်း(ဂျီ ၄၃၁၃၅၂)ရှိ ဗကပ ဗဟိုခွဲစခန်းအား



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ချေမှုန်းခဲ့သည်။ (၁၉၇၀)ပြည့်နှစ် စက်တင်ဘာလ (၈)ရက်နေ့ (၁၀း၄၅) နာရီတွင်ကား ခန့်မှန်းမြေပုံညွှန်း (အမ် ၉၀၇၉၃၀)၌ သခင်တင်ထွန်းကို တပ်မတော်က ကြောင်းက အသေရမိခဲ့သည်။ သခင်တင်ထွန်းကျဆုံး သွားသည်နှင့် မိုးလုံးဟိန်းငါးနှစ်စီမံကိန်းသည်လည်း မှေး မှိန်သွားတော့၏။

(၁၉၇၁) ခုနှစ် အောက်တိုဘာလ တတိယပတ် တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ရှမ်းပြည်နယ်အရှေ့ အလယ်ပိုင်းခရိုင် တပ်မဟာ(၁)မှူး စောထွန်းအောင်သည် ပအို့ သောင်းကျန်းသူများအခြေပြုရာ လွယ်ဂျယ်တော တန်းသို့ ဆက်သွယ်ရေးစက်များနှင့်အတူ ရောက်ရှိခဲ့သည် ခင်ညိုသည် နိုင်ငံရေးမှူးအဖြစ် ဆောင်ရွက်လိုက်ပါ သည်။ ယင်းအဖွဲ့သည် အရှေ့မြောက်စစ်ဒေသအဖွဲ့ ညွှန်ကြားချက်အရ ပြန်လည်ဝင်ရောက်လာကြခြင်း ဖြစ် သည်။ ထို့နောက် မိုင်းကိုင်အနောက်ခြမ်းဒေသများ ခိုအောင်းလှုပ်ရှားကာ ပြည်နယ်ပြည်မဆက်သွယ်ရေး ထောက်အဖြစ် ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်ရှိ ဗကပဗဟိုခွဲတွင် အစဉ်အ ရှိသော ခေါင်းဆောင်များဖြစ်သည့် ဗိုလ်ပုသည် (၁၉၆





နှစ် ဩဂုတ်လ (၂)ရက်တွင် ပေါင်းလောင်းဒေသ၌ မြန်စစ်ဆင်ရေးကြောင့် ကျဆုံးခဲ့ခြင်း၊ ဇာတိမာန်စစ်ဆင် ရေးကြောင့် ၁၉၆၉ ခုနှစ် စက်တင်ဘာလ (၃၁) ရက် နေ့တွင် ဗိုလ်စိုးမောင်ကျဆုံးခဲ့ခြင်း၊ (၁၉၇၀) ပြည့်နှစ် စက်တင်ဘာလ (၈) ရက်နေ့တွင် ခလရ (၄) နှင့် တိုက် ဖြစ်ပြီး သခင်တင်ထွန်းကျဆုံးခြင်းတို့ကြောင့် ဗဟိုခွဲသည် အဖြည်းဖြည်းပြိုကွဲသွားသည်။ ရှမ်းပြည်နယ်ကော်မတီ ဗဟိုခွဲမှ အလယ်ပိုင်းနှင့်တောင်ပိုင်းခရိုင်များ လက်ကျန် အင်အား (၅၀) ခန့်သည် ဝင်းဆွေ၏ ခေါင်းဆောင်မှုဖြင့် ကျောက်ဂူ၊ နောင်လုံ၊ နောင်ပိုးဒေသများတွင် ခိုအောင်း လှုပ်ရှားနေပြီး မြောက်ပိုင်းခရိုင်မှ စိန်မောင်မှာမူ လက်နက် ၂ အလင်းဝင်ခဲ့သည်။ ကျင်မောင်၊ ပုမောင်၊ ကျော့ရင်တို့ ခေါင်းဆောင်သော အင်အား (၆၀) ခန့်သည် မိုးမိတ်၊ ကျောက်မဲ၊ ကိုးတောင်နယ်မြေများတွင် လှည့်လည်လှုပ်ရှား၍ အရှေ့မြောက်စစ်ဒေသနှင့် ဗကပဗဟိုဆက်သွယ်ရေးကြား ခံနှံ့ထောက်အဖြစ် ဆောင်ရွက်နေကြလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



**အရှေ့မြောက်စစ်ဒေသဗကပများ၏ ပြောင်းလဲဖြစ်ပေါ်မှု**

ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ဗဟိုကော်မတီသည် (၁၉၆၇)ခုနှစ်၊ ဒီဇင်ဘာလမှ (၁၉၇၃)ခုနှစ် အထိ အကြမ်းဖျင်းအားဖြင့် တပ်မဟာသုံးခုစာ သို့မဟုတ် လူအင်အား တစ်သောင်းကျော်စာ စစ်လက်နက်ပစ္စည်းများ အား တစ်ဖက်နိုင်ငံမှ လက်ခံရယူခဲ့သည်။ စစ်လက်နက် ပစ္စည်းများအား ပြည်ပရှိ စက်ရုံတစ်ရုံမှ ထုတ်လုပ်ပေး ခြင်း ဖြစ်သည်။ အရှေ့မြောက်ဒေသဗကပတွင် တရုတ် နိုင်ငံပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အမှတ် (၈၀၈) စစ်အကြံပေးအဖွဲ့ ပူးတွဲပါဝင်နေပြီး (၁၉၆၀)ခုနှစ်တွင်လည်း နိုင်ငံခြားသား စစ်ဖက်အကြံပေးပုဂ္ဂိုလ် (၁၆၀)ခန့် မုံ... လမ်းမှတစ်ဆင့် ဝင်ရောက်လာခဲ့ကြသည်။ အဖွဲ့ခေါင်းဆောင် နမ်ဆလိန်းနှင့်အကြံပေးအရာရှိများသည် (၁၉၇၀)ပြည့်နှစ် အောက်တိုဘာလအထိ ဗကပတို့နှင့်အတူ တွဲဖက်လုပ်ကိုင် ခဲ့သည်။ အမှတ် (၈၀၈) စစ်အကြံပေးအဖွဲ့မှာ (၁၉၇...) ခုနှစ် ဇွန်လတွင် မိုင်းမောနယ်မြေအထိ ဝင်ရောက်ခဲ့သည်။ ဇူလိုင်လတွင်မူ စစ်အကြံပေးအဖွဲ့ကို ဖျက်သိမ်းပြီး တစ်ဖက် နိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။ အမှတ် (၈၀၈) စစ်အကြံ ပေးအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သူ





ထင်တာပန်ဖြစ်သည်။ ထင်တာပန်မှာ အမှတ် (၁၃) တပ်တော်မှ ဒုတပ်မှူးကြီးအဆင့် ရှိသူဖြစ်သည်။

အကြံပေးအဖွဲ့ပြန်လည် ရုပ်သိမ်းခြင်းမှာ တစ်ဖက် နိုင်ငံသည် ကုလသမဂ္ဂသို့ ဝင်ရောက်ခွင့်ရရေးအတွက် ကြိုးပမ်းနေဆဲဖြစ်ပြီး မြန်မာနိုင်ငံသည် တရုတ်နိုင်ငံကုလ သမဂ္ဂသို့ ဝင်ရောက်ခွင့်ရရေးအတွက် အဓိကထောက်ခံသူ အနေဖြင့် ဦးစီးဆောင်ရွက်ကြိုးပမ်းနေသည့် အခြေအနေ ရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

ဗကပတို့သည် အရှေ့မြောက်စစ်ဒေသအား တစ် ဖက်နိုင်ငံ၏ အကူအညီဖြင့် အလျင်အမြန် တိုးချဲ့လာရာ (၁၉၇၂) ခုနှစ်တွင် ဗကပတပ်ရင်းများအား တပ်မဟာ(၂)၊ တပ်မဟာ (၅)၊ တပ်မဟာ (၈)များ အဖြစ် တိုးချဲ့ဖွဲ့စည်း ထား တပ်ရင်း (၁၀၁)၊ (၂၀၂)၊ (၁၀၆)၊ (၁၀၈)၊ (၈၀၁) တို့အား သီးခြားတပ်ရင်းများအဖြစ် သတ်မှတ်ခဲ့သည်။ တပ်မဟာ (၅)နှင့် တပ်မဟာ (၈)တို့အား မိုင်းယန်း မိုင်းလား၊ မိုင်းယောင်းဒေသများသို့ (၁၉၇၃) ခုနှစ်ဦးပိုင်းမှ စတင်၍ဝင်ရောက်လှုပ်ရှားစေခဲ့သည်။

အရှေ့မြောက်ဒေသဗကပများသည် ရွှေလီချိုင့်ဝှမ်း တစ်ဆင့်ပြည်မရှိ ဗကပများနှင့်ဆက်စပ်မိရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



(၁၉၆၈)ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ စ၍ ကြိုးပမ်းလာရာ ထိုနှစ်အတွင်း ကွတ်ခိုင်မြို့နယ်၊ မုံးကိုး၊ ဖောင်းဆိုင်ဒေသများနှင့် မူဆယ်တစ်ဖက်ကမ်းကျေးရွာများအထိ ထိုးဖောက်နိုင်ခဲ့သည်။ (၁၉၆၉)ခုနှစ်တွင် ကွတ်ခိုင်မြို့နယ် မုံးဟောင်နယ်မြေမှ တစ်ဆင့်မုံးဝီးဒေသအထိ တိုးချဲ့လာနိုင်သည်။ (၁၉၇၀)ပြည့်နှစ်တွင်ကား မူဆယ်၊ ကွတ်ခိုင်မြို့နယ်များအတွင်း မန်ဟီးရိုး၊ မုန်းပေါ်၊ ကြူကုတ်၊ မုံးဟောင်နှင့်မန်ထန်လွယ်တာ နယ်မြေများတွင် ခြေကုတ်ယူခဲ့သည်။ (၁၉၇၁) ခုနှစ်တွင် မုန်းယု၊ နမ့်ဖတ်ကာကားလမ်းတွင် တပ်မတော်အား ရင်ဆိုင်ထားပြီး မုံးဒီးနယ်မြေဂျမားမန်ကာန်တောင်ကြောတွင် ခြေကုတ်ယူခဲ့သည်။ နှစ်နိုင်ငံနယ်စပ်မန်ရှိဒေသတွင် ဗကပရေဒီယိုအသံလွှင့်ရုံကို တည်ဆောက်၍ ပြည်သူ့အသံအမည်ဖြင့် တော်လှန်ရေးအစိုးရအား အပုပ်ချခြင်း၊ ဝါဒဖြန့်ခြင်းတို့ကို စတင်အသံလွှင့်ခဲ့သည်။ (၁၉၇၂) ခုနှစ်တွင်ကား ဗကပတပ်ရင်းကြီး (၃၀၃)ကို အခြေခံ ဖွဲ့စည်းထားသော တပ်မဟာ (၂)သည် သိမ်းပိုက်ပြီး နယ်မြေများကို ထိန်းသိမ်း၍ ရွှေလီချိုင့်ဝှမ်းထိုးဖောက်ရေးကို ဆက်လက်ကြိုးပမ်းခဲ့သည်။

ဗကပတို့သည် ရွှေလီချိုင့်ဝှမ်းနှင့်သံလွင် အနောက်





ခြမ်းဒေသကို ထိုးဖောက်နေစဉ်မှာပင် သံလွင်အရှေ့ခြမ်း ကိုးကန့်နယ်မြေရှိ လုံထန်၊ တာရွှေထန်၊ လောက်ကိုင်နှင့်အရှေ့ဘက်နယ်စပ်များ၌ ကိုးကန့်ကာကွယ်ရေးမှ ဂိုဏ်းခွဲလာသူဖုံကြားရှင်၊ ဖုံကြာဖူးတို့၏ လက်နက်ကိုင်တပ်ရင်းများကို (၁၉၆၈) ခုနှစ်မှ စ၍စတင်အသုံးချလာခဲ့ကြသည်။ (၁၉၆၉) ခုနှစ်တွင် ကွမ်းလုံမြောက်ခြမ်းအထိ တိုးချဲ့လာကြပြီး မြောက်ပိုင်း ဝနယ်၊ ပန်ဝိုင်ဆုံကရာနယ်မြေများသို့ ထိုးဖောက်လာပြန်သည်။ (၁၉၇၀)ပြည့်နှစ်တွင်ကား မိုင်းမော အရှေ့ခြမ်းအထိတိုးချဲ့လာပြန်သည်။ (၁၉၇၁)ခုနှစ်တွင် မိုင်းမောဒေသရှိ ကာကွယ်ရေးစခန်းများကို သိမ်းပိုက်ပြီး ဝနယ်တစ်ခုလုံးကို လွှမ်းမိုးလာသည်။ ဗကပတို့သည် ရွှေလီချိုင့်ဝှမ်းထိုးဖောက်ရေး နှစ်ဖြူဗဟိုနှင့်ဆက်စပ်ရေးများ မအောင်မြင်သဖြင့် သံလွင်အရှေ့ခြမ်းရှိ ကိုးကန့်နယ်နှင့်ဝနယ်ကို ဆက်စပ်ကာ အခြေခံနယ်မြေ တည်ဆောက်ရန် ကြိုးပမ်းလာခြင်းပင်ဖြစ်သည်။ ကိုးကန့်နယ်နှင့် ဝနယ်မှာ ဘိန်းထွက်အကောင်းဆုံး နယ်မြေများဖြစ်သည်။

တစ်ဖက်နိုင်ငံ အမှတ် (၈၀၈) စစ်အကြံပေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုက်ခိုက်ခဲ့သော (၁၉၆၈) ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



မုံးကို၊ ဖောင်းဆိုင်၊ လုံထန်၊ ဖော်ကျူး၊ နမ့်ပေါ်တံတား၊ ပန်ဆူကိုင်တိုက်ပွဲများ (၁၉၆၉)ခုနှစ် ကုန်းကြမ်း၊ ကောင်းလုံ၊ နောင်ဆိုင်း၊ ပန်ဝိုင်တိုက်ပွဲများ၊ (၁၉၇၀)ပြည့်နှစ် မုံးပေါ်၊ နမ့်တောင်း၊ လွယ်မွန် တောင်ကြော၊ ဆွတ်မွန်တိုက်ပွဲများတွင် ဗကပတို့သည် တစ်ဖက်နိုင်ငံမှ စစ်လက်နက်ပစ္စည်းများအမြောက်အမြားကိုသာမက လူအင်အားအကူအညီကိုပါ ရရှိခဲ့လေရာ အောင်မြင်မှုများမှာ လျင်မြန်ခဲ့ရသည်။ မိုင်းမောအား သိမ်းပိုက်စဉ်က နိုင်ငံခြားစစ်သား (၇၀၀) ကျော် ပါဝင်တိုက်ခိုက်ပေးခဲ့ပြီး စစ်အကြံပေးအရာရှိ လီကျန်နှင့်တစ်ဖက်နိုင်ငံမှ ဝလူမျိုးဆန်ရှန်းတို့က ခေါင်းဆောင်မှုပေးခဲ့ခြင်းဖြစ်သည်။

(၁၉၇၁) ခုနှစ်တွင် မိုင်းမောစခန်းကို သိမ်းပိုက်ပြီးနောက် နှစ်ကုန်ပိုင်း၌ ကွန်လုံမြို့အား သိမ်းပိုက်နိုင်ရန် အင်အား (၃၇၀၀)ဖြင့် တိုက်ခိုက်ခဲ့ကြသည်။ ကွန်လုံတိုက်ပွဲတွင်လည်း လက်နက်ကြီးပစ်ခတ်သူများမှာ နိုင်ငံခြားတရုတ်စစ်သားများပင်ဖြစ်သည်။ ကွန်လုံ ရက် (၄၀) တိုက်ပွဲတွင် ဗကပတို့အမြောက်အမြား သေကြေပျက်စီးပြီး ဆုတ်ခွာသွားခဲ့ကြရသည်။ ကွန်လုံမြို့အား နောက်ဆုံး တိုက်ခိုက်ပြီး (၁၉၇၁)ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်နေ့တွင်



ဗကပ(၄၀၄)မှ တပ်ရင်း (၄) ရင်းသည် ကွတ်ခိုင်အရှေ့ခြမ်းဂျမား၊ မန်ကန်၊ လွယ်မွန်၊ တာပန်၊ မုံးပေါ်ဒေသများသို့လည်း ကောင်း အသီးသီးဆုတ်ခွာ၍ ပြန်လည်ဖွဲ့စည်းကြပြီး တပ်မတော်မှ အမှတ် (၇၇) နှင့် အမှတ် (၉၉)တပ်မများနှင့် ရင်ဆိုင်ထားခဲ့ကြသည်။ (၁၉၇၂)ခုနှစ် ဇန်နဝါရီလတွင် ဗကပတပ်ရင်းကြီး (၄၀၄) သည် တစ်ဖက်နိုင်ငံမှ တစ်ဆင့် ဓနုယ်မြောက်ပိုင်းဗင်းဟာင်ဒေသသို့ ဝင်ရောက်ပြီး ဗကပတပ်ရင်း (၅၀၁)၊ (၅၀၃) တို့နှင့် ကျင်ချင်းဒေသတွင် လှုပ်ရှားခဲ့သည်။ တပ်မတော်နှင့် ရင်ဆိုင်ထားရာမှ မုံးစီးနယ်မြေနှင့် လွယ်မွန်နယ်မြေများတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

တပ်မတော်နှင့်တိုက်ပွဲများ ဖြစ်ပွားနေစဉ်မှာပင် ဗကပတို့သည် ကေအိုင်အေနှင့်ပဋိပက္ခဖြစ်ပွားလာသဖြင့် (၁၉၇၂)ခုနှစ် ဇန်နဝါရီလမှဖေဖော်ဝါရီလအတွင်း ကွတ်ခိုင်အရှေ့ခြမ်း၊ မုံးပေါ်၊ ပန်ဖိတ်၊ နမ့်ချက်တစ်ဝိုက်၌ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တစ်ဖက်နိုင်ငံသည် (၁၉၇၂) ခုနှစ်နောက်ပိုင်းတွင် လူအင်အားဖြင့် ပါဝင်ရွက်ဖက်မှုများ မပြုလုပ်တော့သော်လည်း စစ်လက်နက်ပစ္စည်းများနှင့်ရိက္ခာငွေကြေးတို့ကိုမူ ဆက်လက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ပွဲပေးနေခဲ့သည်။ လက်နက်ခဲယမ်းမီးကျောက် ထောက်ပံ့ရာ၌ ဗကပ (၈၁၅) စစ်ဒေသအတွက် နားလီ (အမ်အက်ဖ် ၉၀၁၂)တွင်လည်းကောင်း တပ်မဟာ (၈) အတွက် မိုင်းလားတွင်လည်းကောင်း၊ တပ်မဟာ (၅) အတွက် မန်ဆန်၊ လာဖုတ်တွင်လည်းကောင်း ဗကပ (၁၀၁) စစ်ဒေသအတွက် ချန်းယင်တူ၊ ကန်ပိုက်တီးတွင်လည်းကောင်း စုပုံဖြည့်တင်းပေးခဲ့လေသည်။

(၁၉၇၂) ခုနှစ် ဇန်နဝါရီလတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မိုင်းဟဲဒေသ၌ ဗကပတို့သည် တစ်ဖက်နိုင်ငံ၏ အကူအညီဖြင့် ဒေသခံကော်လူမျိုးစုနှင့်တစ်ဖက်နိုင်ငံ ဆစ်ဆောင်ပန္နားဒေသရှိ မျိုးနွယ်တူကော်လူမျိုး (၇၀) အား လေ့ကျင့်စုစည်းပြီး လက်နက်တပ်ဆင်ကာ ဗကပ (၈၀၅)စစ်ဒေသအဖြစ် ဖန်တီးခဲ့သည်။ ချီဖွေမြို့နယ် (မေခမြစ်အရှေ့ခြမ်းဒေသ)တွင်လည်း မရူ(လောင်ဝေါ်)၊ လရှီ(လချိတ်)လူမျိုးများအား စည်းရုံးသိမ်းသွင်းခဲ့သည်။ (၁၉၇၂) ခုနှစ် ဖွန်လတွင် မန်တုံဒေသ၌ အလင်းဝင်ရန်တာစူနေသော တောခိုလွယ်မော်ခွန်ငိုအဖွဲ့မှ အင်အား (၂၀၀) အား ဗကပတို့က ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးကာ လက်နက်သိမ်းခဲ့သည်။ နောက် အမာခံဗကပများရောနှော





ကာ ဗကပတပ်ရင်း (၀၁၈) ကို ဖွဲ့စည်းပြန်သည်။

ဗကပတို့သည် ကချင်ပြည်နယ်တွင်လည်း ကေအိုင်အေမှ ခွဲထွက်လာသည့် ဇခုံတိမ်ယိမ်းနှင့်ဇလွမ်းတို့ကို အခြေခံ၍ ဗကပ (၁၀၁)ကို ဖွဲ့စည်းကာ (၁၉၆၉) ခုနှစ်တွင် နဖွန်ဘော်နှင့်ဆောလောစခန်းများကို သိမ်းပိုက်ခဲ့သည်။ (၁၉၇၀) ပြည့်နှစ်တွင် တရုတ်နိုင်ငံ ဗီမော်နှင့် ထောဂေါ်ဒေသအကြား ချန်းယင်းတူးနှင့်ဝေါ်ချုံဒေသများတွင် အခြေခံနယ်မြေတည်ဆောက်ခဲ့သည်။ (၁၉၇၁) ခုနှစ်တွင် တမူးချောင်းဖျားကို အခြေခံ၍ ဆဒုံးသို့ ထိုးဖောက်လာရာ ကေအိုင်အေနှင့် ထိပ်တိုက်တွေ့လာသည်။ (၁၉၇၂) ခုနှစ်တွင် မငေါင်၊ လဝွေစခန်းများကို သိမ်းပိုက်ပြီး နယ်မြေတိုးချဲ့လာသည်။ ဌာနချုပ်မှာ ဆင်းခုံသို့ ရောက်ရှိလာသည်။

❑ ❑ ❑

**ဗကပတို့၏ ၃၅၁၀ စီမံကိန်း**

အဝေးရောက်ပါတီကော်မတီသည် အရှေ့မြောက်ဒေသ ဗကပလှုပ်ရှားမှုများကို အလျင်အမြန်တိုးချဲ့လာရာ (၁၉၇၂) ခုနှစ်တွင် ဗကပတပ်များအား တပ်မဟာ (၂)



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ (၅)၊ တပ်မဟာ (၈) စသော တပ်မဟာများသာမက သီးခြားတပ်ရင်းများအဖြစ် (၁၀၁)၊ (၁၀၂)၊ (၁၀၆)၊ (၁၀၈)၊ (၈၀၁)တို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်လေသည်။ တပ်မဟာ (၅)နှင့်တပ်မဟာ (၈)တို့သည် မိုင်းယန်း၊ မိုင်းလား၊ မိုင်းယောင်းဒေသများကို (၁၉၇၃) ခုနှစ်ဦးပိုင်းတွင် တိုးချဲ့ဝင်ရောက်လာကြသည်။ ထို့နောက် မိုင်းယန်း၊ မိုင်းလွေနယ်မြေများတွင် လှုပ်ရှားနေသော အိုက်မြင့်ခေါင်းဆောင်သည့် ရှမ်းပြည်နယ် လွတ်မြောက်ရေးတပ်မတော် (အက်စ်အက်စ်အိုင်အေ)ကို စည်းရုံးသိမ်းသွင်းကာ ဗကပတပ်မဟာ (၇၆၈) စစ်ဒေသကို (၁၉၇၄)ခုနှစ်တွင်တည်ဆောက်နိုင်ခဲ့ပြန်သည်။ ထိုနှစ်မှာပင် တောခိုလွယ်မော်အင်အားစုများ လွယ်လလူမျိုးများဖြင့် ဖွဲ့စည်းထားသော တပ်ရင်းများကို ကွပ်ကဲရန် တပ်မဟာ(၁၂)ကို မိုင်းမောတွင် ဖွင့်လှစ်ခဲ့သည်။

ဗကပတပ်မဟာ (၅) သည် မော်ဖဒေသမှ တစ်ဆင့်သံလွင်အနောက်ခြမ်း စိုးမိုးရေးအတွက် ဝင်ရောက်လှုပ်ရှားစဉ် တပ်မတော်၏ ရန်ဖြိုစစ်ဆင်ရေးကြောင့် အထိနာခဲ့ရသည်။ ထို့ကြောင့် တပ်မဟာ (၅)အား ဖျက်သိမ်း၍ (၁၉၇၅)ခုနှစ်တွင် တပ်မဟာ (၆၈၃) နှင့်တပ်မဟာ (၆၈၅)ကို အစားထိုးဖွဲ့စည်းခဲ့သည်။





အရှေ့မြောက်ဒေသ ဗကပတို့သည် (၁၉၆၇)ခုနှစ် ဒီဇင်ဘာလမှ (၁၉၇၃)ခုနှစ်အထိ အကြမ်းဖျင်းအားဖြင့် ပြည်ပရှိတပ်မဟာသုံးခုစာကို တပ်ဆင်နိုင်သော လက်နက်ခဲယမ်းများ၊ စစ်ပစ္စည်းများကို ဘစ်ဖက်နိုင်ငံမှ အကူအညီရရှိခဲ့သည်။ တစ်ဖက်နိုင်ငံမှ စစ်အကြံပေးအရာရှိများ၊ လက်နက်ကြီးပစ်ခတ်သူများစသည့် လူအင်အားအကူအညီကို (၁၉၇၂) ခုနှစ် ဇူလိုင်လအထိ ရရှိခဲ့သည်။ တရုတ်နီတပ်မဟာသုံးခုစာအင်အားမှာ လူတစ်သောင်းကျော် ရှိလေရာ အရှေ့မြောက်ဒေသဗကပများသည် လျင်မြန်စွာကြီးထွားလာခဲ့ကြရသည်။

အင်တော၊ ကျောက်ဂူဒေသကို အခြေခံ၍ အရှေ့မြောက်ဒေသနှင့်ပဲခူးရိုးမဒေသကို ဆက်စပ်နိုင်စေရေး မိုးလုံးဟိန်းငါးနှစ်စီမံကိန်းသည် (၁၉၆၆) ခုနှစ်ကတည်းက စတင်ခဲ့သော်လည်း ဗဟိုခွဲသည် (၁၉၇၀) ခုနှစ်အတွင်းမှာပင် ချုပ်ငြိမ်းခဲ့ရသည်။ (၁၉၇၀)ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ဗဟိုခွဲအတွင်းရေးမှူး မေးကောက်လှမောင်အပါအဝင် ခုနှစ်ယောက်ကို တပ်မတော်က အသေမိခဲ့ပြီး စက်တင်ဘာလ (၈) ရက်နေ့တိုက်ပွဲတွင် ဗဟိုခွဲဥက္ကဋ္ဌ သခင်တင်ထွန်းအပါအဝင် ငါးဦးကို အသေရမိခဲ့ရာ ဗဟိုခွဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ လုံးဝချုပ်ငြိမ်းသွားတော့သည်။

ဗဟိုခွဲချုပ်ငြိမ်းပြီး မိုးလုံးဟိန်းငါးနှစ်စီမံကိန်းပျက်ပြားသွားခြင်း၊ ပဲခူးရိုးမဗဟိုဌာနချုပ်ကျဆုံးသွားခြင်းတို့ကြောင့် ဗကပတို့သည် (၁၉၇၅) ခုနှစ် အောက်တိုဘာလတွင် ရေရှည်မဟာဗျူဟာစီမံကိန်းတစ်ရပ်ကို ရေးဆွဲခဲ့ရာ ယင်းစီမံကိန်းသည် (၇၅၁၀)စီမံကိန်းပင်ဖြစ်သည်။ (၇၅၁၀) စီမံကိန်း၏ ရည်ရွယ်ချက်မှာ သံလွင်မြစ်အနောက်ခြမ်းနယ်မြေစိုးမိုးရေး၊ ရှမ်းကယားနယ်စပ်တွင် အခြေချ၍ ကရင်နီအားသိမ်းသွင်းရေး၊ ခန့်မှန်းမြေပုံညွှန်း(ဒဗလျူ-၁၀၈၈၃၅)ခွင်မှ တစ်ဆင့် ပဲခူးရိုးမသို့ ပြန်လည်ထိုးဖောက်အသက်သွင်းရေးတို့ဖြစ်သည်။

ပဲခူးရိုးမတွင် သခင်ဇင်နှင့်သခင်ချစ်တို့ ကျဆုံးပြီး ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ လုံးဝအစပျောက်ချုပ်ငြိမ်းသွားသောအခါ အဝေးရောက်ပါတီသည် အလုံ အလျောက်ပင် ဗဟိုဌာနချုပ်ဖြစ်လာသည်။ အဝေးရောက်ပါတီခေါင်းဆောင် သခင်ဘသိန်းတင်သည်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ဗကပ တပ်မဟာ (၅)သည် မော်မဖဒေသမှတစ်ဆင့် သံလွင်မြစ်အား ဖြတ်ကူးလာရာ တပ်မတော်၏ ရန်ဖြိုစစ်ဆင်ရေးဖြင့်





ချေမှုန်းခြင်းကိုခံခဲ့ရသည်။ တပ်မဟာ (၅) ၏ ကြိုးပမ်းမှုသည် (၇၅၁၀) စီမံကိန်းအကောင်အထည်ဖော်မှုအစပင်ဖြစ်သည်။

ဗကပတို့သည် ဒေသခံလူမျိုးစုံသောင်းကျန်းသူများကိုလည်း တစ်စတစ်စ သိမ်းသွင်းလျက်ရှိရာ (၁၉၆၈) ခုနှစ် ဧပြီလ (၂၁)ရက်နေ့မှစ၍ မဟာမိတ်ပျက်ပြားခဲ့သော ကေအိုင်အေတို့ကိုလည်း နည်းမျိုးစုံဖြင့် စည်းရုံး အကျပ်ကိုင်ခဲ့သည်။ (၁၉၇၅) ခုနှစ် ဩဂုတ်လ (၁၀) ရက်တွင် ကေအိုင်အေခေါင်းဆောင်ဇော်တူ၊ ဇော်ဆိုင်းနှင့် ပုံရွှေဇော်ဆိုင်းတို့ ထိုင်းနိုင်ငံတွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရလေရာ ကွန်မြူနစ်စနစ်လိုလားသူ မရန်ဘရန်ဆိုင်း ခေါင်းဆောင်ဖြစ်လာသည်။ ဗကပတို့သည် ချက်ချင်းပင် အခွင့်ကောင်းယူ၍ ညီညွတ်ရေးတပ်ဦးဖွဲ့စည်းရန် ကမ်းလှမ်းခဲ့သည်။ ကေအိုင်အေကလည်း လက်နက်ခဲယမ်းအကျပ်အတည်းတွေ့နေသဖြင့် လက်ခံခဲ့သည်။ ထို့ကြောင့် ဆက်ဆံရေးတိုးတက်လာပြီး ပူးတွဲစစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာကြသည်။ သို့သော် ကေအိုင်အေက ဗကပကို ဆက်ဆံသည်မှာ ယာယီမဟာမိတ်အဖြစ်သာ သဘောထားခြင်းဖြစ်သကဲ့သို့ ဗကပကလည်း ကေအိုင်အေကို အခြားပါတီများ



www.burmeseclassic.com

www.burmeseclassic.com



နည်းတူ လုံးဝဝါးမျိုပစ်ချပစ်ရန်သာ ရည်ရွယ်ထားခဲ့ကြသည်။

ဗကပတို့သည် ရှမ်းသောင်းကျန်းသူ ပအိုဝ်းသောင်းကျန်းသူ(ရလလဖအနီ) ကယန်းပြည်သစ်ပါတီနှင့် ကရင်နီခွဲထွက်ရေးသမားတို့ကိုလည်း စည်းရုံးသိမ်းသွင်း၍ (၇၅၁၀) စီမံကိန်းအကောင်အထည်ဖော်ရန် အထောက်အကူအဖြစ် အသုံးချခဲ့ကြသည်။

အရှေ့မြောက်ဒေသ ဗကပတို့သည် ပဲခူးရိုးမ ဗကပဗဟိုအား ကယ်တင်နိုင်ရန်အတွက် (၁၉၇၅) ခု ဇန်နဝါရီလနောက်ဆုံးပတ်တွင် တပ်မဟာ (၂)၊ တပ်မဟာ (၅)၊ တပ်မဟာ (၈) အင်အားများကို အသုံးပြု၍ မိုင်း (၄၅၆၁)၊ လွိုင်စန်ကာ၊ ပစောက်ကွေ့၊ မိုင်းညှင်းဒေသနှင့် မိုင်းကိုင်ဒေသတို့၌ တစ်ပြိုင်နက်တည်း ဟန်ချက်ညီ တိုက်ပွဲများ ဖော်ထုတ်ခဲ့ကြသည်။ ထိုတိုက်ပွဲများတွင် တစ်ဖက်နိုင်ငံမှ ထောက်ပံ့သည့်လက်နက်ကြီးများဖြင့် ပစ်ကူဆေး တိုက်ခိုက်ခြင်းဖြစ်သည်။ မိုးညှင်းဒေသ မို့ုင့် (၆၃၀၁) တိုက်ပွဲတွင် ပြည်ပတရုတ်မြေပုံခြောက်ချပ်၊ ဓာတ်ပုံနှင့် စာရွက်စာတမ်းများ သိမ်းဆည်းရမိပြီး ဆက်သွယ်ရေး စက်ကြီးတစ်လုံး၊ စက်အလတ်စားတစ်လုံးတို့ကိုပါတပ်မတော်





သိမ်းပိုက်ရရှိခဲ့သည်။ ထို့အပြင် ဗကပတို့သည် ဖက်တရုတ်နိုင်ငံ၏ အကူအညီဖြင့် ကွမ်းလုံတိုက်ပွဲ နိုင်ခင်မှာပင် အောက်ပါလမ်းများကို ဖောက်လုပ်ခဲ့ကြ ည်။

(က) မုံးကိုး– မုံးယားနှင့် မုံးဟောင်းကားလမ်း။

(ခ) ပန်ဆိုင်း– ဖောင်းဆိုင်၊ မုံးပေါ်– မုံးကိုး ကားလမ်း။

(ဂ) ပြည်ပနိုင်ငံမိန်တိန်း(အက်စ်ပီ– ၈၇၈၀) မှ မန်ပိန်းကားလမ်း။

(ဃ) တာကမူးရှူး– မန်ခါးကားလမ်း။

(င) မန်ခါး– ထန်လုံနှင့်မန်မိန်းကားလမ်း။

(စ) ပြည်ပနိုင်ငံ ဆီမန်း(ဂျီကြူ– ၆၁၄၅) ဆုံကရာမန်ကားလမ်း။

(ဆ) ပြည်ပနိုင်ငံ ပန်ဟုန်း– ပန်လောင်း– တပ်ထိန်– ဗင်ဟင်း– မိထန်ဟော်ကား လမ်း။

(ဇ) ပန်ဟုန်း– ပန်ဝိုင်– ဝါးခ– မိုင်းမော ကားလမ်း။

(ဈ) ကျိုင်းလော– ဝမ်တော်– ဝပ်ကပ်–



www.burmeseclassic.com

www.burmeseclassic.com



ပန်ကိုင်– ဆီလူးကားလမ်း၊

(ည) ပြည်ပနိုင်ငံတာပဲ–ကန်ဘိုက်တီး(က
ပြည်နယ်)ကားလမ်း၊

တယ်လီဖုန်းလိုင်းများကိုလည်း အောက်ပါအတိုင်း ဆက်သွယ်ခဲ့သည်။

(က) မန်ဟိုင်း– မုံးကိုးနှင့်ပန်ဆပ်– နား
လိုင်း၊

(ခ) တစ်ဖက်နိုင်ငံနန်းဆန်(အက်စ်ပီ– ရာ
ဘက်မှ မန်ပိန်း– ရန်ကြုတင်– မူ
ကြိုင်း– နော်ဩတန်– ရှာခိုလင်လိုင်း

(ဂ) မန်ခါး– လောင်ချာကျိုင်းလိုင်း။

တရုတ်နိုင်ငံသည် (၁၉၆၉) ခုနှစ်၊ နဝမအကြိမ် မြောက် ပြည်သူ့ကွန်ဂရက်တွင် နိုင်ငံတကာ အသီး မှ တော်လှန်ရေးအင်အားစုများအား ကူညီထောက်ပံ့ ရန်ဆုံးဖြတ်ခဲ့ရာ ဗကပတို့သည် တစ်ဖက်တရုတ်နိုင်ငံ အကူအညီကို ဖောဖောသီသီရရှိခဲ့သည်။ (၁၉၇၂)ခုနှစ် အရှေ့မြောက် ဗကပတို့ မိမိအစီအစဉ်ဖြင့် မိမိရပ်တည် လာနိုင်သဖြင့် ပြည်ပနိုင်ငံသည် ကိုယ်ထိလက်ရောက် (လူအင်အားဖြင့်)ကူညီမှုများကို လျှော့ချပြီး အဝေးမှ





နိုးကျောင်းကြိုးဆွဲချုပ်ကိုင်ခဲ့သည်။ သို့သော် အရှေ့ မြောက်ဒေသဗကပတို့၏ လက်နက်အင်အားတွင် မြန်မာ ည်ရှိ တိုင်းရင်းသားများနှင့် မျိုးနွယ်စုချင်းတူသော တစ် ဖက်နိုင်ငံမှ ဝ၊ ရှမ်း၊ လားဟူ၊ ကိုးကန့်၊ ကော် မျိုးနွယ် များမှာ အဓိကဖြစ်နေခဲ့သည်။

(၁၉၆၈) ခုနှစ်မှ (၁၉၇၅) ခုနှစ် နှစ်ဦးပိုင်းကာလ ထိ တပ်မတော်နှင့်အရှေ့မြောက်ဒေသ ဗကပများ တိုက်ခိုက်ကြရာ နှစ်ဖက်အထိအခိုက် အကျအဆုံးဇယား ာ တစ်ဖက်ပါအတိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ခုနှစ် | တပ်မတော်အဆုံးအရှုံး | | | | ဗကပအဆုံးအရှုံး | | | |
|---|---|---|---|---|---|---|---|---|---|
| | | ကျဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | လက်နက်ဆုံးရှုံး | ကျဆုံး | ဖမ်းမိ | လက်နက်ချ | လက်နက်ဆုံးရှုံး |
| ၁။ | ၁၉၆၈ | ၁၂၈ | ၂၅၃ | – | ၁၀၉ | ၂၆၀ | ၁၄ | ၂၂ | ၈၄ |
| ၂။ | ၁၉၆၉ | ၂၁၉ | ၅၀၈ | – | ၁၆၀ | ၄၀၅ | ၂၅ | ၁၀၃ | ၄၃၇ |
| ၃။ | ၁၉၇၀ | ၃၃၅ | ၅၉၁ | – | ၃၈၉ | ၇၁၄ | ၃၂ | ၂၁၄ | ၅၈၁ |
| ၄။ | ၁၉၇၁ | ၂၉၃ | ၅၈၂ | – | ၁၆၈ | ၄၉၁ | ၃၈ | ၁၀၄ | ၃၄၄ |
| ၅။ | ၁၉၇၂ | ၁၉၉ | ၃၉၃ | ၁၃ | ၁၉၀ | ၄၅၃ | ၂၇ | ၈၆ | ၃၄၃ |
| ၆။ | ၁၉၇၃ | ၁၆၆ | ၄၀၆ | ၆၁ | ၁၅၅ | ၂၂၉ | ၅၅ | ၁၀၉ | ၂၀၆ |
| ၇။ | ၁၉၇၄ | ၁၀၃ | ၂၆၃ | ၇ | ၆၇ | ၁၂၄ | ၂၇ | ၁၉၁ | ၁၆၅ |
| | စုစုပေါင်း | ၁၄၄၃ | ၂၉၉၆ | ၈၁ | ၁၂၃၈ | ၂၆၇၆ | ၃၁၈ | ၈၂၉ | ၂၁၆၀ |

တပ်မတော်နှင့်ဗကပအဆုံးအရှုံးနှိုင်းယှဉ်ချက်ဇယား

([illegible])



ဖော်ပြပါဇယားအရ ခုနစ်နှစ်တာကာလအတွင်း တပ်မတော်သား (၁၄၄၃) ယောက်သည် ဗကပများနှင့် တိုက်ခိုက်ရင်း နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ကြရသည်ကို တွေ့ရသည်။ ဗကပများဘက်မှလည်း (၂၆၇၆) ယောက် သေဆုံးခဲ့ရပြီး (၁၃၈)ယောက် ဖမ်းဆီးခံခဲ့ရသည်။ (၈၂) ယောက် လက်နက်ချ အလင်းဝင်လာခဲ့ကြသည်။ ဗကပတို့ထံမှ လက်နက်မျိုးစုံ (၂၁၆၀) လက် သိမ်းဆည်းရမိခဲ့သည်။ (၁၉၇၅) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်မှ (၁၉၇၅) ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ လေးလတာ ကာလအတွင်း အရှေ့မြောက်ဒေသ တိုက်ပွဲများတွင် တပ်မတော်နှင့်ဗကပ အဆုံးအရှုံးနှိုင်းယှဉ်ချက်မှာ တစ်ပက် ဖါ အတိုင်းဖြစ်သည်။





www.burmeseclassic.com

| စဉ် | တပ်မတော်အသုံးအရှုံး | | | | | ဗကပအသုံးအရှုံး | | | |
|---|---|---|---|---|---|---|---|---|---|
| | တိုင်း/တပ်မ | ကျဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | လက်နက် | ကျဆုံး | ဖမ်းမိ | လက်နက်ချ | လက်နက် |
| ၁။ | ရမခ | ၅၈ | ၈၉ | ၄ | ၃၉ | ၂၉ | ၈ | ၄ | ၁၃ |
| ၂။ | ရပခ | ၂ | ၅ | – | – | ၃ | ၁၂ | ၁ | ၃ |
| ၃။ | တမခ(၈၈) | ၇၂ | ၁၇၄ | ၅၅ | ၆၀ | ၈၀ | ၄ | ၃၆ | ၁၀၅ |
| | စုစုပေါင်း | ၁၃၂ | ၂၆၈ | ၅၉ | ၉၉ | ၁၁၂ | ၂၄ | ၄၁ | ၁၂၁ |

တပ်မတော်နှင့်ဗကပစစ်ဆင်ရေးဆုံးရှုံးမှုနှိုင်းယှဉ်ချက်ဇယား

(၁-၁-၇၅ မှ ၃၀-၄-၇၅)





တပ်မတော်သည် အရှေ့မြောက်စစ်ဒေသ ဗကပ များနှင့်တိုက်ခိုက်ရာတွင် အထိအခိုက် အကျအဆုံးများဖြင့် ရင်းနှီးခဲ့ရသည်။ ထို့အတူပင် ဗကပများ၏ သေကျေပျက်စီးမှုများမှာလည်း ပိုမိုများပြားလှသည်ကို တွေ့ရသည်။ ခုနစ်နှစ်တာကာလအတွင်း ဗကပတို့ထံမှ လက်နက်မျိုးစုံ (၂၁၆၀) လက် သိမ်းဆည်းမိရာ ထိုလက်နက်များတွင် ပြည်ပနိုင်ငံလုပ် အမ် (၂၁) သေနတ် (၂၄၆) လက်၊ အမ် (၂၂) သေနတ် (၁၉၀) လက်နှင့်အမ် (၂၃) သေနတ်၊ (၁၄) လက်၊ စုစုပေါင်း ပြည်ပနိုင်ငံလုပ် လက်နက် (၄၅၀) ပါဝင်ခဲ့သည်။ သို့သော် ဗကပများသည် လူအင်အားရော လက်နက်အင်အားပါ လျော့သွားသည် မရှိဘဲ တိုး၍တိုး၍သာ လာသည်ကို တွေ့ရသည်။ အရှေ့မြောက်ဒေသ ဗကပများသည် (၁၉၆၈)ခုနှစ်တွင် အင်အား (၅၀၀)ခန့်ဖြင့် စတင်ခဲ့ရာ (၁၉၆၉)ခုနှစ်တွင် (၂၁၆၂)ခန့်၊ (၁၉၇၀) ပြည့်နှစ်တွင် (၂၄၁၈) ခန့်၊ (၁၉၇၁) ခုနှစ်တွင် (၃၅၄၀) ခန့်၊ (၁၉၇၂)ခုနှစ်တွင် (၅၆၄၀)ခန့်၊ (၁၉၇၃) ခုနှစ်တွင် (၄၈၅၀)ခန့်၊ တိုးတက်လာသည်။ (၁၉၇၄) ခုနှစ်တွင် အင်အား (၅၈၇၀) ခန့်ဖြစ်လာခဲ့၏။ (၁၉၇၅) ခုနှစ်တွင် သိသာစွာ တိုးလာခြင်းမတွေ့ခဲ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဗကပတို့၏ ရေရှည်မဟာဗျူဟာ စီမံကိန်းတွင် သံလွင်မြစ်အနောက်ခြမ်းဒေသအား လက်ရသိမ်းပိုက်၍ လွတ်မြောက်သောဒေသကြေညာရန်လည်း ရည်မှန်းထားခဲ့ကြသည်။ ထို့ကြောင့် (၁၉၇၁) ခုနှစ်တွင် လူအင်အား အလုံးအရင်းကိုသုံး၍ ကွမ်းလုံရက် (၄၀) တိုက်ပွဲကြီးကို ဆင်နွှဲခဲ့ကြသည်။ (၁၉၇၃) ခုနှစ်တွင် ပန်လုံဒေသတိုက်ပွဲကြီးနှင့်ကျိုင်းတုံဒေသ မိုင်းယန်း၊ မိုင်းလွေတိုက်ပွဲကြီးများကို အင်အားအလုံးအရင်းဖြင့် ဆင်နွှဲခဲ့ကြသည်။ (၁၉၇၅) ခုနှစ်တွင်လည်း မိုင်းညှင်း၊ မိုင်းကိုင်ဒေသ၌ အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြသည်။ (၁၉၇၄) ခုနှစ်တွင်မူ ကျိုင်းတုံ တာကော်ဆက်သွယ်ရေးလမ်းရှိ တုံတာစခန်းကို စခန်းရှည် ချီတက်ထိုးဖောက်၍ တိုက်ခိုက်ခဲ့သည်။ (၁၉၇၅)ခုနှစ်တွင် မန်ကျောင်း၊ နားခါး၊ ပါနင်းတိုက်ပွဲများကို ခရီးရှည် ချီတက်ထိုးဖောက် ဆင်နွှဲခဲ့သည်။

(၁၉၇၃) ခုနှစ် ဖေဖော်ဝါရီလတွင် ဗကပသခင် ဖေတင့်ခေါင်းဆောင်သော ဗဟိုခေါင်းဆောင်များသည် ကိုးကန့်ဒေသ ပန်ဝိုင်းတွင် အစည်းအဝေးတစ်ခုကျင်းပ၍ ကွမ်းလုံနှင့်ကျိုင်းတုံဒေသများအား (၁၉၇၃-၇၄) ခုနှစ်အတွင်း အရသိမ်းပိုက်ကြရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်

မြရတနာစာပေ



ယင်းဆုံးဖြတ်ချက်မှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။ ကွမ်းလုံနှင့် ကျိုင်းတုံဒေသ နှစ်ခုစလုံးသည် သံလွင် အရှေ့ဘက်ခြမ်းဒေသအား လွတ်မြောက်သောဒေသ ကြေညာရန် အချက်အချာကျသော ဒေသကြီးနှစ်ခုဖြစ်သည်။ ထို့ကြောင့် ဗကပတို့သည် ယခင်ရည်မှန်းချက်ဖြစ်သည့် ရွှေလီချိုင့်ဝှမ်းထိုးဖောက်ရေးအပြင် ကွမ်းလုံဒေသနှင့်ကျိုင်းတုံဒေသ စိုးမိုးရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်လာကြသည်။

သို့သော် အရှေ့မြောက်ဒေသဗကပများ၏ အခြေအနေမှာ တစ်ဖက်နိုင်ငံပေါ်တွင်သာ လုံးဝတည်မှီလျက်ရှိနေလေသည်။ ပဲခူးရိုးမပါတီ ဗဟိုကယ်တင်ရေးနှင့် ဆက်စပ်ရေး ရည်မှန်းချက်ကြီးမှာလည်း (၁၉၇၅) ခုနှစ်တွင် လုံးဝပျက်စီးသွားပြီဖြစ်လေရာ အရှေ့မြောက်ဒေသ ဗကပသည် သီးခြားအဖွဲ့အစည်းသစ်တစ်ရပ်သဖွယ်သာ ရပ်တည်၍ ကျန်ရစ်ခဲ့ရလေသည်။

❑ ❑ ❑

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**ဗကပတို့၏ တပ်ဖွဲ့စည်းပုံအဆင့်ဆင့်**

ဗကပတို့သည် (၁၉၆၇) ခုနှစ် ဇူလိုင်လ တရုတ်ကျောင်းသားများ အရေးအခင်းဖြစ်ပွားပြီးနောက် အရှေ့မြောက်စစ်ဒေသဌာနချုပ်ကို ဖွင့်လှစ်ကာ ဗကပတပ်ရင်းကြီး (၃၀၃)ကို စတင်ဖွဲ့စည်းသည်။ ဗကပတပ်ရင်းကြီး (၃၀၃)ကို အရှေ့မြောက်စစ်ဒေသဌာနချုပ်က တိုက်ရိုက်ကွပ်ကဲပြီး အင်အား (၄၀၀) ခန့်ပါဝင်သည်။ တပ်ရင်းကြီး (၃၀၃)သည် (၁၉၆၈) ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် မုံးကိုးစခန်းကို စတင်တိုက်ခိုက်ပြီး ထိုနှစ်အတွင်းမှာပင် ဖောင်းဆိုင်း၊ ပန်စုတိုင်၊ ဖော်ကျုံး၊ ကြူကုတ်၊ ကောင်းလုံ၊ လုံထန်နှင့်နမ့်ပေါ်တံတားများကို တိုက်ခိုက်ခဲ့သည်။

(၁၉၆၉) ခုနှစ် မေလတွင် ကေအိုင်အေမှ ခွဲထွက်လာသော စခုံတိမ်ယိမ်းနှင့်ဇေလွမ်းတို့ ခေါင်းဆောင်သည့် အင်အား (၂၅၀) ကို ဗကပတို့က တပ်ရင်းကြီး (၁၀၁) အဖြစ်ဖွဲ့စည်းပေးခဲ့သည်။ ရွှေလီချိုင့်ဝှမ်းစိုးမိုးရေးစီမံကိန်းအတွက် တပ်ရင်းကြီး (၂၀၂)ကို မုံးကိုးတွင် ဖွဲ့စည်းခဲ့ပြီး ဗကပတပ်ရင်းကြီး (၄၀၄)ကို ကိုးကန့်ဒေသတွင် ဖွဲ့စည်းခဲ့ပြီး ကုန်းကြမ်းစခန်းကို တိုက်ခိုက်ခဲ့သည်။ (၁၉၆၉)ခုနှစ်မှာပင် ဗကပတပ်ရင်း (၁၀၆)၊ (၁၀၇)၊ (၁၀၈) နှင့်

(၈၀၁)တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ တပ်ရင်းကြီး (၄၀၄)သည် ဝနယ်မြောက်ပိုင်းကို ထိုးဖောက်ဝင်ရောက်ပြီးနောက် ဝတိုင်းရင်းသားတို့အား အခြေခံ၍ တပ်ရင်း (၅၀၁)၊ (၅၀၂)နှင့် (၅၀၃)များအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပြန်သည်။

ဗကပတပ်ရင်းကြီး (၁၀၁)သည် ကချင်ပြည်နယ်၊ မေခအရှေ့ခြမ်းဒေသ ဝေါချို၊ ကန်ပိုက်တီးတွင်လည်းကောင်း တပ်ရင်းကြီး (၂၀၂)သည် မုံးကိုးတွင်လည်းကောင်း၊ တပ်ရင်းကြီး (၃၀၃)သည် မုံးယားတွင်လည်းကောင်း၊ တပ်ရင်းကြီး (၄၀၄)သည် ကိုးကန့်ဒေသနှင့် ဝနယ်မြောက်ပိုင်းတွင်လည်းကောင်း အခြေခံကာ လှုပ်ရှားခဲ့သည်။

(၁၉၇၁) ခုနှစ် နိုဝင်ဘာလတွင် ဗကပတပ်ရင်းကြီး (၃၀၃)နှင့် (၄၀၄)တို့ ဦးဆောင်၍ ကွမ်းလုံရက် (၄၀) တိုက်ပွဲကြီးကို ဆင်နွှဲရာ အရှုံးပေါ်သဖြင့် ကိုးကန့်ဒေသသို့ ပြန်လည်စုစည်းကာ (၁၉၇၂) ခုနှစ် ဖေဖော်ဝါရီလတွင် အောက်ပါအတိုင်းတပ်များကို ဖွဲ့စည်းခဲ့ပြန်သည်။

(က) တပ်မဟာ (၂)

၁။ တပ်ရင်း (၁၀၇)

၂။ တပ်ရင်း (၃၀၃၁)







www.burmeseclassic.com

www.burmeseclassic.com



၃။ တပ်ရင်း (၁၀၃၃)

၄။ တပ်ရင်း (၁၀၃၇)

၅။ ကွတ်ခိုင်ခရိုင်တပ်

(ခ) တပ်မဟာ (၅)

၁။ တပ်ရင်း (၄၀၄၅)

၂။ တပ်ရင်း (၄၀၄၆)

၃။ တပ်ရင်း (၄၀၄၇)

၄။ ကိုးကန့်ခရိုင်တပ်

(ဂ) တပ်မဟာ (၈)

၁။ တပ်ရင်း (၅၀၁)

၂။ တပ်ရင်း (၅၀၂)

၃။ တပ်ရင်း (၅၀၃)

၄။ တပ်ရင်း (၁၀၃၅)

၅။ တပ်ရင်း (၄၀၄၈)

(ဃ) သီးခြားတပ်ရင်းများ

၁။ တပ်ရင်း (၁၀၁)

၂။ တပ်ရင်း (၂၀၂)

၃။ တပ်ရင်း (၁၀၆)

၄။ တပ်ရင်း (၁၀၈)





၅။ တပ်ရင်း (၈၀၁)

ကွမ်းလုံ ရက်(၄၀) တိုက်ပွဲတွင် ရှုံးနိမ့်ခဲ့သော ဗကပများသည် (၁၉၇၂) ခုနှစ်တွင် ဝနယ်တောင်ပိုင်းကို ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်၍ သိမ်းပိုက်ခဲ့သည်။ (၁၉၇၃)ခုနှစ်တွင် တပ်မဟာ (၅)နှင့် (၈) တို့ကို စုစည်း၍ ကျိုင်းတုံဒေသကို ထိုးဖောက်သည်။ ထိုနှစ်မှာပင် ရှမ်းပြည်နယ် လွတ်မြောက်ရေးတပ်မတော် (အက်စ်အက်စ်အိုင်အေ)မှ အိုက်မြင့်အဖွဲ့အား သိမ်းသွင်း၍ ဗကပတပ်မဟာ (၇၆၈)ဟု ဖွဲ့စည်းသည်။ ရှမ်းနှင့်ကော်ကာကွယ်ရေးများ၊ သောင်းကျန်းသူများ စုစည်း၍ (၈၁၅) တပ်ဖွဲ့တို ဖွဲ့စည်းခဲ့သည်။

(၁၉၇၄) ခုနှစ်တွင် ဗကပတို့သည် မြောက်ပိုင်းရှိ တောခိုလွှယ်မော်များကို သိမ်းသွင်း၍ ဖွဲ့စည်းပေးထားသော တပ်များနှင့်လွှယ်လ(ဝ)များအား စုစည်းထားသည့် တပ်များဖြင့် တပ်မဟာ (၁၂)ကို မိုင်းမောတွင် ဖွဲ့စည်းခဲ့သည်။ ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်သည်လည်း မိုင်းမောမှ ပန်ဆန်းသို့ ပြောင်းရွှေ့သွားသည်။ သံလွင်အနောက်ခြမ်းကို ကွပ်ကဲရန် မုံးကိုးတွင် စစ်ဒေသခွဲကို ဖွင့်လှစ်ပြီး အဆိုပါ စစ်ဒေသခွဲသည် တပ်မဟာ (၆၈၃)



www.burmeseclassic.com

www.burmeseclassic.com




အား တိုးချဲ့ဖွဲ့စည်းပြန်သည်။

(၁၉၇၅) ခုနှစ်အတွင်း မိုင်းရှူးအရှေ့ခြမ်းနှင့်လွယ်ဆေးဒေသတွင် ဗကပတပ်မဟာ (၅)သည် အထိနာသွားသဖြင့် ဖျက်သိမ်းလိုက်ရသည်။ ထို့နောက် တပ်မဟာ (၅) အစား၊ တပ်မဟာ (၆၈၃) နှင့်တပ်မဟာ (၆၈၅) ကို အစားထိုး ဖွဲ့စည်းပြန်သည်။ တပ်မဟာ (၆၈၃)တွင် တပ်ရင်း (၅၀၂)၊ (၄၀၄၅)၊နှင့် (၄၀၄၇)တို့ပါဝင်ပြီး ဗကပ တပ်မဟာ (၆၈၅)တွင် တပ်ရင်း (၆၈၅၅)၊ (၀၇၂)နှင့် တပ်ရင်း (၆၈၅၈)တို့ပါဝင်ကြသည်။

အရှေ့မြောက်ဒေသဗကပတို့သည် (၁၉၆၈) ခုနှစ်တွင် စတင်လှုပ်ရှားစဉ်က စ၍ တပ်ရင်းတပ်ဖွဲ့အမျိုးမျိုး နံပါတ်အမျိုးမျိုးတပ်၍ ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လူအင်အားကို အတည်တကျသတ်မှတ်လေ့မရှိကြပေ။ ရံဖန်ရံခါတွင် တပ်ရင်းအဆင့်သည် တပ်ခွဲလူအင်အားမျှသာရှိသည်ကို တွေ့ရသည်။ ထိုးစစ်များ ဆင်နွှဲ၍ မအောင်မြင်လျှင် မကြာခဏပင် တပ်များကို ဖျက်သိမ်းပစ်ပြီး တပ်နံပါတ်အသစ်များသတ်မှတ်၍ ဖွဲ့စည်းလေ့ရှိသည်။ ဗကပတို့၏ အခြေခံလူအင်အားမှာ လွယ်လာ၊ ရှမ်း၊ ပလောင်၊ ကချင်စသည့် ဒေသခံတိုင်းရင်းသားများ



အုတ်တွင်းမြို့နယ်၊ ကျောက်ချောင်းစခန်း၌ သခင်သန်းထွန်း လုပ်ကြံခံရသည့် နေရာပြမြေပုံ။ (၁၉၆၈ ခုနှစ်)





၂လက်မ (၁)မိုင်

www.burmeseclassic.com

www.burmeseclassic.com

ဒီတပ်မတော်မှ ကျောက်ထံငါးမြို့နယ် အနောက်ခြမ်း ရဲ့နွယ်ချောင်းအရှေ့
သခင်ခင်၊ သခင်ချစ် ရှိသော တိုက်ပွဲမြေပုံကြမ်း (၁၉၇၅ ခုနှစ်)





-ပထတ်မ (၄)နိုင်

www.burmeseclassic.com


www.burmeseclassic.com

တပ်ရဲဘော်အောင်ကြီးနှင့်အဖွဲ့အား မိမိတပ်မတော်မှ ဝိုင်းယှက်ဝင်ဆို့
တိုက်ခိုက်ခဲ့သည့် ငါးမြေမစားကျက်တိုက်ပွဲမြေပုံကြမ်း



www.burmeseclassic.com

## သာယာဝတီခရိုင်၊ မင်းလှမြို့နယ်အတွင်း ရိုးမအနောက်၌ KNLPမှ ဗိုလ်ကျင်ဖေ ကျဆုံးသည့် တိုက်ပွဲပြမြေပုံ




www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ဖက်နိုင်ငံသားမျိုးနွယ်တူ လွယ်လ၊ ရှမ်း၊ ကချ င်စသော လူမျိုးများဖြစ်ကြသည်။

❑ ❑ ❑

**ဗမာပြည်ကွန်မြူနစ်ပါတီ(ပြည်တွင်းနှစ်ဖြူ)တို့၏ နိဂုံး**

ဗမာပြည် ကွန်မြူနစ်ပါတီသည် (၆၄) လမ်းစဉ်ခေါ် အချင်းချင်းဖြုတ်ထုတ်သတ် လမ်းစဉ်ကို ကျင့်သုံးခဲ့ရာ ပဲခူးရိုးမရှိ ဗဟိုတွင် ဗဟိုကော်မတီဝင်များ တစ်ဦးပြီးတစ်ဦး အသတ်ခံခဲ့ရသည်။ လက်နက်ချသူများ ရှိသာ၍ ဗဟိုသတင်းလည်း မကြာခဏ ပေါက်ကြားပြီး ဗဟိုမှာ တပ်မတော်၏ တိုက်ခိုက်မှုကို မကြာခဏ ခံခဲ့ရသည်။ (၁၉၆၈) ၌ ဗဟိုအတိုက်ခံရပြီး ကစင့်ကလျားဖြစ်သွားချိန်၌ ဗဟိုဥက္ကဋ္ဌသခင်သန်းထွန်း လုပ်ကြံခံရ၍ ရိုးမှာပင် ကျဆုံးသွားခဲ့သည်။

သခင်သန်းထွန်းကျဆုံးပြီးနောက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အကြီးအကဲမှာ သခင်ဇင်ဖြစ်လာခဲ့သည်၊ အတွင်းရေးမှူးမှာ သခင်ချစ်ဖြစ်သည်။ သခင်ဇင်နှင့်သခင်ချစ်တို့သည် သခင်သန်းထွန်းလက်ထက်က ခံယူကျင့်သုံးလာခဲ့သည့် (၆၄)လမ်းစဉ်ခေါ် ပြည်ပလမ်းစဉ်ကိုပင် ဆက်

မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ကျင့်သုံးကြသည်။ ဗမာပြည်ကွန်မြူနစ် ပါတီသည်လည်း အဝေးရောက်ပါတီမှတစ်ဆင့် ပြည်ပကွန်မြူနစ်ပါတီ၏ ဩဇာခံပါတီဖြစ်မြဲဖြစ်လျက်ပင်ရှိသည်။ ထိုလမ်းစဉ်ကြောင့်ပင် သခင်ဇင်နှင့် သခင်ချစ်တို့ ကျဆုံးခဲ့ရပြန်၏။

❑ ❑ ❑

**ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအသစ်**

ပဲခူးရိုးမဒေသတွင် သခင်ဇင်နှင့် သခင်ချစ်တို့ ကျဆုံးပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုပြိုကွဲသွားသော အခါ အဝေးရောက်ပါတီဗဟိုကော်မတီသည် (၁၉၇၅)ခုနှစ် မေလ (၁၆) ရက်မှ (၂၉) ရက်နေ့ထိ တစ်ဖက်နိုင်ငံတွင် အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ ထိုအစည်းအဝေးက ပြန်လည်ဖွဲ့စည်းခဲ့သော ဗကပဗဟိုကော်မတီအသစ်၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့(ပေါ်လစ်ဗျူရို)**

| | | |
|---|---|---|
| ၁။ | ဘသိန်းတင် | ဗဟိုဥက္ကဋ္ဌ |
| ၂။ | ဖေတင့် | ပထမ ဒု-ဥက္ကဋ္ဌ |





| | | |
|---|---|---|
| [illegible] | ခင်မောင်ကြီး(ခေါ်)ကူဖန် | ဒုတိယ ဒု-ဥက္ကဋ္ဌ |
| [illegible] | ကျော်မြ(ပန်ဆန်း) | အဖွဲ့ဝင် |
| [illegible] | အသားမည်းမျိုးမြင့် | အဖွဲ့ဝင် |
| [illegible] | တင်ရီ(ခေါ်)ယန်ကွမ်း | အဖွဲ့ဝင် |
| [illegible] | ကျင်မောင် | အဖွဲ့ဝင် |
| [illegible] | ရဲထွန်း | အဖွဲ့ဝင် |

**(ခ) ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ**

| | | |
|---|---|---|
| ၁။ | ဘသိန်းတင်(ခေါ်)ခေါ်ဆင် | ဥက္ကဋ္ဌ |
| ၂။ | ဖေတင့်(ခေါ်)ခေမစ် | ပထမ ဒု-ဥက္ကဋ္ဌ |
| ၃။ | ခင်မောင်ကြီး(ခေါ်)ကူဖန် | ဒုတိယဒု-ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး |
| ၄။ | တင်ရီ(ခေါ်)ယန်ကွမ်း | အရှေ့မြောက်စစ်ဒေသ |
| ၅။ | ဇော်မိုင်(ခေါ်)ကျောက်မြင့် | အရှေ့မြောက်စစ်ဒေသ |
| ၆။ | တိုက်အောင်(ခေါ်)ဝမ်ယင် | အလယ်ပိုင်းဗျူရို |
| ၇။ | အသားမည်းမျိုးမြင့် | မြောက်ပိုင်းဗျူရို |
| ၈။ | ကျော်မြ | တပ်ပေါင်းစုတာဝန်ခံ |
| ၉။ | ကျင်မောင် | အရှေ့မြောက်စစ်ဒေသ |
| ၁၀။ | ဖေသောင်း | မြောက်ပိုင်းဗျူရို |



www.burmeseclassic.com

www.burmeseclassic.com



၁၁။ ဖရန်ဂမ်ဒီး(ခေါ်)ဖုံဆွေမြင့် — အရှေ့မြောက်စစ်ဒေသ
၁၂။ သန်းရွှေ(ခေါ်)ဟော်ကောင် — အရှေ့မြောက်စစ်ဒေသ
၁၃။ ဘသန်း — မြောက်ပိုင်းဗျူရို
၁၄။ စောဟန် — တနင်္သာရီတိုင်း
၁၅။ ရဲထွန်း — ပြည်ပရောက် သံကိုယ်စားလှယ်
၁၆။ ရဲဘော်ထွန်း(ခေါ်)ရန်ဝေး — ဗဟိုဌာနချုပ်ရုံးချုပ်
၁၇။ ရဲဘော်သက်ထွန်း — အနောက်မြောက် စစ်ဒေသ
၁၈။ ရဲဘော်စိုးကြည် — အနောက်မြောက် စစ်ဒေသ

(ဂ) အရန်ဗဟိုကော်မတီဝင်များ

၁။ ကြည်ပြိုင်(ခေါ်)တိန်ကျိဖင့်(သေဆုံး) — အရှေ့မြောက်စစ်ဒေသ
၂။ စိုးသိန်း(ခေါ်)လင်ထင် — အရှေ့မြောက်စစ်ဒေသ
၃။ စိုးလွင် — တနင်္သာရီ
၄။ စံသူ(ခေါ်)လင်စံ — တပ်မ(၆၀)
၅။ မြမင်း(ခေါ်)အုန်းမြင့် — အလယ်ပိုင်းဗျူရို





၆။ မောင်မောင်စိန် — အရှေ့မြောက်စစ်ဒေသ
၇။ ရဲဒင်(ခေါ်)ရီကျင့်(ခေါ်)ထွန်းလွင် — တပ်မ (၆၈)
၈။ သိန်းအောင် — အရှေ့မြောက်စစ်ဒေသ
၉။ အေးလွင် — တပ်မဟာ (၇၆၈)
၁၀။ ကြူချင်(ခေါ်)ကျော်စိန် — တပ်မ(၄၈)
၁၁။ စိုင်းအောင်ဝင်း — မြောက်ပိုင်းဗျူရို
၁၂။ တုံကြည်ဖင့်(ခေါ်)စစ်ပြန့် — မြောက်ပိုင်းဗျူရို
၁၃။ ဖုံကြားရှင် — စစ်အကြံပေးအရာရှိ
၁၄။ အုံးကြည်(ခေါ်)ဝမ်ဖူးမြင့် — တပ်မ(၄၈) ကုန်သွယ်ရေးအရာရှိ
၁၅။ ဇော်လီ — တပ်မ(၄၈)

(ဃ) ဗဟိုစစ်ကော်မရှင်ရှစ်ဦး

၁။ ဘသိန်းတင် — ဥက္ကဋ္ဌ
၂။ ကျော်ဇော — ပထမ ဒု-ဥက္ကဋ္ဌ
၃။ အသားမည်းမျိုးမြင့် — ဒုတိယ ဒု-ဥက္ကဋ္ဌ
၄။ တိုက်အောင် — အဖွဲ့ဝင်
၅။ ကျောက်လင် — အဖွဲ့ဝင်
၆။ ဇော်မိုင်(ခေါ်)ကျောက်မြင့် — အဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



၇။ ရဲဒင်(ခေါ်)ရီကျင့်(ခေါ်)ထွန်းလွင် အဖွဲ့ဝင်

၈။ ဖုံကြားရှင် အဖွဲ့ဝင်

ဗဟိုကော်မတီသစ် ဖွဲ့စည်းပြီးနောက် ဖွန်း တွင် တပ်မဟာ(၁၂)သည် သံလွင်အနောက်ဘက်ကမ်း မန်ကျောင်း-နားခါးနယ်မြေသို့ ဝင်ရောက်လှုပ်ရှားခဲ့၏။

(၁၉၇၅)နိုဝင်ဘာလဆန်းပိုင်းတွင် (၄၀၄၅)တပ်ရင်း သည် အက်စ်အက်စ်အေတပ်များနှင့် ပူးပေါင်းလှုပ်ရှား ရန် သံလွင်အနောက်ဘက်သို့ ဖြတ်ကူး၍ မိုင်းခေ မိုင်းတုံ၊ မိုင်းလားနှင့် မိုင်းရှူး၊ ကြေးသီးမံစံတစ်ပိုင်း လှည့်လည် ခြေကုတ်ယူခဲ့၏။

တစ်ပြိုင်နက်မှာပင် တပ်မဟာ(၈) လက်အောက် ခံ (၅၀၃/၃၀၃၅/၄၀၄၈) တပ်ရင်းများသည် (၈၁၅) စစ် ဒေသမှ ရင်း(၁၂/၁၄/၁၈)တို့နှင့် ပူးပေါင်းကာ အင်အား (၁၂၀၀)ခန့်ဖြင့် ကျိုင်းတုံနယ်မြေသို့ ကချင်သေနတ်ကိုင် တပ်ရင်း (၅)မှ တပ်စိတ်(၅)စိတ် အခြေပြုထားသော မိုင်းပါလျှိုစခန်းကိုလည်းကောင်း၊ နိုဝင်ဘာ(၂၈)ရက်တွင် ကျိုင်းလတ်စခန်းကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကြ၏။ ၎င်းစခန်းများကို တပ်မတော် ခမရ(၁၀၈) စစ်ကြောင်းများ ဒီဇင်ဘာလအတွင်း ပြန်လည်သိမ်းပိုက်ခဲ့ရာ ထိုအင်အား





များ ဒီဇင်ဘာ (၁၆)ရက်တွင် နမ့်လွေချောင်းမြောက်ဘက် သို့ ပြန်လည်ဆုတ်ခွာခဲ့ကြ၏။

(၁၉၇၇) စက်တင်ဘာလအတွင်းတွင် တရုတ်နိုင်ငံ အမြဲတမ်းပြည်သူ့ကွန်ကရက်ဥက္ကဋ္ဌ မဒမ်တိန့်ရင်ချောင်း သည် မြန်မာနိုင်ငံအစိုးရထံ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့၏။ ၎င်းခရီးကို တုံ့ပြန်သည့်အနေဖြင့် ဗကပ သည် ခြူးရွှေပန်ကောက်တိုက်ပွဲကြီးစီမံကိန်းကို ကြိုတင် ပြင်ဆင်ထားခဲ့၏။

(၁၉၇၇)စက်တင်ဘာလမှာပင် ရဲဘော်ထွန်းလွင်နှင့် စစ်အကြံပေးအဖြစ် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော လိုက်ပါ သော (၄၀၄၆၊ ၅၀၁၊ ၀၄၂)နှင့် တပ်မဟာ(၁၂) လက် အောက်ခံတပ်ရင်း (၆၊ ၉၊ ၁၈၊ ၂၂)တို့နှင့် အရှေ့မြောက် စစ်ဒေသ အမြောက်တပ်အပြင် ပြည်သူ့စစ်များ စုပေါင်း အင်အား(၄၀၀၀)ကျော်ဖြင့် တပ်မတော် ကချင် သနက(၁) ၏ ပန်ကောက်စခန်းနှင့် ခြူးရွှေစခန်းတို့ကို တိုက်ခိုက်ခဲ့ ကြသည်။ အရှေ့မြောက် စစ်ဒေသအမြောက်တပ်ရင်းမှ (၈၂) မမ၊ (၅၇) မမနှင့် (၇၅) မမ အမြောက်အလက်(၄၁) ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ခြူးရွှေပန်ကောက် ရှေ့တန်းစခန်းများကို သိမ်းပိုက်နိုင်ခဲ့၏။ တပ်မတော်မှ



www.burmeseclassic.com

www.burmeseclassic.com



တပ်မ (၉၉) ကွပ်ကဲမှု ခမရ (၁၀၉) တပ်မ(၆၆) ကွပ်ကဲမှု ခလရ(၈၀)နှင့် (၈၁) တို့မှ စစ်ကူသွားရောက်၍ တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်ရာ (၁၅)ရက်ကြာ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်မှ စခန်းများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

(၁၉၇၈)ခုနှစ်၊ မတ်လတွင်လည်း တပ်မဟာ(၈)နှင့် (၁၂) တို့ ပူးပေါင်းကာ မြန်မာ့တပ်မတော် ခလရ (၃၃)၏ နောင်လိုင်စခန်း၊ ခလရ(၁)၏ ပါဖန်စခန်းများသို့ အင်အားစုစည်းတိုက်ခိုက်ခဲ့ပြန်၏။ တပ်မတော်မှ ခလရ(၃)၊ ခလရ(၈၀)၊ ခလရ(၇၆)၊ ခလရ(၁၆) တပ်ရင်းများမှ စစ်ကြောင်းများက စစ်ကူသွားရောက်ကာ တန်ပြန်ထိုးစစ်ဆင်ချေမှုန်း၍ နောင်လိုင်၊ ပါဖန်စခန်းများကို ပြန်လည်သိမ်းပိုက်ခဲ့ရ၏။

❑ ❑ ❑

**ဗကပဗဟိုပြိုကွဲခြင်းနှင့် ကိုးကန့်၊ 'ဝ'အုပ်စုများ ဗကပမှ ခွဲထွက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်း**

ဗမာပြည်ကွန်မြူနစ်ပါတီသည် ယခင်က တစ်ဖက် တရုတ်နိုင်ငံ၏ နိုင်ငံရေးသဘောထားကြောင့် ရုပ်ဝတ္ထု





အထောက်အပံ့များစွာ ရှိခဲ့သော်လည်း (၁၉၇၈–၇၉)ခုနှစ် နောက်ပိုင်းတွင် တစ်ဖက်တရုတ်နိုင်ငံအနေဖြင့် နိုင်ငံရေး စီးပွားရေးသဘောထားများ ပြောင်းလဲလာသောအခါ ထောက်ပံ့မှုများ လျော့နည်းရရှိလာခဲ့သည်။ (၁၉၈၄) ခုနှစ် နောက်ပိုင်းတွင် ထောက်ပံ့မှုများ လုံးဝရပ်ဆိုင်းလိုက်သည့် အခါ ဗကပအတွင်းရှိ ဗမာလူမျိုးများနှင့် တိုင်းရင်းသား လူမျိုးစုများအကြား ရာထူးခန့်ထားခြင်း မညီမျှမှုကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေ အနေတွင် ခေါင်းဆောင်ပိုင်းနှင့် လက်အောက်ငယ်သား များ၏ စီးပွားရေးအရ ကွာဟချက်ကြီးမားမှု ဖြစ်ပေါ်လာခဲ့ ပြန်ရာ ဗဟိုကလက်အောက်ကို ဦးဆောင်မှုမပေးနိုင် တော့ဘဲ တိုင်းရင်းသားအုပ်စုများသည် ဗကပဗဟိုကို တော်လှန်မှုများ ဖြစ်ပေါ်လာခဲ့လေသည်။

ကိုးကန့်တိုင်းရင်းသားအုပ်စုသည် ဗကပဗဟိုမှ ဦးစွာပထမခွဲထွက်ကြပြီး မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု (MINDA)အဖြစ် ဖွဲ့စည်း၍ (၃၁–၃–၈၉) ရက်နေ့တွင် တရားဥပဒေဘောင်အတွင်းသို့ ဝင် ရောက်ခဲ့သည်။ ထို့အတူ 'ဝ'တိုင်းရင်းသားများကလည်း (၁၇–၄–၈၉) ရက်နေ့တွင် ဗကပပန်ဆန်းဗဟိုဌာနချုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်၍ ဗကပခေါင်းဆောင်များကို တစ်ဖက်နိုင်ငံသို့ မောင်းထုတ်ကာ မြန်မာအမျိုးသား သွေးစည်းညီညွတ်ရေး ပါတီ (MNSP)ကို ထူထောင်၍ (၉–၈–၈၉) ရက်နေ့တွင် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ဝတိုင်းရင်းသားများ ဗကပဗဟိုကို သိမ်းပိုက်ပုံအား အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်။

❑ ❑ ❑

ဗကပဗဟို ပြိုကွဲသောနေ့

ကိုးကန့်တိုင်းရင်းသားတို့ ဦးစွာပထမ ခွဲထွက်သွားပြီး နိုင်ငံတော်အစိုးရနှင့် ဆက်သွယ်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်သွားသည့်အတွက် ဗကပ ဗဟိုမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတော့သည်။ ထိုကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဖုန်ကြားရှင်၊ ဖုန်ကြားဖု၊ လီနင်မင်တို့၏ ပုန်ကန်ခွဲထွက်မှုသည် 'ဝ' တိုင်းရင်းသားများထံ ကူးစက်မည် စိုးရိမ်၍ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ဗဟိုကော်မတီဝင် တစ်ဦးလည်းဖြစ်၊ 'ဝ'တိုင်းရင်းသားခေါင်းဆောင် ကျော်ညီလိုင်(ခ)ညီလိုင်အား စည်းရုံးခဲ့သည်။ 'ဝ'တိုင်းရင်းသား





များအားလုံး ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကို ဆက်လက်ခံယူရေးမိန့်ခွန်းကို 'ဝ'ဘာသာဖြင့် ပြောကြားစေခြင်း၊ 'ဝ'မြောက်ခရိုင် ခွင်းမာမြို့နယ်ရှိ ပြည်သူ့အသံ၊ အသံလွှင့်ဌာနမှ အသံလွှတ်ထုတ်ခဲ့သည်။ စင်စစ် ကျော်ညီလိုင်အပါအဝင် 'ဝ'တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုအား ပုန်ကန်ခွဲထွက်ရန် အသင့်စီစဉ်ပြီးချေပြီ။

ထိုအချိန်က ပန်ဆန်းတွင် လူစုံတက်စုံဟု ပြောရ၍ရပါသည်။ (၁၉၈၈) ခုနှစ်၊ မြို့ပေါ်အရေးအခင်းပေါ်မှုတည်ပြီး ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေးအရ ကြီးမားသော အလှည့်အပြောင်းတစ်ခုလုပ်ရန် ရည်ရွယ်ကာ ဗဟိုကော်မတီအစည်းအဝေး ကျင်းပရန် ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် အလယ်ပိုင်းဗျူရိုမှ ဦးမြတ်မင်း၊ စောဗမိုး၊ လီစစ်ရှု စသည့် ဗဟိုကော်မတီနှင့် အရန်ဗဟိုကော်မတီတို့အား ပြန်ခေါ်ခဲ့သည်။ ထို့ကြောင့် သူတို့လည်း ပန်ဆန်းသို့ ပြန်ရောက်နေချိန်။

တပ်ပေါင်းစု ခေါင်းဆောင်များအနေနှင့်လည်း ရသလဖမှ ဥက္ကဋ္ဌ ခါကလယ်(တာခဲလယ်) အက််အေ ပီပီမှ ဆေးထင်တို့လည်း ရောက်ရှိနေခဲ့ကြသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



တမှ ဥက္ကဋ္ဌညာဏ်မောင်မဲ ဦးစီးတပ်သားသစ် အင်အား တစ်ရာကျော်လည်း ရောက်နေခဲ့ကြသည်။ ကယန်းဥက္ကဋ္ဌ ရွှေအေး ဦးစီး အင်အားတစ်ရာခန့်လည်း ရောက်နေခဲ့ကြ သည်။

ထို့ပြင် (၁၉၈၈) ခုနှစ် မြို့ပေါ်အရေးအခင်းမှ တိမ်းရှောင်ထွက်ပြေးခဲ့သော ကျောင်းသား(၄၂)ဦးသည် တောခိုစဉ်က အက်စ်အက်စ်အေ၊ ထံသို့ အက်စ်အက်စ် အေက ဘော်လီဘောပုတ်လိုက်၍ (၁၉၈၉) ခုနှစ်၊ ဖေဖော် ဝါရီလတွင် ပန်ဆန်းသို့ ရောက်လာပြီး (ဒီပီအေ)ဘွဲ့ ခံယူနေကြချိန်လည်း ဖြစ်သည်။

သူတို့အားလုံးကား အခြေအနေအရပ်ရပ်၏ နေဝင် ချိန်ကို မခံစားမိကြသေး။ ပန်ဆန်းတွင် စစ်သင်တန်းများ တက်လျက်၊ အရက်သောက်လျက်၊ အပျိုလှည့်လျက်၊ ကွန်မြူနစ်အယူဝါဒများကို မြည်းစမ်းနေခါစ။

ပန်ဆန်းသင်္ကြန်ပွဲကို တူးပို့၊ တူးပို့အလိုက်များ နှင့် သီချင်းဆို၊ သံချပ်ထိုး၊ ဘရိတ်ဒန့်(စ်)အကများ ကလျက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လွတ်လပ်သော ဒီမိုကရေစီကို ဘုမသိ ဘမသိခံစားနေဆဲ။

ထိုအချိန်မှာပင် ဤအရေးအခင်းသည် ညှော်သည်





များ အုံ့ဩလောက်အောင်ပင် ပေါ်ပေါက်ခဲ့လေသည်။

ထိုအချိန်က ပန်ဆန်း၌ လုံခြုံရေးကို တိုးမြှင့် ဆောင်ရွက်ခဲ့သည်။ ယခင်က ပန်ဆန်းဆေးရုံ ရပ်ကွက် လုံခြုံရေးကော်မတီ အတွင်းရေးမှူး ကျော်ထင်(ဗမာပြည် ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဝင် ဦးမောင်မောင် စိန်၊ ကွယ်လွန်၏ သားကြီး)နှင့် ဒုအတွင်းရေးမှူးအိုက်အေး (နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ဦးကျော်မြ၏သားမက်၊ တောခို ဗန်းမော်အုပ်စု)တို့သည် ပန်ဆန်းတစ်မြို့လုံးအတွက် လုံခြုံရေးတာဝန်ခံများ ဖြစ်ကြသည်။ သူတို့၏ ဗဟို ကင်းတပ် တပ်မဟာတစ်ခုလုံးသည် (ဒုတပ်မဟာနိုင်ငံ ရေးမှူး ကျင်းကော့အန်းမှလွဲ၍) အခြားတပ်များ၊ ဌာနများ နည်းတူ ပုန်ကန်သောတပ်ဖွဲ့နှင့် ပူးပေါင်းသွားခဲ့လေ သည်။

(၁၉၈၉) ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့ မွန်းလွဲပိုင်း တွင် ဗမာပြည်ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဝင်များ ဖြစ်ကြသော 'ဝ'တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ကျောက်ညီလိုင်နှင့် ပေါက်ယိုချန်းတို့ဦးစီး 'ဝ' မြောက် ခရိုင် ခွင်းမားမြို့နယ်တပ်နှင့် အခြားမြို့နယ်တပ်များမှ ထုတ် နှုတ်အင်အား 'ဝ'တပ်သား စုစုပေါင်း အင်အား (၁၀၀၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည့် မော်တော်ကားများနှင့် ပန်ဆန်းအထက် ပန်ဖိန်းရွာသို့ ရောက်ရှိခဲ့ကြပြီဖြစ်၏။ ပန်ဆန်းရှိတပ်နှင့် ဌာနအသီးသီးမှ 'ဝ'တိုင်းရင်း သားများနှင့် ဆက်သွယ်ကာ သွေးထွက်သံယိုမဖြစ်ပွားဘဲ အာဏာသိမ်းနိုင်ရန်လည်း စီစဉ်ပြီးဖြစ်သည်။ အရှေ့မြောက် စစ်ဒေသဌာနချုပ်နှင့် ဗဟိုဌာနချုပ်များမှ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုခေါင်းဆောင်များအား ဖမ်းဆီး လက်နက် ဖြုတ်ရန်ဖြစ်သည်။ မြောက်ပိုင်းဗျူရိုနည်းတူ ဤဗဟိုခေါင်းဆောင်များနှင့် လူမျိုးရေးအရ ပုဂ္ဂိုလ်ရေးအရ သံယောဇဉ်ရှိသော ဗမာ ရဲဘော်များကိုလည်း လက်နက်ဖြုတ်ရန် ဖြစ်သည်။ ထိန်းသိမ်းသင့်သူများကိုလည်း ထိန်းသိမ်းရန် ဖြစ်သည်။

'ဝ'တိုင်းရင်းသားများ ခွဲထွက်မည်ကို စိုးရိမ်၍လည်းကောင်း၊ ကိုးကန့်ခွဲထွက်တပ်များ နမ့်တိန်းချောင်းကို ကျော်ကာ 'ဝ'မြောက်ခရိုင်အတွင်း ဝင်ရောက်လာမည်ကို စိုးရိမ်၍လည်းကောင်း၊ ဗဟို၏ တာဝန်ပေးချက်အရ 'ဝ' မြောက်ခရိုင်ကို ထိန်းထားနိုင်ရန် ရောက်ရှိသွားသော အရှေ့မြောက် စစ်ဒေသနိုင်ငံရေးမှူး ရဲဘော်စိုးသိန်းကိုလည်း 'ဝ'မြောက်ခရိုင်တွင် ဖမ်းဆီးချုပ်နှောင် ထိန်းသိမ်းထားလိုက်ပြီ ဖြစ်၏။ တစ်ချိန်တည်းမှာပင် 'ဝ' မြောက်





ခရိုင် အတွင်းရေးမှူးလည်းဖြစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဝင် တစ်ဦးလည်းဖြစ်သော ရဲဘော်မြ သောင်း (ခ) ကော်စစ်မင်းအားလည်း ဖမ်းဆီးထိန်းသိမ်း ထားလိုက်ပြီး ဖြစ်၏။ 'ဝ'မြောက်ခရိုင်နှင့် 'ဝ'မြောက် ခရိုင် ခွင်းမာမြို့နယ်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ၏ ကြေးကြော်သံ ပြည်သူ့အသံ အသံလွှင့်ဌာနရှိ ဗမာရဲဘော်များကိုလည်း ဖမ်းထားပြီးဖြစ်သည်။

ဤပုန်ကန်မှုခေါင်းဆောင်များနှင့်တပ်များ ပန်ဖိန်း တွင် စုဝေးရောက်ရှိနေသော သတင်းအား အရှေ့မြောက် စစ်ဒေသစစ်ဦးစီးဌာနလက်အောက်ခံ သတင်းနှင့် ထောက် လှမ်းရေးဌာနတာဝန်ခံ ရဲဘော်သန့်ဇင် (မြို့ပြမှ တောခို လာသူ)သည် (၁၉၈၉)ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့ ည (၂၁း၃၀) ချိန်တွင် ရှေးဦးရရှိခဲ့လေသည်။ သူ၏ သတင်းပေး ချက်အရ အရှေ့မြောက်စစ်ဒေသတပ်မှူး ရဲဘော်ထွန်းလွင် နှင့် ဗဟိုစစ်ဦးစီးဌာနမှ ဗဟိုစစ်ဦးစီးမှူး ရဲဘော်တင်ရီတို့ သိရှိသွားခဲ့သည်။ သူတို့၏ ညွှန်ကြားချက်အရ ပန်ဆန်း လုံခြုံရေး စက်ယန္တရားကြီးသည် ကျော်ထင်နှင့် အိုက်အေး တို့၏ ဦးစီးမှုအောက်တွင် စတင်လည် ပတ်ခဲ့လေသည်။ သို့မဟုတ် လည်ပတ်ရန် ကြိုးစားခဲ့လေသည်။ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် စက်နှိုး၍မရသော လုံခြုံရေးစက်ယန္တရားကြီး ဖြစ်ခဲ့သောကြောင့်တည်း။

ကျော်ထင်၏ အကြောင်းကြားချက်အရ ဗဟိုကင်းတပ်မဟာမှ ဒုတပ်မဟာ နိုင်ငံရေးမှူး ကျင်းကော့အန်း(ယခု ပြည်တွင်းရှိနေသူ)သည် သူ့လက်အောက်ခံတပ်အချို့ကို ဆွဲထုတ်ရန် ကြိုးစားခဲ့သော်လည်း မည်သူကမျှ သူ့အမိန့်မနာခံကြတော့ပေ။ ဗဟိုကို ကာကွယ်ရန်ငြင်းဆန်ကြတော့သည်။ ဗဟိုကို ပုန်ကန်ရန်ပင် ညှိနှိုင်းထားပြီး မဟုတ်ပါလော။ ထိုအခါ ပန်ဆန်းလုံခြုံရေးတာဝန်ခံ ကျော်ထင်သည် လူမျိုးပေါင်းစုံတပ်များဖြစ်သော ရလလဖ၊ ကလလတနှင့် ကယန်းတပ်ဖွဲ့များကို ဆွဲယူအသုံးချရတော့သည်။

ဤသို့နှင့် (၁၉၈၉)ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့နံနက် (၀၂း၀၀) နာရီတွင် ထိုတပ်ဖွဲ့သည် ပန်ဆန်းဆေးရုံကုန်းတွင် တပ်စွဲရာမှ ဝင်ရောက်လာသော ပုန်ကန်ဝတပ်ဖွဲ့များကို ပစ်ခတ်ခဲ့လေသည်။ ပုန်ကန်တပ်ဖွဲ့မှ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရခဲ့သည်။ ဒဏ်ရာရသူလည်း သေဆုံးသွားခဲ့သည်။ သို့သော် ဝတိုင်းရင်းသား ပုန်ကန်မှုခေါင်းဆောင်များသည် ကလလတတပ်ဖွဲ့အား ပစ်ခတ်





သခင်သန်းထွန်း
(၁၉၁၁-၁၉၆၈)

www.burmeseclassic.com

www.burmeseclassic.com



မိုင်းယန်းတိုက်ပွဲကို တိုက်ရန်ညွှန်ကြားခဲ့သည့် ဗကပဥက္ကဋ္ဌ [illegible]

www.burmeseclassic.com



ဗကပ အရှေ့မြောက်စစ်ဒေသဗဟိုခွဲ အတွင်းရေးမှူးနှင့်
စစ်ကော်မရှင် ဒုဥက္ကဋ္ဌ ရဲဘော်အောင် ခေါ် အသားမည်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းခြင်း မပြုခဲ့ဘဲ ဝိုင်းထားခြင်းဖြင့် လက်နက်ချစေခဲ့သည်။ ဤသို့ဖြစ်ရပ်ကြောင့် ပုန်ကန်မှုခေါင်းဆောင်များသည် တပ်ပေါင်းစုတပ်ဖွဲ့အားလုံးကို လက်နက်ချရန် အမိန့်ထုတ်ခဲ့ရလေသည်။

ဗဟိုစစ်ဦးစီးမှူး ရဲဘော်တင်ရီသည် တယ်လီဖုန်းထွမ်ထွမ်လှည့်၊ ဝေါ်ကီတော်ကီကိုင်ပြီး ကုန်းအော်နေလျက်က သူ၏ ပန်ဆန်းလုံခြုံရေးအစီအမံများ ဟန်မကျတော့ပြီကို သိလျှင်သိချင်း ဗဟိုဌာနချုပ်သို့ ပြေးကြစို့ဟု အကြောင်းကြားကာ သူသည်လည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် တစ်ဖက်တရုတ်နိုင်ငံသို့ ပြေးလေတော့သည်။

အရှေ့မြောက် စစ်ဒေသတပ်မှူး ရဲဘော် ထွန်းလွင်သည် သူ့ဌာနချုပ်အဝန်းအဝိုင်းရှိ ဗမာရဲဘော်နှင့် ဗမာအိမ်ထောင်များကို ပြေးရန်စုစည်းပြီး တစ်ဖက်ကလည်း ခုခံရန် စီစဉ်ခဲ့သည်။ သူ့အိမ်မှ ရုပ်မြင်သံကြားစက်အပါအဝင် အတွင်းပစ္စည်းများကို ဇနီး၊ သမီးတို့နှင့်အတူ ကားဖြင့်သယ်ပြီး ကူးတို့ဆိပ်သို့ပို့ကာ တစ်ဖက်ကမ်းသို့ပြေးစေခဲ့သည်။ သူသည်လည်း (၁၇)ရက်နေ့ မနက် (၀၄း၃၁) အချိန်တွင် ပုန်ကန်တပ်ဖွဲ့များ အရှေ့မြောက်စစ်ဌာနချုပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ရောက်သိမ်းပိုက်သည့်အချိန်မှ အသာကလေး လစ်ထွက်ခဲ့လေသည်။ သို့တိုင်အောင် သူသည် ပုန်ကန် တပ်ဖွဲ့များ အရှေ့မြောက် စစ်ဒေသဌာနချုပ်သို့ စတင်ဝင် ရောက်ချိန်တွင် ဗမာရဲဘော်တစ်ဦးကို ပစ်မိန့်ပေးခဲ့သော သည်။ အဆိုပါ ဗမာရဲဘော်မိုးထွန်း(စာရေးဆရာ သခင် မြသန်း၏ သားငယ်၊ ယခု ပြည်ပတွင် ရှိနေသူ)သည် အမ် (၂၂)သေနတ်ကိုကိုင်ပြီး ဗမာကွန်မြူနစ်ခေါင်းဆောင် ကြီးအမိန့်ကို နားထောင်ရကောင်းနိုး၊ နားမထောင်ရ ကောင်းနိုးနှင့် ဝေခွဲမရဖြစ်နေခဲ့သည်။ နောက်ဆုံး၌ အ သည် မပစ်ခတ်တော့ပေ။ အများလက်နက်ချချိန်တွင် သူလည်း လက်နက်ချခဲ့သည်။ မည်သို့ဆိုစေ အရှေ့မြောက် စစ်ဒေသ တပ်မှူးလည်းဖြစ်၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်တစ်ဦးလည်းဖြစ်သော ရဲဘော်ထွန်းလွင် သည် ပြေးကာနီးပါးစပ်ဖြင့် ပုန်ကန်တပ်ဖွဲ့ကို ပစ်ခဲ့ပါသော သည်။

ထို့နောက် ပုန်ကန်တပ်ဖွဲ့သည် အရှေ့မြောက် စစ်ဒေသဌာနချုပ်၏ အနောက်ဘက်တောင်ကုန်းပေါ်တွင် နေရာယူတပ်စွဲထားသော (ဒီပီအေ) ကျောင်းသားအဖွဲ့နှင့် စစ်ဒေသအိမ်ထောင်သည်မိသားစုအား ဝိုင်းထား





လက်နက်ချစေခဲ့သည်။ ဌာနချုပ်ဝင်းအတွင်း ဖမ်းဆီးရခဲ့ သော နိုင်ငံရေးဌာနဒုဌာနကြီးမှူး တာဝန်ယူနေရသူ ရဲဘော်လွင်အား မောင်းထုတ်လိုက်သည်။ နိုင်ငံရေး ဌာန ကြီးမှူး ရဲဘော်သန်းလွင်ထွန်းကား ဗဟိုကို သူလည်း ဆန့်ကျင်သည်။ ပုန်ကန်တပ်ဖွဲ့နှင့် ပူးပေါင်းမည်ဆိုကာ ပေကပ်ကျန်နေရစ်သည်။ ဌာနချုပ်အနီး ညှော်ခံဌာနတွင် နေထိုင်လျက်ရှိသော ဒုစစ်ဦးစီးမှူး တာဝန်ယူရန် လျာထား လျက်ရှိသည့် ကျိုးကွင်းရှိ (ခ) ရဲဘော်ကျော်ထင်အား ပုန်ကန်တပ်ဖွဲ့မှ လက်တွဲစေခဲ့သည်။ ပန်ဆန်းစစ်ဒေသ ထောက်ပံ့ရေးကုန်းရှိ နေအိမ်တွင် နေထိုင်လျက်ရှိသော အရှေ့မြောက်စစ်ဒေသတပ်မှူး ရဲဘော်ဖော်မိုင်ကိုလည်း ပုန်ကန်တပ်ဖွဲ့မှ ဆွေးနွေးကာ ပူပေါင်းပါဝင်စေခဲ့သည်။

ဗဟိုဌာနချုပ်ရုံးကား ပုန်ကန်တပ်ဖွဲ့များ ပန်ဆန်း မြို့တွင်း ချဉ်းနင်းဝင်ရောက်ပြီးဖြစ်ကြောင်း ဗဟိုဦးစီးမှူး ရဲဘော်တင်ရီ၏ အကြောင်းကြားချက်ရရှိစဉ်မှာပင် ရှန်းရင်း ဆန်ခတ်ဖြစ်နေပြီဖြစ်၏။ ရဲဘော်တင်ရီသည် သူနှင့် စခန်း ကုန်းတစ်ခုတည်းတွင် အတူနေသော ပေါလစ်ဗျူရိုအဖွဲ့ ဝင် ရဲဘော်ကျော်မြတို့မိသားစုကိုခေါ်ကာ တစ်ဖက်ကမ်း သို့ ကူးပြေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုရုံးမှ ပေါလစ်ဗျူရိုအဖွဲ့ဝင် ရဲဘော်အောင် အတွင်းရေးမှူး ရဲဘော်ခင်မောင်ကြီး၊ ဗဟိုကော်မတီဝင် ဦးရဲထွန်း၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဗိုလ်ချုပ် ဟောင်း ကျော်ဇော၊ အလယ်ပိုင်းဗျူရိုမှ နိုင်ငံရေးမှူး ဦးထွန်းမြင့် (ခ) ဦးမြမင်းနှင့် ဒုနိုင်ငံရေးမှူး စောဘမိုးတို့ သည်လည်း သက်ဆိုင်ရာမိသားစုများကိုခေါ်ကာ ပြေးကြ တော့၏။ ရုံးသူ ရုံးသား အဆင့်အသီးသီး ကေဒါများမှာ လည်း မိမိတို့ သက်ဆိုင်ရာမိသားစုများနှင့်အတူ ပြေးရန် ပြင်ဆင်ကြရသည်။ သို့သော် ပြဿနာမှာ သခင်ဘသိန်း တင်က ပြေးရန်ငြင်းဆန်နေခြင်းပင်တည်း။

(၁၉၈၉) ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့ နံနက် လေးနာရီအချိန်တွင် ပုန်ကန်တပ်ဖွဲ့များ ဗဟိုရုံးသို့ ဝင်ရာ လမ်း တောင်ခြေကူးတို့ဆိပ်သို့ ရောက်ရှိနေပြီးဖြစ်ကြောင်း သတင်းရရှိသည်အထိ သခင်ဘသိန်းတင်သည် ပြေးရန် ငြင်းဆန်၍ ခေါင်းမာနေခဲ့သည်။

ထိုအချိန်တွင် ဗဟိုယူနစ်စည်းရုံးရေးထဲတွင် ပါဝင် သော ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သော ဦးစံသူသည် သူ့အား မည်သူကမျှ အကြောင်းမကြားသဖြင့် နောက်ဆုံး အခြေအနေကို မသိဘဲနေရာမှ ပုန်ကန်တပ်ဖွဲ့များ အရှေ့





မြောက်စစ်ဒေသဌာနချုပ်သို့ ဝင်ရောက်သောအခါ ၎င်း ဌာနချုပ်အနီးရှိ သူ့နေအိမ်ကို လက်လွှတ်ထွက်ပြေးခဲ့ရ သည်။

သခင်ဘသိန်းတင် ထွက်မပြေးသောအခါ ဗဟို ရုံးမှ ရုံးသူရုံးသားအများစုသည် ပိတ်မိသွားပြီဖြစ်၏။ ထိုအခါ ဗဟိုဆက်သွယ်ရေးကြားဖြတ်အဖွဲ့ ဒုတိယတာဝန်ခံ တစ်ဦးဖြစ်သော ရဲဘော်လင်းမောင်သည် ဗမာပြည်ကွန်မြူ နစ်ပါတီ ဗဟို၏ ရွှေချောင်းနှင့် ကျောက်သံပတ္တမြား အဖိုးတန်ရတနာများကို လွတ်အောင်ထုတ်ရန် ဗဟိုစခန်း ပါတီကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရတော့သည်။ ဤ အဖိုးတန်ရတနာများထည့်၍ ထုတ်ပိုးထားသော နင့်နေ အောင်လေးသည့် ကျောပိုးအိတ်နှင့်အတူ ထွက်လမ်းမရှိ တော့သော ဗဟိုရုံးအနောက်ဘက် ကျောက်ကမ်းပါးလမ်း မှ နမ့်မခချောင်းသို့ ကူးပြေးရန်ကြိုးစားစဉ် ရေနစ်ခဲ့လေ သည်။ အနှစ်နှစ် အလလစုဆောင်းထားသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဖိုးတန်ရတနာများသည်လည်း ၎င်း ငယ်ကွေ့ ဝဲဂယက်အတွင်း လုံးဝ ဆုံးရှုံးနစ်မြုပ်သွားလေ တော့သည်။

ရဲဘော်လင်းမောင်၏အလောင်းကို နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် ချောင်းအောက်ဘက် ဟာကျုံးဆန်းရွာအနီးမှ ပြန်လည် ဆယ်ယူရရှိသော်လည်း ရတနာများကား လုံးဝအစပျောက်သွားတော့သည်။ ပန်ဆန်းတစ်ဝိုက်ရှိ ဒေသခံရှမ်းတိုင်းရင်းသားများက ...

''ဒီရတနာတွေဟာ ပြည်သူတွေရဲ့ ချွေးနည်းစာတွေပဲ။ ဒါကြောင့် သူတို့ ယူပြေးလို့မရတာ''

ဟု မိရိုးဖလာ အယူအဆများနှင့် ချိန်ထိုးပြောဆိုကြသည်။

နံနက် ၇ နာရီအချိန်ခန့်တွင် ပုန်ကန်တပ်ဖွဲ့သည် ဗဟိုရုံးကို သွေးထွက်သံယိုမရှိ စီးနင်းသိမ်းပိုက်နိုင်ခဲ့သည်။ ဝတိုင်းရင်းသားပုန်ကန်တပ်ဖွဲ့များ၏ ဒေါသသည် ထိန်းမနိုင်သိမ်းမရဖြစ်ခဲ့သည်။ ဗဟိုဌာနချုပ်ရှိ မြန်မာဘာသာစာရွက်စာတမ်းများ လက်နှိပ်စက်များမှအစ တယ်လီဖုန်း ကက်ဆက်များအထိ ရိုက်ချိုးဖျက်ဆီးခဲ့ကြသည်။ 'သွေးထွက်သံယို မရှိစေရ'ဟူသော အထက်မှ ညွှန်ကြားချက်အရ လူပုဂ္ဂိုလ်များကိုမူ ရိုက်နှက်ခြင်း မပြုလုပ်ခဲ့ကြပေ။ ပုန်ကန်တပ်ဖွဲ့မှ ဖြေရှင်းခြင်းမပြုနိုင်သူမှာ သခင်ဘသိန်းတင်ဖြစ်ခဲ့ သည်။

သခင်ဘသိန်းတင်သည် သူ့အိပ်ရာထဲတွင် ပျော်ဆိုး





သေနတ်တစ်လက်ကို ဝမ်းဗိုက်ပေါ်တင်ကာ လဲလျောင်းနေခဲ့သည်။ သူကိုယ်သူ သတ်သေရန် စဉ်းစားနေသလားဘာလား မည်သူမျှ မပြောနိုင်ခဲ့။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နံပါတ်တစ်ခေါင်းဆောင်ဖြစ်သဖြင့် ကိုင်တွယ်ပုံ ကိုင်တွယ်နည်း မှားယွင်းသွားလျှင် အထက်မှ အပြစ်ပေးခြင်းကို ပုန်ကန်တပ်ဖွဲ့မှ စိုးရိမ်ကြသည်။ ထို့ကြောင့် ဗဟိုဌာနချုပ်ကို သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ ဗဟိုကော်မတီလူကြီးများ ထွက်ပြေးသွားကြပြီဖြစ်ကြောင်းနှင့် သခင်ဘသိန်းတင် တစ်ဦးသာ ဤသို့ ဤပုံရှိနေကြောင်း ပုန်ကန်တပ်ဖွဲ့ခေါင်းဆောင် ကျောက်ညီလိုင်ထံ ဝေါ့ကီတော်ကီနှင့် အကြောင်းကြားခဲ့ကြသည်။

ကျောက်ညီလိုင်သည် ဗဟိုဌာနချုပ်ရုံးသို့ နံနက် ၉ နာရီခန့်အချိန်တွင် ကိုယ်တိုင်ကားနှင့် အရောက်လာခဲ့ရသည်။ သခင်ဘသိန်းတင်၏ လက်ထဲမှသေနတ်ကို ကိုယ်တိုင် သိမ်းဆည်းလိုက်သည်။ ကျောက်ညီလိုင်သည် သခင်ဘသိန်းတင်အား ဤသို့ဆွေးနွေးခဲ့သည်။

''အဘိုးကြီး ကျွန်တော်တို့ တော်လှန်ပုန်ကန်လိုက်ပြီ။ ကျွန်တော်တို့ဟာ ကိုယ့်လမ်းစဉ်နဲ့ကိုယ် ဆက်လျှောက်ဖို့ စဉ်းစားထားပါတယ်။ အဲဒါ အဘိုးကြီး ကျွန်တော်တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်းရင် ရပါတယ်။ အဘိုးကြီးကို ကျွန်တော်တို့ရဲ့ နာယကကြီးအဖြစ် တင်မြှောက်ပြီး စောင့်ရှောက်ထားမှာ မယ်။ အဲဒါ အဘိုးကြီး စဉ်းစားပါ''

ထိုအခါ ကျောက်ညီလိုင်အား သခင်ဘသိန်းတင် က ...

''ဟိုလေးယောက်ကော ရှိသေးလား''

ဟု မေးတော့၏။ ဟိုလေးယောက်ဆိုသည်မှာ ရဲဘော်အောင်၊ ယန်ကွမ်းခေါ် ရဲဘော်တင်ရီ၊ ရီကျင့်ခေါ် ရဲဘော်ထွန်းလွင်၊ လင်ထင်ခေါ်ရဲဘော်စိုးသိမ်းတို့ကို ဆိုလို ပါသည်။ ကျော်ညီလိုင်က ...

''ရဲဘော်အောင်၊ ယန်ကွမ်းနဲ့ ရီကျင့်တို့ ထွက် ပြေးသွားကြတယ်။ ရဲဘော်လင်ထင်တော့ ဝမြောက်မှာ ဖမ်းပြီး ဆွေးနွေးတဲ့အခါ မပေါင်းနိုင်ဘူးဆိုလို့ ပြန်လွှတ် ပေးလိုက်တော့ ဟိုဘက်ခြမ်းကူးသွားပြီ''

ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထိုအခါ သခင်ဘသိန်းတင်သည် ၎င်းလေးဦးမရှိ တော့လျှင် သူလည်း မနေလိုတော့ပါဟု ဆို၏။ သူသည် အနီခေါင်းဆောင်လေးဦးကို လက်ရုံးသဖွယ် အားကိုး ရသည်။ သို့သော် ထိုသူတို့ကား သူ့အပါးမှာ မရှိတော့ပြီ





ကျောက်ညီလိုင်သည် သူ့ရဲဘော်များအား ထမ်း စင်ပြင်စေပြီး သခင်ဘသိန်းတင်အား တစ်ဖက်ကမ်းသို့ ထမ်းပို့ရန် ညွှန်ကြားလိုက်ရတော့သည်။ ဝတိုင်းရင်းသား ရဲဘော်များ ထမ်းစင်ပြင်နေစဉ် ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်သော စိုင်းအောင်ဝင်းသည် ထမ်းစင်ပြင်နေသည့် အနားရောက်လာသည်။

သူသည် ဗဟိုဌာနချုပ်အတွင်း နေထိုင်သူမဟုတ်။ ကိုဒေါင်သစ် (ခ) ဗဟိုကိုဒေါင်များရှိရာ နမ့်မခချောင်းဘေး တွင် အိမ်တစ်အိမ်နှင့် တစ်ကိုယ်တည်းစံစားနေသူဖြစ်၏။ (၁၉၈၉)ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့ည ပုန်ကန်တပ်များ ပန်ဆန်းသို့ ချဉ်းကပ်ရောက်ရှိမှုသတင်းကို မည်သူကမှ အကြောင်းကြားခြင်းမရှိ၍ စိုးစဉ်းမျှမသိခဲ့။ ဧပြီလ (၁၇) ရက် မိုးစင်စင်လင်းမှ မျက်နှာသစ်ရန် အိမ်အပြင်အထွက် သူနေထိုင်ရာ ကိုဒေါင်တစ်ဝိုက် ပုန်ကန်တပ်ဖွဲ့ဝင်များ လက်နက်ကိုင်ဆောင်သွားလာနေသည်ကို မြင်တွေ့ရသည်။ သည်အချိန်အထိ ဘာမှန်းမသိသေး။ ထူးဆန်းကြောင်း ကိုမူ သတိပြုမိလေသည်။ သို့သော် သူ့စိတ်ထဲ စစ်ဆေး ကိစ္စရှိ၍ဟုထင်နေသည်။ ထို့ကြောင့် လမ်းမပေါ် တွင်ရှိ စစ်သားတစ်ဦးကို ရှမ်းဘာသာဖြင့် ဘာဖြစ်နေကြသလဲဟု



www.burmeseclassic.com

www.burmeseclassic.com



စပ်စုလိုက်သည်။ ထိုဝစစ်သားသည် သူ့ကို ဗဟိုကော်မတီဝင်လူကြီးတစ်ယောက်ဟု မထင်မှတ်ခဲ့။

''ဟင် ... ခင်ဗျားမသိသေးဘူးလား။ ကျုပ်တို့ ပန်ဆန်းကို အာဏာသိမ်းလိုက်ပြီလေ''

ထိုအခါမှ သူသည် အခြေအနေလေ့လာရန် ဗဟိုရုံးသို့တက်လာခဲ့ရာ သခင်ဘသိန်းတင်ကို ထမ်းပို့ရန် ပြင်ဆင်နေသောနေရာသို့ ရောက်လာခဲ့တော့သည်။ မေးမြန်းကြည့်ရင်း အခြေအနေကို ရှင်းလင်းသွားသော အခါမှ သခင်ဘသိန်းတင်ကို ဟိုဘက်ကမ်းပို့မည်ဆိုလျှင် သူ အရင်သွားနှင့်မည်ဖြစ်ကြောင်း၊ အဘိုးကြီး လမ်းမလျှောက်နိုင်၍ ကားစီစဉ်ရမည်ဖြစ်ကြောင်း နမ့်မခချောင်းမုန်းအားကူးတို့ဆိပ်ရှိ ပုန်ကန်တပ်ဖွဲ့မှ ကင်းအားပြောဆိုကာ တစ်ဖက်ကမ်း ကူးခဲ့ရသည်။

ဤသို့ဖြင့် သခင်ဘသိန်းတင်သည် တစ်ဖက်ကမ်းသို့ ထမ်းပို့ခြင်းခံရတော့သည်။ ပုန်ကန်မှု အရေးအခင်းနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသောအခါ ဗမာပြည်ကွန်မြူနစ်ပါတီပေါလစ်ဗျူရိုအဖွဲ့ဝင်များနှင့် ဗဟိုကော်မတီလူကြီးများသည် သူတို့လေးစားမြတ်နိုးလှစွာသော ဥက္ကဋ္ဌသခင်ဘသိန်းတင်အား ပစ်ထားခဲ့ကြသည်။ အကယ်၍





သာ ဝတိုင်းရင်းသားပုန်ကန်တပ်ဖွဲ့များ၌ ထောက်ထားညှာတာမှု မရှိခဲ့ပါမူ သခင်ဘသိန်းတင်သည် ပန်ဆန်းမှာပင် ဘဝဇာတ်သိမ်းသွားမည်မှာ သေချာသည်။ သို့သော် ယခုလည်း နိုင်ငံရေး ဇာတ်သိမ်းသွားပြီဖြစ်သည်။ သူသည် မည်ကဲ့သို့သော ယုံကြည်စိတ်ချရသူများနှင့် ဗဟိုကော်မတီဖွဲ့စည်းကာ ဥက္ကဋ္ဌနေရာကို ရယူပါတော့မည်နည်း။

ထို့ကြောင့်လည်း အာဏာသိမ်းပိုက်ပြီးနောက်ပိုင်း (၁၉၈၉) ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ပန်ဆန်း၌ပြုလုပ်သော အမျိုးသားပေါင်းစုံ သွေးစည်းညီညွတ်ရေးပါတီဖွဲ့စည်းကြောင်း ကြေညာသည့်အစည်းအဝေးတွင် 'ဝ' တိုင်းရင်းသားခေါင်းဆောင် ကျောက်ညီလိုင်က သူ့မိန့်ခွန်းတွင် အောက်ပါအတိုင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

''ကွန်မြူနစ်တွေတဲ့။ ဘာကွန်မြူနစ်တွေလဲ။ သေရဲရမယ်။ တိုက်ရဲရမယ်တဲ့။ ဘာသေရဲတာလဲ ဘာတိုက်ရဲတာလဲ။ ကျုပ်တို့ကိုသာ အသေခိုင်းနေတာ။ ဒီခေါင်းဆောင်တွေ တစ်ယောက်မှ သေရဲတာမဟုတ်ဘူး။ အခုကြည့်လေ ... အရင်တုန်းကတော့ ဥက္ကဋ္ဌသခင်ဘသိန်းတင်နား ကပ်ကပ်ပြီး ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌနဲ့ ပျာယာခတ်နေကြတာ။ ခုတော့ ဥက္ကဋ္ဌခများ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ပေါ်သေနတ်ကြီးတင်ပြီး ကျန်ရစ်ခဲ့တယ်။ ဘာဖြစ်လို့ ပြေးကြသလဲ။ ဥက္ကဋ္ဌနဲ့အတူနေကြပါလား။ ကျုပ်တို့ မခုခံရင် မပစ်ခတ်ရင်တောင် ဥက္ကဋ္ဌနဲ့အတူ အသေခံမယ်။ တစ်ကျင်းထဲ မြှုပ်ချင်မြှုပ်ကြပါစေဆိုပြီး နေခဲ့ကြပါလား။ ကျုပ်ပြောတာ ရှင်းတယ်မဟုတ်လား''

မည်သို့ဆိုစေ ... (၁၉၈၉)ခုနှစ် ဧပြီလ (၁၇) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီဌာနချုပ်ရုံးစိုက်ရာ ပန်ဆန်းသည် နိဂုံးချုပ်သွားပြီဖြစ်၏။ ဗကတို့၏ ရဲရဲနီသော တူတံဇင်အလံသည် ဘင်္ဂလားပင်လယ်အော်ထဲသို့ လွင့်စင်ကျသွားဖွယ် ရှိသည်။

နောက်ဆုံး၌ကား မြန်မာပြည်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီမှ ဗဟိုခေါင်းဆောင်ကြီးများသည် ကိုယ်စီကိုင်ဆောင်သော လက်နက်များအပြင် လက်နက်ခဲယမ်းကိုဒေါင်များကိုပါ ပစ်ထားခဲ့ရကာ တစ်ဖက်နိုင်ငံသို့ လက်လွတ်ထွက်ပြေးရခြင်းဖြင့် ပြည်ပြေးများဘဝ ရောက်ရှိခဲ့ရလေပြီတည်း။

□ □ □





**ဗကပ (၈၁၅) စစ်ဒေသနှင့် တပ်မဟာ (၇၆၈) ဗကပမှ ခွဲထွက်ခြင်း**

ပန်ဆန်းရှိ ဗကပဗဟိုကို 'ဝ'တိုင်းရင်းသားအုပ်စုက (၁၇–၄–၈၉)ရက်နေ့တွင် အာဏာသိမ်းယူလိုက်သည့်အခါ တပ်မဟာ(၅)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)နှင့် တပ်မဟာ(၁၂)တို့သည် ခွဲထွက် 'ဝ'အဖွဲ့သို့ ရောက်ရှိသွားပြီး တပ်မဟာ (၇၆၈)နှင့် (၈၁၅) စစ်ဒေသတို့သည် သီးခြားကျန်ရှိနေခဲ့သည်။ (၈၁၅) စစ်ဒေသသည် ဦးဖုန်ကြားရှင်၏ စည်းရုံးမှုကြောင့် ဗကပလက်အောက်မှ ခွဲထွက်ရန် ပြင်ဆင်ခဲ့သည်။ ပထမပိုင်းတွင် (၈၁၅)စစ်ဒေသမှ စိုင်းလင်းသည် ကိုးကန့်တိုင်းရင်းသားများ ဗကပအဖွဲ့အစည်းမှ ခွဲထွက်သွားပြီးနောက် အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ 'ဝ'အဖွဲ့က ဗကပဗဟိုကိုတော်လှန်ပြီး ဗကပဗဟိုကော်မတီဝင်များအား တစ်ဖက်နိုင်ငံသို့ မောင်းထုတ်လိုက်သောအခါ (၈၁၅)စစ်ဒေသမှူးစိုင်းလင်းသည် (၁၉–၄–၈၉)ရက်နေ့တွင် မိုင်းလားခရိုင်မှူးစံလင်းနှင့် မိသားစုကို ဖမ်းဆီးပြီး စစ်ဒေသတစ်ခုလုံးကို ထိန်းချုပ်ခဲ့ပြီး ဗကပခေါင်းဆောင်များ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားခဲ့သည်။ ထို့နောက် စိုင်းလင်းသည် (၈၁၅)စစ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ဗကပကို တော်လှန်ခွဲထွက်ကြောင်း ကြေညာပြီး နယ်မြေချင်းဆက်စပ်နေသော တပ်မဟာ (၇၆၈)သို့ပါ အသိပေးစည်းရုံးခဲ့သည်။ တပ်မဟာ (၇၆၈) တပ်မဟာမှူးလောင်ခမ်းသည် မိမိနယ်မြေကို ထိန်းချုပ်ပြီး အခြေအနေကို စောင့်ကြည့်နေရာမှ တပ်မဟာ (၇၆၈)သည် ရှမ်းတိုင်းရင်းသားအများစုပါဝင်သော တပ်မဟာဖြစ်၍ (၈၁၅) စစ်ဒေသနှင့် ပူးပေါင်းကာ ဗကပ၏ အုပ်စိုးမှုကို တွန်းလှန်ခဲ့သည်။

❑ ❑ ❑

**အက်စ်အက်စ်အေအဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အက်စ်အက်စ်အေအဖွဲ့ခေါင်းဆောင်ဦးဆေးထင်တို့ တွေ့ဆုံဆွေးနွေးကြသည်။ (၁၉၈၉)ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆေးထင်တို့ ထပ်မံတွေ့ဆုံဆွေးနွေးကြသည်။ (၁၉၈၉)ခုနှစ် အောက်တိုဘာလအတွင်းတွင် ဦးဆေးထင်သည် ယင်း၏ အက်စ်





အက်စ်အေတပ်ဖွဲ့အတွင်းရှိ လက်အောက်ခံတပ်များကို ပိုင်နိုင်စွာ စည်းရုံးသိမ်းသွင်းခဲ့သည်။ ထို့ပြင် ယင်း၏ နယ်မြေအတွင်းရှိ နယ်မြေလူထုက ဝမ်းမြောက်ဝမ်းသာကြိုဆိုထောက်ခံခဲ့သည်။ (၁၉၈၉) ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့တွင် နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆေးထင်တို့ ထပ်မံတွေ့ဆုံဆွေးနွေးသည်။

(၁၉၈၉) ခုနှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် အက်စ်အက်စ်အေအဖွဲ့မှ ဦးဆေးထင်တို့ တွေ့ဆုံဆွေးနွေးပြီး အက်စ်အက်စ်အေ အဖွဲ့တစ်ခုလုံး ဥပဒေဘောင်တွင်းသို့ ဝင်ရောက်မှုကို အတည်ပြုဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ စစ်မှန်သော စေတနာနှင့် မှန်ကန်သော လုပ်ငပ်များကို သိမြင်လာသော ဦးဆေးထင်ခေါင်းဆောင်သည့် အက်စ်အက်စ်ပီပီ (အက်စ်အက်စ်အေ) အဖွဲ့သည် (၁၉၈၉)ခုနှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ငြိမ်းချမ်းရေး ချယူ ပြီး တရားဥပဒေဘောင်တွင်းသို့ ဝင်ရောက်လာကာ နိုင်ငံတော်အစိုးရက ယင်းတို့နယ်မြေကို ရှမ်းပြည်မြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အထူးဒေသ(၃)အဖြစ် သတ်မှတ်၍ နိုင်ငံတော်အစိုးရနှင့် အတူ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ပူးပေါင်း ဆောင်ရွက်ခဲ့လေသည်။

❑ ❑ ❑

**ဒီမိုကရေစီသစ်တပ်မတော်(ကချင်) (ယခင်ဗကပ ၁၀၁ စစ်ဒေသအဖွဲ့) ဥပဒေဘောင်တွင်း ဝင်ရောက်ခဲ့ခြင်း နိဒါန်း**

ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းတွင် ကိုးကန့် တိုင်းရင်းသားအုပ်စုသည် ဗကပ (ဗဟို) မှ ခွဲထွက်ပြီး (၁၃–၃–၈၉) ရက်နေ့တွင် မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု MNDA အဖြစ် ဖွဲ့စည်းကာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ထို့အတူ ဝတိုင်းရင်းသားများကလည်း (၁၇–၄–၈၉)ရက်နေ့တွင် ပန်ဆန်း (ဗဟို)ကို တော်လှန်၍ ဗကပခေါင်းဆောင်များအား တစ်ဖက်နိုင်ငံအတွင်းသို့ မောင်းထုတ်ခဲ့ပြီး မြန်မာ အမျိုးသား သွေးစည်းညီညွတ်ရေးပါတီ MNSP အဖြစ် ထူထောင်၍ တပ်မတော်နှင့် အပစ်အခတ်ရပ်စဲကာ ဥပဒေဘောင်တွင်းသို့ ဝင်ရောက်ခဲ့သည်။ ကိုးကန့်နှင့် ဝတိုင်းရင်း





သားများသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး နောက် မကြာမီ ဗကပတပ်မဟာ (၇၆၈)နှင့် ကော် (၈၁၅)စစ်ဒေသတို့မှလည်း တပ်ဖွဲ့(၂)ခုပူးပေါင်း၍ ဗကပ နိုင်ငံရေးခေါင်းဆောင်များကို တော်လှန်ကာ နိုင်ငံတော် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်လာခဲ့သည်။ ယင်းအဖွဲ့ (၂) ဖွဲ့ ပူးပေါင်း၍ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့၊ ရှမ်းပြည်နယ် အရှေ့ပိုင်းစစ်ရေးနှင့် ဒေသန္တရ အုပ်ချုပ်မှုကော်မတီ NDAA အဖြစ်ဖွဲ့စည်းကာ (၃၀–၆–၈၉) ရက်နေ့တွင် ဥပဒေဘောင်တွင်းသို့ ဝင် ရောက်ခဲ့သည်။

အထက်ပါ ဗကပလက်အောက်ခံ တိုင်းရင်းသား အုပ်စုများ ဥပဒေဘောင်တွင်း ဝင်ရောက်လာသည့်အခါ ကချင်ပြည်နယ်မြောက်ပိုင်း၊ ပန်းဝါ၊ ကန်ဘိုက်တီးဒေသ တွင် အခြေပြုလျက်ရှိသည့် ဗကပ (၁၀၁) တပ်ဖွဲ့ကလည်း အလားတူ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးရယူရေး နှင့် တရားဥပဒေဘောင်တွင်း ဝင်ရောက်ရန် ဆက်သွယ် ကြိုးပမ်းလာခဲ့သည်။ ဗကပ (၁၀၁) တပ်ဖွဲ့သည် ဒီမို ကရေစီသစ်တပ်မတော် (ကချင်) NDA အဖြစ် ပြောင်းလဲ ဖွဲ့စည်းကာ (၁၅–၁၂–၈၉) ရက်နေ့တွင် တရားဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်တွင်းသို့ ဝင်ရောက်ခဲ့သည်။

❑ ❑ ❑

**ဗကပ (၁၀၁) တပ်ဖွဲ့၏ နောက်ခံသမိုင်း**

ဗကပ (၁၀၁) တပ်ဖွဲ့သည် ကေအိုင်အေ တပ်မဟာ (၂) မှ ခွဲထွက်၍ ဗကပညြဗာခံအဖြစ် ပေါ်ပေါက်လာသော ကချင်တိုင်းရင်းသားအုပ်စုတစ်ခု ဖြစ်သည်။ (၁၉၆၉)ခုနှစ်တွင် ကေအိုင်အေတပ်မဟာ (၂)မှူး ဇော်တူး၏ လက်အောက်ခံဖြစ်သော ဗိုလ်အဆင့်ရှိ စခုန်တိန်ယိန်းနှင့် လယောက်ဇေလွန်းတို့သည် ဇော်တူးနှင့် လူမှုရေးဆိုင်ရာ သဘောထားကွဲလွဲပြီး တစ်ဖက်တရုတ်နိုင်ငံအတွင်းသို့ ထွက်ပြေးသွားခဲ့ရာ တစ်ဖက်နိုင်ငံမှ ယင်းတို့အား သိမ်းသွင်း၍ လူ၊ လက်နက်တပ်ဆင်ပေးပြီး ဗကပတပ်ရင်းကြီး (၁၀၁) ဟု ဖွဲ့စည်းပေးခဲ့သည်။ (၁၉၇၉) ခုနှစ် ဩဂုတ်လမှစတင်၍ ဗကပတပ်ရင်း (၁၀၁)ကို ဗကပ (၁၀၁) စစ်ဒေသဟုလည်း ပြောင်းလဲဖွဲ့စည်းပြီး တရုတ်–မြန်မာနယ်စပ်ရှိ ကန်ဘိုက်တီးဒေသတွင် အခြေပြု





လှုပ်ရှားခဲ့သည်။ လက်အောက်ခံတပ်ရင်းအဖြစ် တပ်ရင်း (၁)နှင့် တပ်ရင်း(၂)ဟူ၍ ဖွဲ့စည်းခဲ့၏။ တပ်ရင်း(၁)သည် တန်ဘိုက်တီး၌ စစ်ဒေသဌာနချုပ်နှင့်အတူ ပူးပေါင်း၍ အင်အား (၆၀)ခန့်ဖြင့် အခြေပြုပြီး ကျန်အင်အား (၁၀၀) ကျော်ခန့်သည် ကွန်မှိုင်၊ ဆင်ကျိုင်တို့တွင် အခြေပြုလှုပ်ရှားခဲ့သည်။ တပ်ရင်း (၂)သည် မန်ကျီး၊ ချီဖွေ၊ ဆောလော၊ မန်ဆန်၊ နဖွန်ဘော်ဒေသများတွင် အခြေပြုလှုပ်ရှားခဲ့သည်။

❑ ❑ ❑

**ဗကပပြိုကွဲပြီးနောက် ဗကပ (၁၀၁) စစ်ဒေသတွင် ဗကပ (ဗဟို)ဌာနချုပ် ပြုလုပ်ရန် ဆောင်ရွက်ခဲ့ခြင်း**

ဗကပ(ဗဟို)သည် ခွဲထွက် 'ဝ'အဖွဲ့၏ အာဏာသိမ်းပိုက်ခြင်းခံရပြီးနောက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားခဲ့ကြရာမှ ဗဟိုကော်မတီဝင်များနှင့် မိသားစုဝင်များသည် ဗကပ(၁၀၁) စစ်ဒေသဌာနချုပ်တည်ရှိရာ ပန်းဝါ၊ ကန်ဘိုက်တီးသို့ တဖြည်းဖြည်း လာရောက်ပူးပေါင်းကြသည်။ ထိုသို့ လာရောက်ခိုလှုံနေထိုင်ရာမှ ဗကပ(၁၀၁) စစ်ဒေသတပ်မှူး စခုန် တိန်ယိန်းအား ဗကပနိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်မှုအဖွဲ့တွင် ပါဝင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ယင်းတို့နှင့် ပူးပေါင်းပါက ငွေကြေးနှင့် စစ်လက်နက်ပစ္စည်းများပါ ထောက်ပံ့မည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သော်လည်း စခုန်တိန်ယိန်းက တိကျစွာအဖြေမပေးပေ။ စခုန်တိန်ယိန်းသည် ဗကပဗဟိုကော်မတီဝင်များကို ပန်းဝါမှ (၂)မိုင်ခန့်ဝေးသော ဂျီလာပရွာပျက်တွင် အိမ်များဆောက်လုပ်နေစေခဲ့သည်။ (၁၉၈၉)ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ပန်းဝါ၌ ဗမာပြည် ကွန်မြူနစ်ပါတီတည်ထောင်သောနှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ဗကပ ဗဟိုကော်မတီအစည်းအဝေးပြုလုပ်ပြီး ပန်းဝါနယ်မြေကို ဗကပဗဟိုနယ်မြေအဖြစ် သတ်မှတ်ရေး၊ ဦးဆောင်ကော် မတီနှင့်ဗဟိုကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းရေး ရဲဘော်အောင် (ခေါ်) အသားမည်းမျိုးမြင့်ကို အလယ်ပိုင်းတာဝန်ခံအဖြစ် တာဝန်ပေးရေးနှင့် မြေအောက်လှုပ်ရှားမှုပြုလုပ်ရန်အတွက် စေလွှတ်ရေး၊ နိုင်ငံရေးဦးဆောင်အဖွဲ့တွင် စခုန်တိန်ယိန်းကိုကော်မတီဝင်အဖြစ် ခန့်အပ်ရေးများ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ သို့သော် စခုန်တိန်ယိန်းအနေဖြင့် ဗကပ၏ မက်လုံးပေးမှုများကို လက်မခံဘဲ နိုင်ငံရေးသဘောထား





ပြောင်းလဲလာခဲ့သည်။ ပန်းဝါသို့ ရောက်ရှိခဲ့ကြသော ဗဟိုအဖွဲ့သည် (၁၀၁) စစ်ဒေသ ခေါင်းဆောင် စခုန်တိန်ယိန်းအား ဗဟိုကော်မတီဝင်အဖြစ် မက်လုံးပေး၍ စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းခဲ့သော်လည်း ဗကပ ဗဟိုခေါင်းဆောင်များ၏ အကြံအစည်ကို သိရှိသော စခုန်တိန်ယိန်းနှင့် (၁၀၁) ခေါင်းဆောင်များက နိုင်ငံရေးသဘောထား ပြောင်းလဲခဲ့ပြီး ဗကပ ဗဟိုအား လက်မခံနိုင်တော့ကြောင်းကြေညာခဲ့ပါသည်။ ထိုအချိန်တွင် ပန်းဝါ၌ ဗဟိုအဖွဲ့နှင့်အတူ မြို့ပြတောခို ကျောင်းသားလူငယ်အများရှိသည်း လိုက်ပါနေခဲ့ကြ၏။ ထိုလူငယ်ပိုင်းမှ ပါတီ၏ လမ်းစဉ်ပေါ်လစီများကို ပြန်လည်ဆန်းစစ်ရန်၊ တိုင်းရင်းသားများ ခွဲထွက်ခြင်းတွင် မည်သူ၌ တာဝန်ရှိသည်ကို ဆန်းစစ်ရန်၊ အရှေ့မြောက်စစ်ဒေသ၏ အနှစ် (၂၀)ကြာ အုပ်ချုပ်မှုကို ပြန်လည်ဆန်းစစ်ရန်။ ခေါင်းဆောင်မှုတစ်ဦးချင်း၏ အရည်အချင်းများကို ပြန်လည်ဆန်းစစ်ရန်နှင့် အထွေထွေညီလာခံ/ နိဂုံးချုပ်ပြုလုပ်ပေးရန်တို့ကို တောင်းဆိုခဲ့ကြပါသည်။ သို့ရာတွင် ဗဟိုအဖွဲ့သည် တစ်စုံတစ်ရာ ဖြေရှင်းအရေးယူမှု လုံးဝပြုလုပ်မပေးခဲ့ချေ။

(၁၉၉၀)ပြည့်နှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ဗဟို



www.burmeseclassic.com

www.burmeseclassic.com



ကော်မတီဝင် ရဲဘော်ထွန်း၊ ရဲဘော်ဘသန်း၊ ရဲဘော်ကျော်မြတို့ (၃)ဦးခွဲ၍ ဗဟို၏ သဘောထားများကို ပန်းဝါ၌ရှိနေသူများအား ချပြရှင်းလင်းခဲ့ပါသည်။

**"ယခု အချိန်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီကို မြေအောက်ပါတီ တစ်ရပ်အဖြစ် ပြောင်းလဲ ဖွဲ့စည်းကြောင်း။ မြေအောက်လုပ်ငန်းတာဝန်ကို မိမိဆန္ဒအလျောက် မတောင်းဆိုသူများ၊ မြေအောက်လုပ်ငန်းနှင့် မသင့်လျော်သူများ၊ မြေအောက်လုပ်ငန်းအတွက် ခေါင်းဆောင်များမှ အသုံးမပြုလိုသူများအား တပ်ထွက်လက်မှတ်နှင့် ယွမ်ငွေ ၅၀၀ပေးမည်။ တပ်ထွက်လက်မှတ်နှင့် ငွေရရှိ ထွက်ခွာသူများသည် မိမိတို့ရောက်ရာနေရာတွင် ကွန်မြူနစ်ဝါဒများ ဆက်လက်ယုံကြည်နေဆဲဖြစ်ပါက မည်သည့်နေရာ မည်သည့်အခြေအနေတွင်ဖြစ်စေ မိမိသာလျှင် ပါတီအဖြစ်ခံယူ လှုပ်ရှားသွားရန်"**

ရှင်းပြခဲ့ပါသည်။ အများစုကကန့်ကွက်ခဲ့ကြသည်။ မကျေနပ်ကြသည့် အောက်ခြေရဲဘော်များသည် ရဲဘော်ဘသန်းနှင့် ရဲဘော် ကျော်မြတို့နေသည့် အိမ်များအား ညပိုင်းတွင် အော်ဟစ်ဆဲဆို၍ ခဲများဖြင့် ပေါက်ခဲ့ကြသည်။





ဗဟိုအဖွဲ့သည် (၁၀၁) စစ်ဒေသခေါင်းဆောင်များမှ ယင်းတို့အား လက်မခံတော့သည်ကိုသိရှိသည်နှင့် ၎င်းတို့၏မိသားစုများနှင့် မြေအောက်လုပ်ငန်းအတွက် လက်ရွေးစင်အချို့ကိုခေါ်ကာ ပန်းဝါမှ တစ်သုတ်ပြီး တစ်သုတ် တရုတ်ပြည် ထိန်ချုံးမြို့သို့ ထွက်ခွာခဲ့ကြပါသည်။ ကျန်ရှိသူများကို

**"မည်သူမဆို မိမိလျှောက်လိုသော လမ်းအား မိမိဆုံးဖြတ်ချက်ဖြင့် လျှောက်နိုင်ကြောင်း။ လက်နက်ချမည်ဆိုပါကလည်း လက်နက်ချနိုင်ကြောင်း ပါတီအနေဖြင့် တာဝန်မယူနိုင်တော့ကြောင်း"**

ပြော၍ ယွမ်ငွေ (၅၀၀)နှင့် တပ်ထွက်လက်မှတ်များ ပေးခဲ့ပါသည်။ ဆယ်စုနှစ် (၂)ခုနီးပါး ပါတီ၏ခေါင်းဆောင်ကြီးများအား မျက်စိစုံမှိတ်၍ ဘဝနှင့်အသက်ကိုပေးခဲ့ကြခြင်း၏ ရလဒ်ကား သေဆုံးသူများကို သင်္ဂြိုလ်ခါနီးဖတ်ကြားသည့် အမိန့်ပြန်တမ်းနှယ် နောက်ဆုံးတော့ "သင် သွားလိုရာ သွားနိုင်သည်"ဟုဆိုသည့် ဆုကြီးပါတကား။

၉. ၈. ၂၀၀၉

သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com



**မှိုင်းဗြမ်းကိုးကားသည့် စာအုပ်များ**

၁။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်
မှူးရုံး

၂။ တပ်မတော်သမိုင်း သတ္တမတွဲ
စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်
မှူးရုံး

၃။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း အမှတ်(၄)
ရဲဘော်သစ်မောင်

၄။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း အမှတ်(၅)
ရဲဘော်သစ်မောင်

၅။ ထို့ကြောင့် ဤသို့
တောခိုကျောင်းသား ဟောင်းများ

၆။ နှစ် ၅၀ တပ်မတော် ရွှေရတုစာစောင်

၇။ သခင်သန်းထွန်း၏နောက်ဆုံးနေ့များ ပထမတွဲ

၈။ သခင်သန်းထွန်း၏နောက်ဆုံးနေ့များ ဒုတိယတွဲ

မြရဟန်တာစာပေ

## **ထောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ**

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ဂုဏ္ဍိယခေါ် မန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မှုးမြစ်မှသည် ဧရာဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ

www.burmeseclassic.com

www.burmeseclassic.com

၁၆၊ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

၁၇၊ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

၁၈၊ ကုတ္တိယဝေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း

၁၉၊ အစ်ကိုတို့စစ်သား

၂၀၊ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)

၂၁၊ ကျွန်တော် ဂေါက်သီးသမား

၂၂။ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ

၂၃၊ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)

၂၄၊ ကပ္ပတိန်ကျော်ညွှန့်၏ ရွှန်တားစန်းများ

၂၅၊ အချစ်နဲ့ စစ်သား

၂၆၊ စစ်မြေဝေနီးက လွမ်းပုံပြင်

၂၇၊ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ

၂၈၊ မလွမ်းပို မငိုနဲ့နော်

၂၉၊ အမှတ်တရတိုက်ပွဲများ အမှတ်(၁)
ဝီဝီဝမ်တာယန်တိုက်ပွဲကြီး

၃၀၊ မြန်မာ့မြေမှ အင်္ဂလိပ် - ဂျပန်တိုက်ပွဲများ

၃၁၊ လူစွမ်းတကြီးကပ္ပတိန်စောနားမူး

## ယခုထွက်ရှိသည့်စာအုပ်

၃၂။ အမှတ်တရတိုက်ပွဲများ အမှတ်(၂)
မိုင်းယန်းတိုက်ပွဲ

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၃၃၊ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)

၃၄၊ တမ်းတမိသည် မြဒါလီ

www.burmeseclassic.com

www.burmeseclassic.com

အုပ်(၃၀)မြောက်အထူးထုတ်

# သောင်းဝေဦး

# မြန်မာ့မြေမှ အင်္ဂလိပ်ဂျပန်တိုက်ပွဲများ

စာမူခွင့်ပြုချက်အမှတ် ၃၁၀၀၇၂၁၀၀၈

ဂန္တဝင်မြောက်စစ်မှတ်တမ်းရှည်ကြီး

* ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ မှ ၁၉၄၅ အထိ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ တိုက်ပွဲများအကြောင်း။
* ကော့ကရိတ်တိုက်ပွဲ၊ မော်လမြိုင်တိုက်ပွဲ၊ စစ်တောင်းတံတားတိုက်ပွဲ၊ ရန်ကုန်မြို့သိမ်းတိုက်ပွဲ၊ တောင်ငူတိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲ၊ ရေနံချောင်းတိုက်ပွဲ၊ မိတ္ထီလာတိုက်ပွဲ၊ ကျောက်ဆည်တိုက်ပွဲ၊ မြစ်ကြီးနားတိုက်ပွဲ၊ အင်ဖာကိုဟီးမားတိုက်ပွဲစဉ်များ၊ ဟူးကောင်းတောင်ကြားတိုက်ပွဲနှင့် ရခိုင်တိုက်ပွဲစဉ်များအားလုံးပါဝင်သည်။
* စစ်သမိုင်းနှင့်စစ်စာပေလေ့လာနေသူများအတွက်သာမက တပ်မတော်မှအရာရှိသင်တန်းသားများအားလုံးအတွက် တိုက်ပွဲသုံးသပ်ချက်များကိုပါ [illegible] ထည့်သွင်းထားပါသည်။
* တိုက်ပွဲစဉ်အားလုံးအတွက် အသေးစိတ်အထား မြေပုံများနှင့် ဓာတ်ပုံများ [illegible] ပါရှိပါသည်။

စာမျက်နှာ(၇၀၀)ခန့် ပင့်ကူရင်းဆိုဒ်

မြရတနာစာပေ ။ ဖုန်း ၀၁-၃၇၉၇၇၃၊ ၀၁-၅၇၈၆၇၀

၁၉၈၆ နိုဝင်ဘာမှ ၁၉၈၇ ဖေဖော်ဝါရီထိ သုံးလနီးပါး ကြာမြင့်ခဲ့သည့် အရှေ့မြောက်ဒေသမှ ဗကပတို့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲကြီးအကြောင်း

# သောင်းဝေဦး

## အမှတ်တရ တိုက်ပွဲများ

## အမှတ် (၁)

## စီစီဝမ် တာပန် တိုက်ပွဲကြီး

စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၇၃၁၀၀၈

မြရတနာစာပေတွင် ရနိုင်ပါသည်။

မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀

www.burmeseclassic.com